# ကြေးမုံ

The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်၊ တနင်္လာနေ့၊ (28-9-2015) (၈၃၃၇)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။

ကုသလဿ ဉပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။

သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)

ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံ အတည်ပြု

နယူးယောက် စက်တင်ဘာ ၂၇

**အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပလျက်ရှိသော အကြိမ်(၇၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံအတွင်း စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိသော "၂၀၁၅ ခုနှစ်အလွန်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်"ကို အတည်ပြုချမှတ်ရန် ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံ ထိပ်သီးမျက်နှာစုံညီအစည်းအဝေး၏ ပထမနေ့တွင် ယင်းအစီအစဉ်အား ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံက တညီတညွတ်တည်း အတည်ပြုခဲ့ကြသည်။**

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

## အပူပိုင်းဒေသတွင် သောက်သုံးရေလုံလောက်စွာရရှိရေး ဂျပန်က ပံ့ပိုးကူညီမည်

ကျော်သဲအိမ်

အပူပိုင်းဒေသများဖြစ်သော မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် သောက်သုံးရေလုံလောက်စွာ ရရှိရေးစီမံကိန်းအတွက် ဂျပန်အစိုးရက ငွေကြေးအရ ထပ်မံပံ့ပိုးကူညီပေးရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို စက်တင်ဘာ ၂၄ ရက်က မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ ကိုယ်စားလှယ်ချုပ် မစ္စတာ ကိုင်ချီရိုနာကာဇာဝါတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

စီမံကိန်း၏ အဓိကရည်မှန်းချက်မှာ အဆင့်မြင့်ရေတွင်းများတူးဖော်ရာတွင် လိုအပ်သော ခေတ်မီပစ္စည်းများ အသုံးပြုနိုင်ရေး၊ အပူပိုင်းဒေသရှိ ပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိရေးနှင့် ဒေသခံများ လူမှုစီးပွားဘဝမြင့်မားလာရေးအတွက်ဖြစ်ကြောင်း၊ ယင်းရည်မှန်းချက်များ အထမြောက်ရေးအတွက် JICA သည် အပူပိုင်းဒေသများတွင် တူးဖော်မည့် အဆင့်မြင့်ရေတွင်း ၁၀၀ အတွက် မီးစက်များအပါအဝင် တူးဖော်မည့် စက်ပစ္စည်းကိရိယာများရရှိရေးတွင် ဂျပန်ယန်းငွေ တစ်ဘီလီယံကျော် ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဂျီအင်န်အယ်လ်အမ်)**



## သခွားမွှေးစိုက်ခင်း ဧကများစွာ စီးပွားဖြစ်စတင်စိုက်ပျိုး၊ ဒေသခံများ အလုပ်အကိုင်ရရှိ

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် တမာကုန်းကျေးရွာအနီး တံတားဦး လေယာဉ်ကွင်းသွားလမ်းဘေး အနီးတစ်ဝိုက်နှင့် ရန်ကုန်-မန္တလေးကားလမ်းဘေး ကားအဝင်/အထွက် ကောင်းမွန်သော နေရာတစ်ဝိုက်တွင် စီးပွားဖြစ်စိုက်ပျိုးထားသည့် သခွားမွှေးစိုက်ခင်းများစွာကို တွေ့မြင်နိုင်သည်။

စဉ့်ကိုင်မြို့နယ်တွင် ရာသီအမီ သခွားမွှေးစိုက်ခင်းဧကများစွာကို စီးပွားဖြစ် စနစ်တကျစတင်စိုက်ပျိုးနေသော စိုက်ခင်းများအကြောင်းနှင့် စိုက်ပျိုးနည်းများကို လေ့လာကြည့်ခဲ့ရာ "စိုက်ခင်းကတော့ ၁၂ ဧကစိုက်ပါတယ်။သခွားမွှေးစိုက်ဖို့ အတွက် ပထမဦးဆုံးမြေပြင်ပေးရပါတယ်။ ထယ်ရေးပြင်ပြီးတာနဲ့ ကိုယ်လိုချင်တဲ့ပေါင်ကို ကိုယ်လိုချင်တဲ့ပုံစံအတိုင်း စိုက်ပေါင်လုပ်ရပါတယ်။

"စိုက်ပေါင်စပြီး ပြင်နေတဲ့ကာလမှာပဲ သခွားမွှေးပျိုးပင်ကို ပျိုးပေးထားရတယ်။ ပျိုးပင်ကို ၁၂ ဧကအတွက်

**စာမျက်နှာ ၅ ကော်လံ ၁ သို့✳**



ဘဝကိုပျော်ရွှင်စွာ ဖြတ်သန်း
စာမျက်နှာ - ၂

နေထိုင်စားသောက်မှုပုံစံပြောင်းလဲခြင်းဖြင့် နလုံးသွေးကြောကျဉ်းဝေဒနာ လျှော့ချပါ
စာမျက်နှာ - ၆

ကုန်သွယ်မှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ဝက်ဘ်ဆိုက်ပေါ်တွင် ကြည့်ရှုနိုင်တော့မည်
စာမျက်နှာ - ၁၀



ခေတ်မီ၊ လှပ၊ စတိုင်ကျတဲ့ SMART. ဝမ်းတ် ရိုလာ ခြင်ဇကာ ကို တပ်ဆင်ပါ။



ခြင်ဇကာကို မလိုအပ်ချိန်တွင် ခေါင်ထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်၊

သံချေးတက်ခြင်း၊ ဆွေးမြေ့ခြင်း မရှိသော နိုင်ဘာ ဂလပ်(စ်) ခြင်ဇကာသား၊

ရန်ကုန် - 01 450 962
09 431 44178
09 79222 8860

မန္တလေး - 09 250 638 611
09 798 797 917

ပြတင်း/တံခါး ဆိုဒ်မျိုးစုံတွင် တပ်ဆင်ပေးနိုင်သည်။

အလူမီနီယမ်နှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

နဂါးနီ ဘရိတ်ဓါးဆူးကြိုးတပ်ဆင် ဖြန့်ချိရေး

| အမျိုးအစား | အခွေလွတ်ဈေး | တပ်ဆင်ပြီးဈေး |
|---|---|---|
| ဂါဗာနိုက် | ၆၀၀၀ ကျပ် | ၁၀၀၀၀ ကျပ် |
| စတီး | ၁၀၀၀၀ ကျပ် | ၁၅၀၀၀ ကျပ် |

တပ်ဆင်ပြီးဈေး = တိုင်၊ တန်း၊ ပစ္စည်းဖိုး၊ တပ်ဆင်ခနှင့် သယ်ယူစရိတ်အားလုံး ပါဝင်ပြီးဖြစ်သည်၊

သင့်လုံခြုံရေးအတွက် နဂါးနီ ကို တာဝန်ပေးပါ၊

အမျိုးအစားအလိုက် ဈေးနှုန်းမှန်ဖြင့် စနစ်တကျ တပ်ဆင်ပေးသည်။

Ph : 01 541 018, 09 79 656 9001, 09 79 656 9002

**ကြေးမုံစာတည်းရှုထောင့်** | **၂၈-၉-၂၀၁၅၊ တနင်္လာနေ့**

# ဘဝကိုပျော်ရွှင်စွာဖြတ်သန်း

မျက်မှောက်ကာလ လူမှုဘဝအခြေအနေမှန်ကို လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် ပျော်ရွှင်ချမ်းမြေ့ဖွယ်ဘဝများထက် စိတ်ညစ်ညူးဖွယ်၊ စိတ်ပျက်ဖွယ်ဘဝများက ပိုများမည်ဟု ထင်မြင်မိသည်။ လူတစ်ဦးချင်းစီဘဝအခြေအနေများကို မှန်မှန်ကန်ကန် စစ်ထုတ်ကြည့်မည်ဆိုပါက အဆိုပါထင်မြင်ချက်မှာ လက်ခံနိုင်ဖွယ်ရှိမည်။

ပတ်ဝန်းကျင်ကို ဖြတ်သန်းရာတွင်ဖြစ်စေ၊ လုပ်ငန်းခွင်တွင် ကျင်လည်ရာတွင်ဖြစ်စေ စိတ်အလိုမကျမှုများ၊ စိတ်အနှောင့်အယှက်ဖြစ်စရာများ၊ လွဲချော်မှုများ၊ မှားယွင်းမှုများ စသည့်အဆင်မပြေမှုများကို အနည်းနှင့်အများဆိုသလို ကြုံတွေ့ရတတ်ပါသည်။ ထိုသို့ကြုံတွေ့မှုများထဲတွင် ရိုးရှင်းသည့် နေ့စဉ်ကြုံတွေ့လေ့ရှိသည့်အဖြစ်မှာ အချိန်လုခြင်းပင်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့် ခေတ်ကာလတွင် အရာရာအတွက် မဖြစ်မနေအချိန်ပေး၊ အချိန်လုလာကြသည်။ ပြင်ပလောကအတွက် နိစ္စဓူဝကြုံတွေ့ရသော အချိန်ပေးနေရခြင်းသည်ပင် စိတ်ဖိစီးစရာဖြစ်လာသည်။ အထူးသဖြင့် ရန်ကုန်မြို့ကြီးကဲ့သို့ လူဦးရေများပြားပြီး ယာဉ်ကြောထူထပ်သည့် မြို့ကြီးများတွင် အချိန်ပေးရခြင်းသည်ပင် လူတစ်ဦးချင်းစီအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာသည်။

လုပ်ငန်းခွင်များတွင်လည်း ထိုနည်းလည်းကောင်းပင်။ အချိန်ကိုက်ဖြစ်စေရေး၊ အမှားအယွင်းကင်းစင်ရေး၊ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီရေး၊ ညွှန်ကြားထားချက်နှင့် ညီညွတ်ရေး၊ ပေါ့လျော့မှုမဖြစ်ရေး၊ လုပ်မှားကိုင်မှားမဖြစ်ရေး စသည့် အလုပ်ခွင်ဆိုင်ရာ သတ်မှတ်ချက်များအား သတိကြီးစွာ ထားကြရသည်။ ထိုအခါ လွဲချော်မှုဖြစ်မည်ကို လိုသည်ထက်ပို၍ ကြောက်နေမိတတ်သည်။ သို့မဟုတ် အရည်အချင်းစံချိန်စံညွှန်းမပြည့်မီသဖြင့် ထူးမခြားနားဖြစ်တတ်သည်။

ထိုအချက်များကပင် မိမိတို့ကိုယ်တိုင် မည်သို့လုပ်ကိုင်ရမည်၊ မည်သို့စဉ်းစားရမည်၊ မည်သို့စွန့်စားရမည်၊ မိမိတို့၏ လုပ်နိုင်ကိုင်နိုင်စွမ်းနှင့် အစွမ်းအစအပေါ် မည်သို့ယုံကြည်စိတ်ထားရမည်စသည့် မိမိတို့၏ ကိုယ်ပိုင်လုပ်ကိုင်နိုင်စွမ်း၊ ထိုးထွင်းတီထွင်နိုင်စွမ်း စိတ်တို့ကို ထုံထိုင်းသွားစေသည်။ အခြားတစ်မျိုးတွင် လုပ်ငန်းခွင်ပဋိပက္ခ၊ လုပ်ငန်းခွင်အယူအဆ ကွဲလွဲမှုများကလည်း လုပ်ကိုင်လိုစိတ်ကို တုံ့ဆိုင်းသွားစေသည်။

ယင်းတို့ကို ဖြေရှင်းရာတွင် စိတ်ထားမှန်ကန်ဖို့လိုသည်။ အမှန်တွင် နှစ်ဖက်အမြင်ဖြင့် တွေးသင့်သည်။ တစ်ဖက်က မပြောင်းလဲနိုင်လျှင် အခြားတစ်ဖက်က ပြောင်းလဲနိုင်ရမည်။ လုပ်မှုကိုင်မှုများကြောင့် ပြောကြဆိုကြရာတွင် မိမိစိတ်နှင့်မတွေ့တိုင်း စိတ်မထိခိုက်မိဖို့လိုသည်။ တစ်ဖက်က ဒေါသနှင့်ပြုလာလျှင် ပြဿနာအဖြစ် မခံယူပါက စိတ်သက်သာရာရသွားနိုင်သည်။ ဒေါသနောက်သို့ မိမိကပါ လိုက်ပါသွားလျှင် မခံနိုင်မှုသာမက စိတ်ဓာတ်ကျမှုပါ ဖြစ်ပေါ်လာမည်။

တတ်နိုင်သရွေ့ မိမိစိတ်နှင့်ကိုယ်ကို ထားတတ်အောင် နေထိုင်သွားပါက စိတ်သက်သာရာ ရစေနိုင်သည်။ ပြီးမှသာ မိမိကိုယ်ကို အတတ်နိုင်ဆုံး၊ အကောင်းဆုံး ပြုပြင်တည့်မတ်သင့်သည်။ တရားသဘော၊ တရားအသိအရ အဆိုးနှင့်ကြုံကြိုက်သည့်အခါ မိမိကိုယ်ကို သုံးသပ်ဆင်ခြင်၍ ထိုအဆိုးကြောင့်ပင် စိတ်ဓာတ်ရင့်ကျက်သူ၊ အသိဉာဏ်ရင့်ကျက်သူ၊ ပိုမိုသဘောထားကြီးသောသူ၊ ပိုမိုသည်းခံနိုင်သူဖြစ်အောင် ကြိုးပမ်းအားထုတ်နိုင်ပါလျှင် စိတ်ချမ်းသာခြင်းကို အလိုလိုရရှိလာနိုင်မည်ဖြစ်သည်။

လောကတွင် လူတို့အနေဖြင့် ထိခိုက်နစ်နာသည်၊ ဆုံးရှုံးသည်ဟု ဆိုတတ်ကြသည်။ အမှန်တွင် မထိခိုက်ပါ၊ မနစ်နာပါ၊ ထိခိုက်နစ်နာဆုံးရှုံးမှုကြုံတွေ့ရပါက အသစ်တစ်ဖန်ပြန်လည်စတင်ကာ အောင်မြင်အောင် ဆက်လက်ကြိုးစားရန်သာဖြစ်သည်။ ဆုံးရှုံးမှုကို အရှုံးဟုမသတ်မှတ်ဘဲ အရှုံးထဲမှ အမြတ်ထွက်အောင် ကြိုးပမ်းအားထုတ်သင့်သည်။

စိတ်ပျက်လက်လျှော့ခြင်းအစား မြင့်မြတ်သောစိတ်ထားကာ အကောင်းဆုံးစိတ်ထား၊ အကောင်းဆုံးအသိဉာဏ်များနှင့် သည်းခံခြင်းစိတ်ကိုမွေးနိုင်သောသူ၊ အားထုတ်နိုင်သောသူသည် စိတ်ဖိစီးခြင်းများမှ ကင်းလွတ်ကာ လူ့ဘဝတွင် အကောင်းဆုံးနေထိုင်နိုင်ပြီး အောင်မြင်ခြင်းများအား ရရှိပိုင်ဆိုင်နိုင်မည်ဟု အကြံပြုအပ်ပါသည်။ ။

## မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ အင်္ဂလန်နိုင်ငံအခြေစိုက် ကုမ္ပဏီနှင့် University of Surrey တို့အကြား ပူးပေါင်းဆောင်ရွက်ရေးလက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၂၇**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်နှင့် အင်္ဂလန်နိုင်ငံအခြေစိုက် Surrey Satellite Technology Ltdနှင့် University of Surrey တို့အကြား ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၇ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် အာကာသနည်းပညာနှင့် အသုံးချမှုများကို သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ပညာရေး၊ ကျန်းမာရေး၊ သတင်းအချက်အလက်၊ ပတ်ဝန်းကျင်နှင့် သစ်တောထိန်းသိမ်းရေး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် မိုးလေဝသနှင့်ဇလဗေဒအစရှိသော ကဏ္ဍပေါင်းစုံတွင် မရှိမဖြစ် အသုံးပြုလာပြီဖြစ်၍ အာကာသနည်းပညာနှင့် ၎င်း၏ အသုံးချမှုများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလေးအနက်ထား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် အင်္ဂလန်နိုင်ငံ Surrey Satellite Technology Ltd. နှင့် University of Surrey တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲသည် အမျိုးသားအာကာသ အစီအစဉ်၏ ပထမခြေလှမ်းဖြစ်သည့် အပြင် အာကာသနည်းပညာနှင့် အသုံးချမှုများသည် အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ အကျိုးရှိမည့် ဆောင်ရွက်ချက်များကို အာကာသနည်းပညာနှင့် အသုံးချမှုများကို အသုံးပြု၍ လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။

ထို့နောက် Introduction to Satellite Technology Sir Martin sweetingနှင့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်သွင်တို့က မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်နှင့် အင်္ဂလန်နိုင်ငံအခြေစိုက် Surrey Satellite Technology Ltd. နှင့် University of Surrey တို့အကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုအား လက်မှတ်ရေးထိုးကြသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှု လက်မှတ်ရေးထိုးပွဲသည် မြန်မာနိုင်ငံတွင် အာကာသနည်းပညာဆိုင်ရာ အသုံးချမှုများနှင့် ဂြိုဟ်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံလိုအပ်ချက်များကို ပူးပေါင်းလေ့လာဆောင်ရွက်သွားနိုင်ရန်ဖြစ်သည်။

**(သတင်းစဉ်)**

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

ထားဝယ်တိုင်းရင်းသားများပါတီနှင့် ဖက်ဒရယ်ပြည်ထောင်စုပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၈ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ၂၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

နိုင်ငံရေးပါတီများအား တစ်နေ့လျှင် သုံးပါတီဖြင့် အလှည့်ကျ စည်းရုံးဟောပြောခွင့်ပြုလျက်ရှိရာတွင် ကချင်ဒီမိုကရက်တစ်ပါတီ အနေဖြင့် လာရောက်ဟောပြောခြင်း မပြုခဲ့၍ ထုတ်လွှင့်ဖော်ပြနိုင်မှုမရှိခြင်း ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**(သတင်းစဉ်)**



## ကြွေသီးကွဲများအားလဲလှယ်ခြင်းနှင့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**မကွေး စက်တင်ဘာ ၂၇**

မကွေးမြို့ပေါ် မိုးတွင်းကာလ ဓာတ်အားလျှပ်စစ်ဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိနိုင်ရေး ယူနစ်ပျောက်ဆုံးမှု လျော့နည်းကျဆင်းခြင်းနှင့် ဝင်ငွေတိုးတက်ရရှိနိုင်ရေးအတွက် ရည်ရွယ်၍ မကွေးမြို့ပေါ်တွင် စက်တင်ဘာလဆန်းပိုင်းမှ စတင်၍ မကွေးမြို့ပေါ်ရှိ ဓာတ်အားဖြန့်ဖြူးပေးနေသော ၁၁ ကေဗွီ မကွေးဖီဒါ၊ ဆည်မြောင်းဖီဒါ၊ တင့်ကားဖီဒါနှင့် ဆေးတက္ကသိုလ်ဖီဒါတို့ကို ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင် သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ကြွေသီးကွဲများ အသစ်လဲလှယ်ခြင်း လုပ်ငန်းများအား ခရိုင်လျှပ်စစ်အင်ဂျင်နီယာဦးအေးဝင်းက အနီးကပ်ကြီးကြပ်ပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းထိုက်မွှေးနှင့် လိုင်းဝန်ထမ်းများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။



လက်ရှိ ကြွေသီးကွဲအလုံး ၃၅၀ လဲလှယ်ခြင်းနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ခြင်းအား စက်တင်ဘာ ၂၆ရက်တွင် ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့ခြင်းဖြင့် ပြည်သူများအနေဖြင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေခြင်း၊ သစ်ကိုင်း သစ်ပင်များမှတစ်ဆင့် လျှပ်စစ်ဓာတ်အားများ မြေကြီးအတွင်း ဝင်ရောက်မှုကြောင့် ဖြစ်ပေါ်လာသော လျှပ်စစ်ယူနစ် ပျောက်ဆုံးမှု လျော့နည်း ကျဆင်းစေခြင်း၊ ဓာတ်အားပြတ်တောက်မှု အကြိမ်ရေ လျော့နည်း ကျဆင်းသွားပြီး ဓာတ်အား စဉ်ဆက်မပြတ် ရရှိစေခြင်း၊ ယူနစ်ပျောက်ဆုံးမှုများ လျော့နည်း ကျဆင်းစေသကဲ့သို့ လျှပ်စစ်ဓာတ်အားမှ တိုင်းပြည် ဝင်ငွေတိုးတက် ရရှိစေနိုင်မည် ဖြစ်ကြောင်း ခရိုင်လျှပ်စစ် အင်ဂျင်နီယာ ဦးအေးဝင်းက ပြောသည်။

လက်ရှိ မကွေးမြို့ပေါ်တွင် ထရန်စဖော်မာများ အနေဖြင့် လျှပ်စစ်ဌာနပိုင် ၃၇လုံး၊ အခြားဌာနပိုင် ၈၃လုံး၊ သာသနာပိုင် ၄လုံး၊ ပုဂ္ဂလိကပိုင် ၄၉လုံး၊ မြို့နယ်ကျေးရွာပိုင် ၁၁လုံး စုစုပေါင်း ၁၇၅ လုံး တည်ဆောက်ထားပြီး ဖြစ်ကြောင်း သိရသည်။

**(ကျော်ဇေယျ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

# (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်ကြည်ညို



**ရန်ကုန် စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင် အဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသင်းများ(ရန်ကုန်)၏ (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသင်းများမှ အသင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)၏ ဒုတိယပါမောက္ခချုပ် ဆရာတော် မဟာဂန္ထဝါစက ဒေါက်တာဘဒ္ဒန္တ စန္ဒာဝရာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ် တရားတော်များ ရွတ်ပွား ချီးမြှင့်ကြပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အောင်ဆန်းတောရ တပ်ဦးကျောင်းဆရာတော် မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရထံမှ အနုမောဒနာ တရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**



# အာရှနှင့် ပစိဖိတ်ကင်းထောက်များ မြန်မာကင်းထောက်များနှင့် တွေ့ဆုံ တက္ကသိုလ်နှင့်ကျောင်းများသို့ သွားရောက်လေ့လာ

**ရန်ကုန် စက်တင်ဘာ ၂၇**

အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ညွှန်ကြားရေးမှူး Mr. J.Rizal C. Pangilinan နှင့် ကင်းထောက် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတု အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ယာယီကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့် ကင်းထောက်အဖွဲ့ဝင်များအား တွေ့ဆုံပြီး ကင်းထောက်အဖွဲ့များကို နိုင်ငံအနှံ့ဒေသများတွင် ယခုထက် ပိုမိုတိုးချဲ့ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံများနှင့်ကင်းထောက်လုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အမြင်ချင်းဖလှယ်ကြသည်။

ထို့နောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းသို့ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ်သို့ လည်းကောင်း၊ ညနေပိုင်းတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကမာရွတ်မြို့နယ်သို့ လည်းကောင်း သွားရောက်ပြီး တက္ကသိုလ်အဆင့်၊ အခြေခံပညာအဆင့် ဖွဲ့စည်းထားရှိသော ကင်းထောက်အဖွဲ့ဝင် ကျောင်းသားလူငယ်မောင်မယ်များနှင့် တွေ့ဆုံခြင်း၊ ကင်းထောက်လူငယ်များ၏ ကင်းထောက်ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို ကြည့်ရှုခဲ့ပြီး ကင်းထောက်ဆိုင်ရာလုပ်ငန်းစဉ်များကို လေ့လာခဲ့ကြသည်။

**(ပညာရေး)**

**●ရုပ်သေးပညာရပ်မှ**

ကျွန်တော်တို့ကတော့ ဆက်ထိန်းထားပါသေးတယ်။ ငပလီမှာဆိုရင် ကျွန်တော့်သမီး ကတယ်။ ပုဂံမှာဆိုရင်လည်း ကျွန်တော့်အဒေါ် ကတယ်။ ကျွန်တော်ကတော့ ဒီနန္ဒာ စားသောက်ဆိုင်မှာပဲ ကပါတယ်။ တခြားဟိုတယ်တွေ၊ စားသောက်ဆိုင်တွေက ဧည့်သည်ကြည့်ချင်လို့ လာငှားရင်တော့ လိုက်ကပါတယ်"ဟု ရုပ်သေးပညာရှင် ဦးစိန်မြင့်အောင်က ရှင်းပြသည်။

ရုပ်သေးပညာရပ်ကို ကုန်းဘောင်မင်းဆက် စဉ့်ကူးမင်းလက်ထက်တွင် ပေါ်ပေါက်ခဲ့သည်ဟု သိရပြီး ရုပ်သေးရုပ်များကို ယမနေသား၊ ပဥ္စနေသား၊ ဧကရာဇ်သား စသည်တို့ဖြင့် ထွင်းထုကြောင်းသိရသည်။ ရုပ်သေးပွဲတွင် ပါဝင်သော လူ၊ နတ်၊ ဘုရင်၊ တိရစ္ဆာန်အားလုံးဇာတ်စင်၏လက်ဝဲ၊ လက်ယာ၊ အပေါ်၊ အောက် မည်သူက မည်သည့်နေရာမှ ထွက်ရမည်ဟူသည့် ဥပဒေသများရှိကြောင်းလည်း သိရသည်။

ဆက်လက်၍ ရုပ်သေးပညာကို အသက်မွေးဝမ်းကျောင်းပညာတစ်ခုအဖြစ် အသုံးချခဲ့မှုနှင့် ရုပ်သေးပညာရပ်အပေါ် ခံယူချက်နှင့် ပတ်သက်ပြီး ဦးစိန်မြင့်အောင်က"ကျွန်တော် ဒီနန္ဒာစားသောက်ဆိုင်မှာ ရုပ်သေးကတာနှစ် ၂၀ လောက် ရှိသွားပြီ။ ပုဂံမှာတော့ ကျွန်တော့်မိသားစုရယ်၊ ဦးလေးတွေရယ်ပဲ ကပါတယ်။ ကျွန်တော်ကနေတဲ့ သက်တမ်းကတော့ ကျွန်တော် ၁၂ နှစ်သားကတည်းကပါ။ ဒီနန္ဒာစားသောက်ဆိုင်တည်ထောင်လိုက်တော့ ပုံမှန်လခစားဖြစ်သွားတာပါ။ ရုပ်သေးပညာနဲ့ပတ်သက်ပြီး ကျွန်တော့်ခံယူချက်ကိုပြောရရင် ဒီပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုရတဲ့ကျေးဇူးရယ်၊ ပြီးတော့ ကျွန်တော့အဘရဲ့ ပညာကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားမယ်လို့ ခံယူထားပါတယ်။ အခုဒီဆိုင်မှာ ကနေတယ်ဆိုပေမယ့် ကျန်တဲ့နေရာလည်း ကမှာပါပဲ"ဟု ရှင်းပြခဲ့သည်။

ရုပ်သေးတွင် ရုပ်စုံအကဖြစ်သည့် ခုနစ်ထွေအကကို အများဆုံးကပြကြပြီး ခုနစ်ထွေအကအပြင် ဦးရွှေရိုးအက၊ ကရင်အက၊ ရှမ်းအက၊ မင်းထက်ပြိုင်အက စသည်ဖြင့် ၁၂ ထွေအကအထိ တိုးချဲ့ကပြလျက်ရှိကြောင်း ဦးစိန်မြင့်အောင်က "ရုပ်သေးမှာ ခုနစ်ထွေအကဆိုတာ ရှိပါတယ်။ ခုနစ်ထွေအကဆိုတာ ရုပ်စုံအကကို ဆိုလိုတာဖြစ်ပြီး ၁၂ ထွေအကအထိ ထည့်ပြီးကလာခဲ့ကြတယ်။ ၁၂ ထွေမှာ ရုပ်သေးအကရဲ့ ပုံမှန်ကရိုးကစဉ်ထက် မြန်မာ့ရိုးရာ အကတွေကိုပါ ထည့်ကတာကို ပြောတာပါ။ ရှင်ပြုပွဲတွေဆိုရင် ဦးရွှေရိုးအကထည့်တယ်။ အလှည့်တွေပါရင် သူငယ်တော်အကတွေအပြင် ကရင်ဒုံးယိမ်း၊ ရှမ်းအိုးစည်အကစတဲ့ အကမျိုးတွေကိုလည်း ထည့်ကပါတယ်။ အဲဒါလည်း ရုပ်သေးအကကို ပိုပြီးစိတ်ဝင်စားအောင်ကပြတာပါ"ဟု ပြောပြသည်။

ရုပ်သေးပညာပျောက်ကွယ်သွားမှုနှင့် မျိုးဆက်မပြတ်ဆက်လက်ထိန်းသိမ်းနိုင်ရေးတို့နှင့် ပတ်သက်၍ ဦးစိန်မြင့်အောင်က "ရုပ်သေးပညာက အပြင်မှာပျောက်ကွယ်သွားတာ အင်္ဂလိပ်တွေပြေးကတည်းက ပျောက်ကွယ်သွားတာပါ။ ဒါပေမယ့် ဒီပညာကို ပျောက်ကွယ်သွားပေမယ့် မတိမ်ကောစေရဘူးဆိုပြီး ကျွန်တော့်အဘက အပင်ပန်းခံပြီးဆက်လက်ထိန်းထားတာပါ။ အခုမြန်မာပြည်အထက်ပိုင်းမှာဆိုရင် မန္တလေးမှာ ဒေါ်မမနိုင်၊ ရွှေဘိုမှာ ဦးတင်အောင် စတဲ့ ပညာရှင်ကြီးတွေရှိပါသေးတယ်။ ဒါပေမယ့် ဒီရုပ်သေးပညာကို လက်ဆင့်ကမ်းယူမယ့်သူကနည်းနေတယ်။ အဲဒီရုပ်သေးပညာရှင်ကြီးတွေ မရှိရင် တိမ်မြုပ်သွားမှာစိုးရတယ်။ ကျွန်တော်တို့မိသားစုကဆက်ထိန်းထားတယ်ဆိုပေမယ့်တစ်ဦးတစ်ယောက်တည်းထိန်းလို့မရဘူး။ အခုတော့ ရုပ်သေးပညာကို မျိုးဆက်မပျက်သွားအောင်ဆိုပြီး တပည့်လေးတွေကို ဆက်ပြီးလက်ဆင့်ကမ်းသင်ပေးနေပါတယ်"ဟု ဆိုသည်။





**ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်၌ စပါးသီးဖျက် ဖြုတ်ပိုးနှင့် အခြားပိုးမွှားရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး ပညာပေးဆွေးနွေးခြင်းနှင့် လက်တွေ့နှိမ်နင်းပြသခြင်းကို စက်တင်ဘာ ၂၁ ရက်က စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်လွင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်စဉ်။** (ရဲထွဋ်)

**○ကျောဖုံးမှ**

လွန်ခဲ့သည့် ၁၉၄၆ ခုနှစ်၊ ၁၉၆၄ ခုနှစ်နှင့် ၁၉၈၂ ခုနှစ်တို့တွင် ဖြစ်ပေါ်ခဲ့ဖူးသေးသည်။

နောက်တစ်ကြိမ်မှာ ၂၀၃၃ ခုနှစ်ရောက်မှ တွေ့နိုင်မည်ဖြစ်၍ ကြုံခဲသော ဖြစ်စဉ်ဟုဆိုရမည်။ ထိုဖြစ်စဉ်ကြောင့် ပင်လယ်ဒီရေမှာ ပုံမှန်ထက်ထူးကဲစွာ မြင့်တက်လာဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက ပြောကြားသည်။ မြန်မာနိုင်ငံအနေဖြင့် ဒီရေတက်မှုမှလွဲ၍ အခြားသက်ရောက်မှုတစ်စုံတစ်ရာမရှိနိုင်ဟု မိုးလေဝသပညာရှင်များက ပြောသည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

# ဂျပန်၊ ဂျာမနီ၊ အိန္ဒိယနှင့်ဘရာဇီးနိုင်ငံတို့ လုံခြုံရေးကောင်စီ ပြန်လည်ဖွဲ့စည်းရန် ကြိုးပမ်း

**နယူးယောက် စက်တင်ဘာ ၂၇**

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၊ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်၊အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် ဘရာဇီးသမ္မတ ဒယ်မာ ရောဆပ်ဖ်တို့သည် လေးပွင့်ဆိုင်ထိပ်သီးအစည်းအဝေးတစ်ရပ်ကို နယူးယောက်မြို့တွင် ကျင်းပခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီပြန်လည်ဖွဲ့စည်းရန် ကြိုးပမ်းချက်များကို နှစ်ဆတိုးမြှင့်မည်ဖြစ်ကြောင်း ကတိပြုခဲ့ကြသည်။

ဂျပန်၊ ဂျာမနီ ၊အိန္ဒိယနှင့်ဘရာဇီးနိုင်ငံတို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်လာနိုင်စေရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်လျက်ရှိသည်။

အဆိုပါလေးပွင့်ဆိုင်ထိပ်သီး အစည်းအဝေးသည် ၁၁ နှစ်အတွင်း ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေးတွင် ယခုနှစ်သည် ကုလသမဂ္ဂအဖွဲ့အစည်းစတင်တည်ထောင်ခဲ့သည့် နှစ်(၇၀) ပြည့်နှစ်ဖြစ်သည့်အပြင် ၂၁ ရာစုပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရာတွင် ထိရောက်မှုရှိစေရန် လုံခြုံရေးကောင်စီကို ပြန်လည်ဖွဲ့စည်းစေမည့်အခွင့်အရေးတစ်ရပ်ကို ၎င်းတို့အနေဖြင့် ရရှိမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ထိုအခွင့်အရေးကို အမိအရ ဖမ်းဆုပ်နိုင်စေရန် ၎င်းတို့လေးနိုင်ငံအနေဖြင့် အာဖရိကနိုင်ငံများနှင့် စည်းလုံးညီညွတ်မှုရှိရန် လိုအပ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ဆက်လက်ပြောသည်။

ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရာတွင် အကျိုးရှိစွာလုပ်ဆောင်နိုင်သည့်ကောင်စီတစ်ခု လိုအပ်ကြောင်း လေးနိုင်ငံခေါင်းဆောင်များ၏ သဘောထားများကို အစည်းအဝေးပြီးနောက် ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

၂၀၀၅ ခုနှစ်က လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်အဖြစ် လေးနိုင်ငံပူးပေါင်းပြီး အဆိုတစ်ရပ်တင်သွင်းခဲ့သော်လည်း ၎င်းတို့အဆိုကို ဗီတိုအာဏာဖြင့်ပယ်ချခဲ့သည်။ ယခုအချိန်တွင် ဂျပန်အစိုးရက အာဖရိကနိုင်ငံများအပါအဝင် အခြားနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး လုံခြုံရေးကောင်စီပြန်လည်ဖွဲ့စည်းရေးအတွက် ကြိုးပမ်းမည်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်အေးချမ်းရေးအတွက် ဂျပန်အစိုးရ၏ ဆောင်ရွက်ချက်များကို ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ကုလသမဂ္ဂထိပ်သီးအစည်းအဝေးတွင် ဖွံ့ဖြိုး




တိုးတက်ရေးဆိုင်ရာ မိန့်ခွန်းထဲတွင် အထက်ပါ အကြောင်းအရာများကို ထည့်သွင်းပြောကြားမည်ဖြစ်သည်ဟု ဝန်ကြီးချုပ်က ဆိုသည်။

ထို့ပြင် နယူးယောက်မြို့တွင်ရှိနေစဉ် ကမ္ဘာ့ထိပ်သီး ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောသည်။

**အင်န်အိတ်ချ်ကေ။**

# နိုင်ဂျီးရီးယားနိုင်ငံ၌ ပိုလီယိုပိုင်းရပ်စ်ပိုးကင်းစင်ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကြေညာ

**အဘူဂျာ စက်တင်ဘာ ၂၇**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ဂျီးရီးယားနိုင်ငံသည် ပိုလီယိုရောဂါ ကူးစက်မှု မရှိတော့သည့်အတွက် ပိုလီယိုရောဂါ ကင်းစင်နိုင်ငံအဖြစ် ကြေညာခဲ့ကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံသည် ၂၀၁၄ ခုနှစ်ကစပြီး ယခုအချိန်ထိ နိုင်ငံအတွင်းတွင် ပိုလီယိုပိုင်းရပ်စ်ပိုးကူးစက်မှုမရှိတော့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စက်တင်ဘာ ၂၅ ရက်ကဆိုသည်။

၂၀၁၂ ခုနှစ်က နိုင်ဂျီးရီးယားနိုင်ငံတွင် ပိုလီယိုပိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၂၂ ဦးရှိခဲ့သော်လည်း နိုင်ငံအတွင်း ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့်ဆေးထိုးခြင်းများကြောင့် ရောဂါကို ထိန်းချုပ်နိုင်ခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံသည် ပိုလီယိုပိုင်းရပ်စ်ပိုးကင်းစင်သည့်နိုင်ငံအဖြစ် ရောက်ရှိသွားပြီ ဖြစ်သော်လည်း အာဖဂန်နစ္စတန်နှင့်ပါကစ္စတန်နိုင်ငံများတွင် ပိုလီယိုပိုင်းရပ်စ်ပိုး ကူးစက်မှုများရှိနေသေးသည်။

ယခုနှစ် စက်တင်ဘာလအထိ အာဖဂန်နစ္စတန်နှင့်ပါကစ္စတန်နိုင်ငံတို့တွင် ပိုင်းရပ်စ်ပိုးကူးစက်မှု ၄၂ ခု ဖြစ်ပွားခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံများတွင် ကလေးများကို ပိုလီယိုရောဂါကာကွယ်ဆေး လိုက်လံတိုက်ကျွေးကြသည့် ကျန်းမာရေးလုပ်သားများကို စစ်သွေးကြွများက မကြာခဏ ဖမ်းဆီးသတ်ဖြတ်မှုများ ရှိခဲ့သည်။

ကမ္ဘာတစ်ဝန်း ပိုလီယိုပိုင်းရပ်စ်ပိုး တိုက်ဖျက်ရေး အစွမ်းကုန်ကြိုးပမ်းကြရန်လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ။**



# ရာသီဥတုပြောင်းလဲမှု ဆိုးကျိုးများကြောင့် အာရှဖွံ့ဖြိုးရေးဘဏ် ရန်ပုံငွေတိုးမြှင့်သုံးစွဲမည်

**မနီလာ စက်တင်ဘာ ၂၇**

အာရှ-ပစိဖိတ်ဒေသနိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်နိုင်သော အကျိုးသက်ရောက်မှုများမှ သက်သာလျော့နည်းစေရေးအတွက် စီမံကိန်းများ တိုးမြှင့်ဆောင်ရွက်နိုင်စေရန် အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)က ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ တစ်နှစ်လျှင် ဒေါ်လာ ခြောက်ဘီလီယံအထိ နှစ်ဆ တိုးမြှင့်သုံးစွဲမည်ဖြစ်ကြောင်း ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အာရှနှင့် ပစိဖိတ်ဒေသ၌ ရာသီဥတုပြောင်းလဲမှု ပြဿနာထက် ပိုမိုအရေးကြီးသည့် ပြဿနာမရှိကြောင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၊ ရေခဲမြစ်များ အရည်ပျော်ဆင်းမှု၊ ရေလွှမ်းမိုးခြင်းနှင့် မိုးခေါင်ခြင်းတို့ကဲ့သို့ ထူးခြားလွန်ကဲသည့် ရာသီဥတုဖြစ်စဉ်များ တွေ့ကြုံရမှုတို့ကို အာရှ-ပစိဖိတ်ဒေသနိုင်ငံများ ပိုမိုတွေ့ကြုံလာရကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ တာကဲဟီကို နာကဲအိုက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ရာသီဥတုပြောင်းလဲမှုဒဏ်ကို အဆိုးရွားဆုံးတွေ့ကြုံရနိုင်ဖွယ်ရှိသော နိုင်ငံ ၁၀ နိုင်ငံအနက် ခြောက်နိုင်ငံမှာ အာရှ-ပစိဖိတ်ဒေသမှ ဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။

**ရိုက်တာ။**

# တပ်ဖွဲ့စည်းကမ်းချိုးဖောက်သည့် စစ်သည်များအား တောင်အာဖရိက ပြန်လည်ခေါ်ယူ

**ဂျိုဟန်နစ္စဘတ် စက်တင်ဘာ ၂၇**

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံတွင် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်နေသည့် တောင်အာဖရိက တပ်ဖွဲ့ဝင် ၅၀ ကို စစ်စည်းကမ်းချိုးဖောက်မှုဟူသော စွပ်စွဲချက်များဖြင့် ပြန်လည်ခေါ်ယူခဲ့ကြောင်း တောင်အာဖရိကနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

အဆိုပါ တပ်ဖွဲ့ဝင်များသည် ယင်းနိုင်ငံအတွင်း ထုတ်ပြန်ထားသော နေဝင်မီးငြိမ်းအမိန့်ကို ချိုးဖောက်ခြင်းနှင့် တပ်စခန်းပြင်ပသို့ ခွင့်ပြုချက်မဲ့ထွက်ခွာခြင်းတို့ကို ချိုးဖောက်ကျူးလွန်ခြင်းများကြောင့် စစ်ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုခံကြရခြင်းဖြစ်ကြောင်း တောင်အာဖရိက ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တပ်ဖွဲ့ဝင်အင်အား ၁၄၀၀ နီးပါးပါဝင်သော တောင်အာဖရိကတပ်ဖွဲ့သည် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဟူသော ထီးရိပ်အောက်တွင် ပါဝင်သော အဖွဲ့အစည်းဖြစ်သည်။ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအတွင်းမှ သောင်းကျန်းသူများမှာ ၁၉၉၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ရဝမ်ဒါ နိုင်ငံ၏ လူမျိုးသုဉ်းသတ်ဖြတ်မှုဖြစ်စဉ်များနှင့် ဆက်နွှယ်မှုရှိသူများလည်းဖြစ်သည်။

ကွန်ဂိုဒီမိုကရက်တစ် နိုင်ငံအတွင်း ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းစဉ်၌ တောင်အာဖရိကနိုင်ငံသည် တပ်ဖွဲ့ဝင်အများဆုံး ထောက်ပံ့ပေးထားသည်။ တောင်အာဖရိက တပ်ဖွဲ့၏ မစ်ရှင်လုပ်ငန်းသက်တမ်းကို ၂၀၁၆ ခုနှစ် မတ်လအထိ သက်တမ်းတိုးမြှင့်သတ်မှတ်ထားသည်။

**ရိုက်တာ။**

# တောမီးလောင်ခဲ့သည့်နေရာများမှ အပျက်အစီးများဖယ်ရှားရန် ကာလီဖိုးနီးယားပြည်နယ် အရေးပေါ်ရန်ပုံငွေ သုံးစွဲမည်

**ဆန်ဖရန်စစ္စကို စက်တင်ဘာ ၂၇**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်၌ ဆိုးရွားပြင်းထန်သော တောမီးလောင်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီးနောက် မီးလောင်ပြင်ရှိ အပျက်အစီးများကို ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် ပြည်နယ်အရေးပေါ်ရန်ပုံငွေမှ ဒေါ်လာ ၁၀ သန်း ကျခံသုံးစွဲရန် ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျာရီဘရောင်းက ညွှန်ကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ရေးသားဖော်ပြသည်။

တောမီးလောင်ပြီးနောက် ကျန်ရစ်ခဲ့သည့် အပျက်အစီးများသည် ပြည်သူတို့၏ ကျန်းမာရေးနှင့် လူနေမှုဘဝတို့ကို ခြိမ်းခြောက်လျက်ရှိသဖြင့် အမြန်ဆုံး ရှင်းလင်းဖယ်ရှားရန် လိုအပ်ကြောင်း၊ တောမီးလောင်မှုဖြစ်ပွားခဲ့သည့် ရပ်ရွာများ ပြန်လည်ထူထောင်ရေးအတွက် ပြည်နယ်အစိုးရက ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက လွှတ်တော်၏ ဘတ်ဂျက်ငွေစာရင်းကော်မတီထံသို့ ပေးပို့သောစာတွင် ဖော်ပြထားသည်။

ကာလီဖိုးနီးယားပြည်နယ်ရှိ ဗယ်လီနှင့် ဘတ်အရပ်ဒေသများရှိ မြေနေရာ ဧက ၁၄၅၀၀၀ ကျော်၌ တောမီးလောင်ကျွမ်းခဲ့ရာ သုံးဦးသေဆုံးပြီး မီးသတ်သမားလေးဦး ပြင်းထန်စွာဒဏ်ရာရရှိကာ နေအိမ် ၁၇၁၃ လုံး ပျက်စီးဆုံးရှုံးခဲ့ရသည်။

**ရိုက်တာ။**




## ပြည်တွင်းရေးရာ

❖ **ရှေ့ဖုံးမှ**

အဆိုပါထိပ်သီးအစည်းအဝေးသို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူနိုင်ငံများမှ ခေါင်းဆောင်များ၊ ကုလသမဂ္ဂနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ကမ္ဘာ့ထိပ်တန်း စီးပွားရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ထိပ်သီးအစည်းအဝေးသို့တက်ရောက်လာသည့် နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ကိုယ်စားလှယ်များက ထောင်စုနှစ်အလွန် ဖွံ့ဖြိုးမှုရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် တွေ့ကြုံခဲ့ရသည့် အခက်အခဲများ၊ ဖြစ်ပေါ်တိုးတက်မှုများ၊ မပြီးပြတ်သေးသည့်ကိစ္စရပ်များ၊ လက်ရှိရင်ဆိုင်နေရသည့်စိန်ခေါ်မှုများနှင့် ၂၀၁၅ အလွန် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသီးသီးမှတ်ချက်ပြု ပြောကြားသည်။

ထိပ်သီးအစည်းအဝေး၏ ဒုတိယနေ့ဖြစ်သော စက်တင်ဘာ ၂၆ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားခဲ့ရာ၌ ယခု မျက်နှာစုံညီအစည်းအဝေးတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင် ၁၇ ခု ပါဝင်သည့် "မိမိတို့ ကမ္ဘာကြီးအား တိုးတက်ပြောင်းလဲပေးမည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ အစီအစဉ်" ကို ချမှတ်ခဲ့ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအားလုံး ပါဝင်၍ နှစ်နှစ်နီးပါး အသေးစိတ်ဆွေးနွေးရေးဆွဲခဲ့သည့် ယင်းအစီအစဉ်သည် လွန်ခဲ့သည့် ၁၅ နှစ်က ချမှတ်အကောင်အထည်ဖော်ခဲ့သော်လည်း မပြည့်မီသေးသည့် ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များအပေါ် အခြေခံကာ လာမည့် ၁၅ နှစ်အတွက် အတူတကွ ဆောင်ရွက်ရမည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကြိုးပမ်းမှုများကို လမ်းညွှန်ပေးမည်ဖြစ်ကြောင်း၊ ထောင်စုနှစ်ရည်မှန်းချက်များအား



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ကိုလံဘီယာနိုင်ငံခြားရေးဝန်ကြီးတို့ နှစ်နိုင်ငံနည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးလဲလှယ်စဉ်။ (ဓာတ်ပုံ-နိုင်ငံခြားရေး)

အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်သန့်ရှင်းရေးစနစ်များနှင့် အလုပ်အကိုင်ဖော်ထုတ်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် ပိုမိုအလေးပေးဆောင်ရွက်ခဲ့ကြောင်း၊ နှစ်စဉ်အစိုးရဘတ်ဂျက်တွင် ယင်းလုပ်ငန်းများအတွက် တိုးမြှင့်ခွဲဝေလျာထားခဲ့ကြောင်း၊ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးအတွက် အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ရင်ဆိုင်ခဲ့ရသည့် စိန်ခေါ်မှုများကို ကြိုးစားဖြေရှင်း ကျော်လွှားခဲ့သည့်နည်းတူ အနာဂတ်တွင် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများကိုလည်း ကုလသမဂ္ဂနှင့်အတူ လက်တွဲကျော်လွှားနိုင်မည်ဟု ယုံကြည်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ကိုလံဘီယာသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် မာရီယာ အိန်ဂျယ်လာ ဟိုလ်ကွန်း ကွေလာနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကိုလံဘီယာသမ္မတနိုင်ငံ အစိုးရတို့အကြား နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို ကုလသမဂ္ဂအဆောက်အအုံ၌ တွေ့ဆုံလက်မှတ်ရေးထိုးသည်။

ဖော်ပြပါစာချုပ်အရ မြန်မာနိုင်ငံနှင့် ကိုလံဘီယာနိုင်ငံတို့သည် မိမိတို့နိုင်ငံ၏ ဥပဒေများနှင့်အညီ အပြန်အလှန်အကျိုးဖြစ်ထွန်းစေသောနယ်ပယ်များတွင် အစီအစဉ်များ၊ စီမံချက်များနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ကြိုတင်ပြင်ဆင်ခြင်းနှင့် ပြီးမြောက်အောင်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် နယ်သာလန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘတ် ကိုအန်ဒါနှင့် တွေ့ဆုံဆွေးနွေးသည်။ ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးနှင့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေးအတွက် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ပူးတွဲကြီးမှူးကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ဆယ်လ်မား အူဒိုခေါ် ကျေးရွာသစ်လှုပ်ရှားမှုက လှုံ့ဆော်ပေးသည့် အားလုံးပါဝင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် လူ့အသိုက်အဝန်းများ နမူနာပုံစံဆိုင်ရာ အထူးအဆင့်မြင့် အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။ ဖော်ပြပါ အထူးအဆင့်မြင့် အစည်းအဝေးသို့ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စ ပတ်ဂွန်ဟေး၊ ပီရူး၊ လာအို၊ ဗီယက်နမ်၊ ရဝမ်ဒါနိုင်ငံများမှ သမ္မတများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၊ နိုင်ငံခြားရေးဝန်ကြီးများ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် အုပ်ချုပ်ရေးမှူး မစ္စ ဟယ်လင်ကလပ်နှင့် အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

**✳ရှေ့ဖုံးမှ**

ပျိုးပင် တစ်သိန်းခြောက်သောင်းလောက် ပျိုးထားပါတယ်။ ပျိုးသက် ရှစ်ရက်မှ ၁၀ ရက်ကျော်ကြာအောင်စောင့်ပြီး စိုက်ကြရတယ်။အများစုကတော့ ညနေခင်းပိုင်းမှာ စိုက်ပျိုးကြတယ်။ စိုက်ပြီးတာနဲ့ အပင်ငယ်တဲ့အရွယ်မှာ ရေကိုနံနက်နဲ့ ညနေပိုင်းမှာ လူအင်အားသုံးပြီး လောင်းကြရတယ်။အပင်စတင်စိုက်ပြီးတာနဲ့ ၄၀ စင်တီမီတာအကွာ တိုင်ထောင်ရတယ်။ရေသွင်း၊မြေဩဇာကျွေးတာတို့ကို ဂရုတစိုက်လုပ်ပေးရတယ်။ စိုက်ပြီး တစ်လသားအကျော် ဝါးတန်အမီ ၄၀ရက်သားမှာ အသီးချန်ပေးခြင်းကိုလုပ်ပေးရတယ်။အသီးချန်တဲ့လုပ်ငန်းမှာ အပင်တစ်ပင်မှာရှိတဲ့ မကောင်းတဲ့အသီးကိုပယ်ပြီး ကောင်းတဲ့အသီးကို ချန်ထားပေးရတယ်။

"အသီးချန်ပြီး ရက်ပေါင်း ၄၀ကျော်တာနဲ့ အောင်မြင်ပြီး ဈေးကွက်ဝင်တဲ့ သခွားမွှေးသီးတွေကို ခူးဆွတ်နိုင်ပါတယ်။ စိုက်ဧက ၁၂ ဧကအတွက် ဒေသခံအလုပ်သမားများစွာကို နေ့စဉ်အလုပ်ပုံမှန်ပေးထားနိုင်ပါတယ်။ အသီးကိုတော့ ပြည်ပဈေးကွက်တရုတ်ပြည်ကို အဓိကတင်ပို့တယ်။ တင်ပို့တဲ့သခွားမွှေးသီး တစ်ကီလိုဂရမ် အလေးချိန်ရှိတာတွေကို ချပ်ဖာတွေနဲ့ထည့်ပြီးတင်ပို့လေ့ရှိတယ်။ ပယ်သီးကိုတော့ ပြည်တွင်းဈေးကွက်မှာ ဖြန့်လေ့ရှိပါတယ်"ဟု သခွားမွှေးစိုက် တောင်သူတစ်ဦးက ပြောသည်။

အဆိုပါနေရာများတွင် သခွားမွှေးစိုက်ခင်းများကို အနည်းဆုံး ငါးဧကမှ ၁၂ ဧကအထိ စီးပွားဖြစ်စိုက်ပျိုးကြသည်ကိုတွေ့ရပြီး စိုက်ခင်းများနှင့် ဆက်စပ်ကာ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိလျက်ရှိကြောင်း သိရသည်။ **တိမ်တမန်**

# မြန်မာနိုင်ငံလုံးဆိုင်ရာသတင်းစာဆရာများအသင်းမှ ရွေးကောက်ပွဲကြီးအမီ အသင်းဝင်ကတ်ပြားများထုတ်ပေးမည်

**ရန်ကုန် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်း(MJA)က ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးအမီ (MJA)အသင်းဝင်များအား အသင်းဝင်ကတ်ပြားများ ထုတ်ပေးမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၇ ရက်က မကွေးတိုင်းဒေသကြီး သတင်းစာဆရာများအသင်း (MJA)အလုပ်အမှုဆောင် လစဉ်အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး MJA ဥက္ကဋ္ဌနေခြည်(မကွေး)က ပြောသည်။

အဆိုပါ အသင်းဝင်ကတ်ပြားများသည် ရွေးကောက်ပွဲသတင်းယူရန်အတွက် တိုက်ရိုက်အသုံးပြုနိုင်ခြင်းမဟုတ်ဘဲ MJA အသင်းဝင် သက်သေခံကတ်ပြားများသာ ဖြစ်သဖြင့် ရွေးကောက်ပွဲတွင် သတင်းသမားများ သတင်းရယူနိုင်ရန်အတွက်ရွေးကောက်ပွဲကော်မရှင်ရုံးသို့ သွားရောက်၍ မေးမြန်းစုံစမ်းပြီးလျှောက်လွှာများ တင်ရမည်ဆိုလျှင် လျှောက်လွှာများအချိန်မီတင်နိုင်ရေးအတွက် ဆောင်ရွက်မှုတွေပြုလုပ်သွားမည်ဟု နေခြည် (မကွေး)က ပြောသည်။

ယင်းလစဉ်အစည်းအဝေးကိုမကွေး၊ ရေနံချောင်း၊ ချောက်၊ စကုမြို့နယ်များမှ MJA အဖွဲ့ အလုပ်အမှုဆောင် ၁၅ ဦး တက်ရောက်ကြောင်း၊ အသင်းကြီးတိုးတက်ရေး၊ ရန်ပုံငွေရရှိရေးတို့အတွက် အမြင်ခြင်းဖလှယ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးတွင် MJA အသင်းဝင် ၉၀ ကျော်ရှိကြောင်းရင်း အသင်းဝင်များ ရွေးကောက်ပွဲတွင်အဆင်ပြေစွာ သတင်းယူခွင့်ရှိရန်အတွက် မကွေးတိုင်းဒေသကြီး MJA ဥက္ကဋ္ဌတစ်ဦးအနေဖြင့် မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်က သွားရောက်တွေ့ဆုံမှုများပြုလုပ်ပြီး ရွေးကောက်ပွဲတွင် သတင်းသမားများ သတင်းရယူရာတွင်အခက်အခဲမရှိစေရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောသည်။

**ဖွဲ့ထက်ရှင်**

## မသင်္ကာဖွယ်ရာယာဉ်မှ ကျောက်စိမ်းတုံးဖြတ်စ၊ လည်ဆွဲ၊ ကျောက်ချောထည် မျိုးစုံသိမ်းဆည်းရမိ

**နောင်ချို စက်တင်ဘာ ၂၇**

တစ်ဖက်နိုင်ငံသို့ တရားမဝင်ကျောက်စိမ်းတုံးဖြတ်စ၊ လည်ဆွဲ၊ ကျောက်ချောထည်များ သယ်ဆောင်ဖမ်းဆီးရမိမှုအများဆုံးမှာ (Mobile Team) လှုပ်ရှား (၁) ဌာနစုံပူးပေါင်းအဖွဲ့ဖြစ်ကြောင်းသိရသည်။ နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီး ယာယီအခြေပြုလျက် တရားမဝင်ကုန်သွယ်မှု အကောက်ခွန်မဲ့ပစ္စည်းများ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော (Mobile Team) လရ(၁) ပူးပေါင်းစစ်ဆေးစဉ် စက်တင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲခန့်က မန္တလေးမှ မူဆယ်သို့ ယာဉ်အမှတ် 7 H/ ------ (ဒွန်ဒါဖစ်) အနက်ရောင်ယာဉ်မှာ စစ်ဆေးရေးဂိတ်သို့ အစစ်ဆေးခံရန် မောင်းနှင်လာပြီး ပြန်လည်ထွက်ခွာခဲ့သည်။ ပူးပေါင်းအဖွဲ့က မသင်္ကာသဖြင့် ဂုတ်တွင်းတံတားအနီးတွင် ပိတ်ဆို့ကာ ယာဉ်ကို စစ်ဆေးရေးဂိတ်သို့ ပြန်လည်ခေါ်ဆောင်လာပြီး စစ်ဆေးရာ ယာဉ်အတွင်း နေရာအနှံ့သို့ဝှက်ယူဆောင်လာသော ကျောက်စိမ်းဖြတ်စ၊ လည်ဆွဲ၊ ကျောက်ချောထည် စုစုပေါင်း အလေးချိန် ၇၂ ဒသမ ၃၀ ကီလိုကို ရှာဖွေသိမ်းဆည်းရမိသည်။ ယာဉ်စစ်ဆေးနေစဉ် ယာဉ်မောင်းမှာထွက်ပြေးတိမ်းရှောင်သွားသည်။ ဖမ်းဆီးရမိသော ကျောက်စိမ်းတုံးဖြတ်စ၊ လည်ဆွဲ၊ ကျောက်ချောထည်များကို အကောက်ခွန်အမှုတွဲဖွင့်လှစ်မည်ဖြစ်ပြီး ယာဉ်အား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်းသိရသည်။

**စိုးဝင်း(နောင်ချို)**



## ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အလုပ်သင်ဆရာဝန် ၁၀၀ ကျော်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အလုပ်သင်ဆရာဝန် ၁၃၀ ရှိကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကို၏ ပြောပြမှုအရသိရသည်။

"ကျွန်တော်တို့ဆေးရုံကြီးက သင်ကြားရေးဆေးရုံကြီးဖြစ်တဲ့အတွက် နောက်ဆုံးနှစ်အပိုင်း(ခ) အောင်ပြီးတဲ့ ဆေးကျောင်းသားတွေကို လုပ်ငန်းခွင်မှာ အလုပ်သင်ဆရာဝန်အဖြစ် တစ်နှစ်ဆောင်ရွက်မှ ဘွဲ့ပေးတာ ဖြစ်ပါတယ်။ ဒါကြောင့်ဒီမှာ အလုပ်သင်ဆရာဝန်အနေနဲ့ ရှိနေတာဖြစ်ပါတယ်" ဟု ဒေါက်တာအေးကိုကိုက ပြောသည်။

အလုပ်သင်ဆရာဝန်များအနေဖြင့်ဘာသာရပ်လေးခုဖြစ်သည့် ဖျားနာဆောင်၊ ခွဲစိတ်ဆောင်၊ ကလေးနှင့် သားဖွားမီးယပ်တို့ကိုကျွမ်းကျင်တတ်မြောက်အောင်သင်ကြားပေးခြင်းနှင့် ပတ်သက်၍ "အလုပ်သင်ဆရာဝန်တွေက လေးမျိုးသင်ရတယ်။ ဖျားနာဆောင်၊ ခွဲစိတ်ဆောင်၊ ကလေးနဲ့သားဖွားမီးယပ်ပါ။ ဒီမှာကလေးနဲ့သားဖွားမီးယပ်မရှိတော့ သက်ဆိုင်ရာ ဆေးရုံတွေကို လွှတ်ပြီး ဆင်းရတာမျိုးရှိတယ်။ ဥပမာသားဖွားမီးယပ်ဆေးရုံကြီးမှာ တာဝန်ကျတဲ့ လူကလည်း မက်ဒီကယ်တို့ ဆာဂျီတို့ရှိရင် ဒီကိုအလှည့်ကျပြန်လာဆင်းရတယ်။ တစ်ခါကလေးဆေးရုံကို အလှည့်ကျသွားရတာတွေလည်းရှိတယ်။ သူတို့ကို ဘာသာရပ်လေးခုလုံး ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင် ကျွန်တော်တို့ Train လုပ်ပေးနေရတာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

(၀၀၄)

စာပေမြင့်မှ လူမျိုးတင့်မည်

# နေ့ထိုင်စားသောက်မှုပုံစံပြောင်းလဲခြင်းဖြင့် နှလုံးသွေးကြောကျဉ်းဝေဒနာ လျှော့ချပါ

ဒေါက်တာမောင်ဖြေ (Ph.D)(AM)

**အမည်ရင်းက ကိုဋ္ဌေးလွင်၊ သိကြတာကြာပြီ။ ဘဝတူအငြိမ်းစားအရာရှိဖြစ်သည်။ မှတ်မှတ်ရရ ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းကဖြစ်သည်။ တိတိကျကျပြောရလျှင် သီတင်းကျွတ်လပြည့်နေ့ဖြစ်သည်။ ထုံးစံအတိုင်း သူလက်ဖက်ရည်သောက်လာခေါ်သည်။ ဆိုင်တွင်ထိုင်မိသည်နှင့် သူကလက်ကမ်းစာရွက်တစ်ရွက် စာရေးသူကိုပေးသည်။ စာကြည့်မျက်မှန်မပါသဖြင့် စာသားအပြည့်အစုံကိုတော့မဖတ်နိုင်။**

"ဖတ်ပြီးတော့ ဝေငှပါ"ဟုပြောသည်။ Health care ဂျာနယ် ဆောင်းပါးကို မိတ္တူကူးထားခြင်းဖြစ်သည်။

သူကမူ လောကကြီးကိုယုံရဲလွန်းသည်။

"ကိုယ်ကူညီလိုက်လို့ တစ်ဖက်သား အဆင်ပြေသွားတယ်ဆိုရင် ကျွန်တော်ကပီတိဖြစ်နေရတာ"ဟု သူကပြောသည်။ ယခုလည်း လောကကောင်းကျိုးကို သူဆောင်ခဲ့ပြန်ပြီ။

လက်ဖက်ရည်ဆိုင်မှ ရောက်ရောက်ချင်း သူပေးလိုက်သော လက်ကမ်းစာရွက်ကိုထုတ်ပြီး ဖတ်ကြည့်လိုက်သည်။ ဂျာနယ်က ၂၀၁၂ ခုနှစ် အောက်တိုဘာ ၅ ရက်နေ့ထုတ် ဂျာနယ် အတွဲ-၃၊ အမှတ်-၃၉၊ ထိုဂျာနယ်မှာပါသည့် မောင်သစ်(ဘူမိ)၏ ဆောင်းပါးကိုဖြတ်ယူပြီး မိတ္တူပွားထားခြင်း ဖြစ်သည်။

အင်တာနက်ပေါ်တွင် စေတနာရှင်တစ်ဦးက ဖော်ပြထားခြင်းဖြစ်သည်ဟု ဆောင်းပါးမှာ ပါသည်။

မြန်မာနိုင်ငံက အဖြစ်အပျက်တော့မဟုတ်။ ပါကစ္စတန်နိုင်ငံမှ အဖြစ်အပျက်ဖြစ်သည်။ နှလုံးနေရာမှာ နာကျင်သည့် ဝေဒနာခံစားရ၍ ဆရာဝန်နှင့်ပြသကြည့်ရာ နှလုံးတွင် သွေးကြောသုံးချောင်းပိတ်နေသဖြင့် ခွဲစိတ်ပြီး သွေးကြောလမ်းကြောင်းအသစ် ပြောင်းပေးရမည်ဖြစ်သည်။ Bypass ပြုလုပ် ကုသရမည့် ဝေဒနာရှင်တစ်ဦး၏ ကိုယ်တွေ့အဖြစ်အပျက်ဖြစ်သည်။

ဆရာဝန်က ခွဲစိတ်ဖို့အကြံပေးသလို ရက်ချိန်းကို တစ်လခွာ၍ပေးလိုက်သည်။ ထိုအကြောင်းကို ဝေဒနာရှင်က တိုင်းရင်းဆေးဆရာကြီး Hazrat Moulana Bashir Vsmani Saheb ဆိုသူကို ပြောပြသည့်အခါ ဆရာကြီး Saheb က သူ့အတွက်ဆေးဖော်ပေးပြီး ထိုဆေးကို တစ်လခန့်သောက်စေခဲ့ကြောင်း၊ ဆရာကြီးညွှန်ကြားသည့်အတိုင်း သူကလည်း တစ်လတိတိလိုက်နာ သုံးစွဲခဲ့ကြောင်း၊ ခွဲစိတ်ရန်ရက်ချိန်းစေ့သည့်အခါ ပါကစ္စတန်နိုင်ငံ Lahore ရှိ နှလုံးရောဂါကုဆေးရုံသို့သွား၍ ခွဲစိတ်ခကြိုတင်ငွေ Rs-225000 ကိုပေးသွင်းခဲ့ကြောင်း၊ အသေးစိတ်စမ်းသပ်မှုများလည်း ထပ်မံပြုလုပ်ရကြောင်း၊ စမ်းသပ်မှုအပြီးတွင် ဆရာဝန်က စမ်းသပ်မှုအဖြေက အလွန်အံ့ဩစရာကောင်းကြောင်း၊ ပိတ်နေသော သွေးကြောသုံးချောင်းစလုံး ပြန်ပွင့်နေပြီး သွေးလည်ပတ်မှုလည်း ပုံမှန်ပြန်ဖြစ်နေသဖြင့် ခွဲစိတ်ဖို့မလိုတော့ကြောင်းပြောကာ ကြိုတင်ငွေကိုလည်း ပြန်အမ်းပေးလိုက်သည်ဟု ဆိုသည်။

တိုင်းရင်းဆေးဆရာကြီး Saheb ဖော်စပ်ပေးသောဆေးကလည်း ရိုးရှင်းသည်။ ပါဝင်သောအမယ် ပစ္စည်းက ငါးမျိုးသာ။ သံပရာသီး သို့မဟုတ် ရှောက်သီး၊ ချင်း၊ ကြက်သွန်ဖြူ ပန်းသီး၊ ရှလကာရည်၊ ပျားရည်တို့သာဖြစ်သည်။ ဖော်စပ်ရသည်မှာလည်းမခက်။

(၁) သံပရာ သို့မဟုတ် ရှောက်သီးအရည် တစ်ခွက်
(၂) ကြက်သွန်ဖြူအရည် တစ်ခွက်
(၃) ပန်းသီးရှလကာရည်(HEINZ) တစ်ခွက်
(၄) ချင်း(ဂျင်း)အရည် တစ်ခွက်

ဤဆေးအမယ်ရောပြီး မီးအေးအေးနှင့်တစ်နာရီခန့်ကျိုရမည် သို့မဟုတ် ဆေးရည် လေးခွက်ကို သုံးခွက်ကျန်အောင်ကျိုရမည်။ ပြီးလျှင် အအေးခံထားရမည်။ ထို့နောက် ပျားရည်စစ်စစ်သုံးခွက်နှင့်ရောနှံအောင်မွှေပြီး ပုလင်းထဲထည့်ကာ သုံးဆောင်ရခြင်းဖြစ်သည်။

သောက်ရမည့်ဆေးပမာဏမှာ တစ်နေ့ထမင်းစားဇွန်းနှင့် တစ်ဇွန်း၊ နံနက်အိပ်ရာထ မည်သည့်အစားအစာကိုမျှ မစားရသေးမီ မှန်မှန်သောက်ရမည်ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ဤဆေးဖော်နည်းကိုကား စာရေးသူစိတ်ဝင်စားမိသည်။ ပိတ်နေသော သွေးကြောသုံးချောင်းစလုံးကို ပြန်ပွင့်စေနိုင်သောဆေးစွမ်းသတ္တိကိုသဘောကျ၍ဖြစ်သည်။ သဘောဝဆန်ပြီး အဓိက ဆေးတစ်လက်ဖြစ်စေသည်။ တိုင်းရင်းဆေးပညာအသုံးဖြင့်ဆိုရသော "ပဘာဝ"သတ္တိ၏ စွမ်းအားဖြစ်နေပေသည်။

တိုင်းရင်းဆေးဆရာကြီး၏ဆေးနည်းက ရိုးသည်၊ ရှင်းသည်။ အိမ်တွင်းသုံးပစ္စည်းများဖြစ်သည်။

ဝေးဝေးမှာရှာဖို့မလို၊ လက်တစ်ကမ်းအကွာမှာသာရှိသည်။ ရှောက်သီး၊ ချင်း၊ ကြက်သွန်ဖြူကို မီးဖိုချောင်သုံးပစ္စည်းအဖြစ် ရနိုင်သည်။ ပျားရည်ကို တိုင်းရင်းပရဆေးဆိုင်များတွင် ဝယ်၍ရသည်။ ပန်းသီးကိုလည်း ရာသီမရွေး ရနိုင်သည်။ ဖော်စပ်ရသည်မှာလည်း လွယ်ကူသည်။ အရည်ရအောင်ညှစ်ဖို့ပင်ဖြစ်သည်။ ရသည့်အရည်ကို ဆတူရောပြီး မီးအပူနွေးနွေးမှာကျိုရမည်။ ပြီးမှ ပျားရည်နှင့် ဆတူရောရခြင်းဖြစ်သည်။

ဆရာကြီး Saheb ပြောသလို နှလုံးသွေးကြောကျဉ်း၍ ခွဲစိတ်ရမည့်အခြေအနေမှ သိသာစွာအကာအကွယ်ပေးနိုင်သည်ဟူသော အဆိုကိုစဉ်းစားပြီးမှ စာရေးသူကလက်ခံခြင်းဖြစ်သည်။ ဖော်ပြပါပစ္စည်းတို့အား ခွဲခြမ်းသိနိုင်သည်။

ပစ္စည်းများ၏ ဂုဏ်သတ္တိများမှာ-

**ပန်းပေါင်းတစ်ထောင်(ခ)ပျားရည်**

ပျားရည်ကို ပန်းပေါင်းတစ်ထောင်ဟုပင် ဆိုကြသည်။ ပန်းမျိုးစုံ၏ အပွင့်များမှ စုပ်ယူရရှိသည့် ရသရည်ဖြစ်သဖြင့် ပန်းပေါင်းတစ်ထောင်ဟု တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။ ပျားရည်မှာ အာဟာရဓာတ်နှင့်ဆေးဖက်ဝင်သတ္တိများပါဝင်သည်။ သုတေသနပြုချက်များအရ ပျားရည်တွင် အမိုင်နိုအက်စစ် ၂၂ မျိုး၊ သတ္တုဓာတ် ၂၈ မျိုး၊ အင်ဇိုင်းနှစ်မျိုး၊ ဖက်တီးအက်စစ် ၁၄ မျိုးနှင့် ကာဗိုဟိုက်ဒရိုက်(ခ)ကစီဓာတ် ၁၂ မျိုးပါဝင်ကြောင်း သိရသည်။ ဤဓာတ်များပါဝင်သည့်အတွက် ကျန်းမာရေးကိုတည်ဆောက်နိုင်ပြီး အသက်ကို ရှည်စေနိုင်သည်။ ရောဂါအမျိုးမျိုးကို တိုက်ဖျက်နိုင်စွမ်းလည်းရှိသည်။ ထို့ပြင်ပျားရည်တွင် လီဗူလို့စ်(Levulose)၊ ဒက်စ်ထရို့စ် (Detrose)နှင့် အခြားသကြားဓာတ်များလည်း ပါဝင်သဖြင့် စွမ်းအင်ဓာတ်ကိုပေးနိုင်သည်။ အစာချေဖျက်ပေးပြီး ရှင်လန်းတက်ကြွမှုကို ဖြစ်စေနိုင်သည်။

ပျားရည်ကိုအနောက်တိုင်းရင်းဆေးသိပ္ပံပညာရှင်များကလည်း ဘက်စုံဆေးဖက်ဝင်ပစ္စည်းအဖြစ် လက်ခံသတ်မှတ်ထားကြသည်။

ရှေးဟောင်းဂရိနှင့် အီဂျစ်တို့က ပျားရည်ကို ဆေးဖက်ဝင်ပစ္စည်းအဖြစ် အသုံးပြုခဲ့ကြသည်။ အိန္ဒိယအာယုဗ္ဗေဒကျမ်းများ၌ ရိုးရာဓလေ့သုံးပစ္စည်းအဖြစ် အသုံးပြုခဲ့ကြသည်။ တရုတ်ရိုးရာဆေးဝါးများတွင်လည်း ပျားရည်ကို အသုံးပြုခဲ့ကြသည်။ အလယ်ခေတ်ခရစ်ယာန်နှင့် အစ္စလာမ် ပညာရှင်များက ကာကွယ်ရေး၊ ကုသရေးဆိုင်ရာဆေးဝါးများအဖြစ် အသုံးပြုခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ၏ဂုဏ်သတ္တိ**

အာယုဗ္ဗေဒပညာရှင်ဘာဘက်(Bebhet)ကကြက်သွန်ဖြူသည် နှလုံးအတွက် ကောင်းကျိုးပြုသည်။ ဂျော့ကားဆိုသူက ၂၀၁၃ ခုနှစ် ဩဂုတ် ၁၆ ရက်နေ့ နောက်ဆုံးထုတ်ပြန်ချက်တွင် ကြက်သွန်ဖြူ၌ နှလုံးရောဂါနှင့် ကင်ဆာရောဂါ ဆိုးဆိုးရွားရွားဖြစ်နိုင်ခြေတို့ လျှော့ချပေးနိုင်သည့် အာဟာရဓာတ်ကြွယ်ဝစွာ ပါရှိကြောင်း ဆိုသည်။ ကြက်သွန်ဖြူတွင် အာဟာရနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါသည်။ ကြက်သွန်ဖြူတစ်မွှာ၌ ကယ်လ်စီယမ်နှင့် ဖောစဖော့ရပ် ငါးမီလီဂရမ်၊ မဂ္ဂနီစီယမ်နှင့် ဗီတာမင်စီ တစ်မီလီဂရမ်၊ ပိုတက်စီယမ် ၁၂ မီလီဂရမ်ပါရှိသည်ဟု သုတေသနပြုဖော်ပြထားသည်။ အလားတူ သံဓာတ်၊ ဆယ်လီနီယမ်နှင့် ဗီတာမင်ဘီများစွာလည်းပါသည်။ (. ၀၁)ဂရမ်ရှိကြက်သွန်ဖြူ တစ်မွှာမှာပင်လျှင် ဖိုင်ဘာ(အမျှင်ဓာတ်) သုည ဒသမ ၁ ဂရမ်နှင့် ကာဗိုဟိုက်ဒရိတ် တစ်ဂရမ်ပါရှိကြောင်း အမေရိကအမျိုးသားအာဟာရနှင့် စိုက်ပျိုးရေးဌာနမှ ထုတ်ပြန်ထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ကလည်း သက်ကြီးရွယ်အိုများ နေ့စဉ်ကြက်သွန်ဖြူ နှစ်ဂရမ်မှ ငါးဂရမ်အထိ စားသုံးသင့်ကြောင်း ထောက်ခံထားသည်။ ချပယ်တောင်ကုန်းရှိ မြောက်ကာရိုလိုင်းနားတက္ကသိုလ်၏ သုတေသနပြုဖော်ထုတ်ချက်အရ အူမကြီးကင်ဆာ၊ ဦးခေါင်းနှင့်လည်ပင်းကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ ရင်သားနှင့်ဆီးကျိတ်ကင်ဆာစသော ကင်ဆာများ တားဆီးနိုင်သည်ကို သိရသည်။

ကြက်သွန်ဖြူကို ဓာတ်ခွဲစမ်းသပ်သည့်အခါ ကြက်သွန်ဖြူ၌ ရေ ၆၀ ရာခိုင်နှုန်း၊ ကာဗိုဟိုက်ဒရိတ်ခေါ် ကစီဓာတ် ၃၀ ရာခိုင်နှုန်း၊ ပရိုတင်းခေါ်အသားဓာတ်ခြောက်ရာခိုင်နှုန်း၊ ဗီတာမင်စီဓာတ် ၆၀ မီလီဂရမ်နှင့် အခြားသောသတ္တုဓာတ်များ လေးရာခိုင်နှုန်းမျှပါရှိသည်ဟုဆိုသည်။ ဤဓာတ်ပစ္စည်းများ၏ အာနိသင်သည် ရောဂါပိုးမွှားကို နှိမ်နင်းနိုင်သည်။ ဆေးဝါးအဖြစ်ဖော်စပ်အသုံးပြုလျှင် ပင်နီဆီလင်နှင့်တကွ အခြားရောဂါပိုးသတ်ပဋိဇီဝဆေးများထက်ပင် အစွမ်းထက်နိုင်သည်ဆိုထားသည်။

လူ့ခန္ဓာကိုယ်သွေးအတွင်း၌ ကိုလက်စထရောခေါ် အဆီဓာတ်တစ်မျိုးသည် ရှိစမြဲဖြစ်သည်။ ကိုလက်စထရောသည် သွေးအတွင်း ပုံမှန်ရှိနေလျှင် ပြဿနာမဟုတ်။ ကိုလက်စထရောလွန်ကဲနေလျှင် ပြဿနာဖြစ်သည်။ သွေးကြောနံရံတွင် ကိုလက်စထရောအဆီများတွယ်ကပ်ပြီး သွေးကြောများ ကျဉ်းလာမည်။ ထိုမှတစ်ဆင့် သွေးတိုးရောဂါ၊ သွေးကြောပိတ်ရောဂါ၊ လေဖြတ်ခြင်းနှင့် နှလုံးရောဂါဖြစ်ပွားစေသည်။ ကြက်သွန်ဖြူတွင်ပါဝင်သော ဗီတာမင်စီဓာတ်က သွေးအတွင်း ပိုလျှံလွန်ကဲနေသော ကိုလက်စထရောကို ချေဖျက်ပေးနိုင်သည်။

၁၉၇၀ ပြည့်နှစ်လယ်ပိုင်းကာလ အိန္ဒိယနိုင်ငံရှိ ဘာသာဝင်များအတွင်း သိပ္ပံပညာရှင်များ လေ့လာသုတေသနပြုခဲ့ကြသည်။ ဂျိန်းဘာသာဝင်များသည် ဘာသာရေးအရ ကြက်သွန်နီနှင့် ကြက်သွန်ဖြူကို ပမာဏများစွာစားသုံးကြသူများဖြစ်သည်။ တစ်ပတ်လျှင် ကြက်သွန်နီ ၅၀၀ ဂရမ်နှင့်ကြက်သွန်ဖြူ ၁၇ တက်ထိ စားတတ်ကြသည်။

ခန္ဓာကိုယ်တွင် ခုခံအားစနစ်ကို အားကောင်းစေသည်။ နှလုံးရောဂါ (Heart Attack)မဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ အအေးမိခြင်းနှင့် အခြားရောဂါများကိုပါ တိုက်ဖျက်ပေးနိုင်သဖြင့် စွယ်စုံရဆေးဝါးတစ်ခုဟုပင် ထောက်ခံချက်ပေးကြသည်။ ကြက်သွန်ဖြူကို ရှေးကတရုတ်လူမျိုးများသွေးတိုးကျဆေးအဖြစ် သုံးသည်။ ယခုအခါ ဂျာမနီတွင်လည်း သွေးတိုးကျစေရန် ကြက်သွန်ဖြူကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေကြသည်။

**ချင်း(ဂျင်း)၏ဂုဏ်သတ္တိ**

မေရီလင်းဆေးဝါးတက္ကသိုလ် (The University of Maryland Medical Center) ၏အဆိုအရ ချင်းကိုလွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ကျော်က ဆေးဝါးဆိုင်ရာဆေးပင်တစ်မျိုးအဖြစ် အသုံးပြုခဲ့ကြောင်း မှတ်သားရသည်။ အထူးသဖြင့် အာရှ၊ အိန္ဒိယနှင့် အာရေဗျနိုင်ငံများတွင် ချင်းကိုဆေးတောင့်၊ ဆေးရည်အဖြစ် ပြုလုပ်အသုံးပြုကြသည်။

အမေရိကန်ကင်ဆာအသင်း(American Cancer Society)အဆိုအရ ချင်းသည် ကင်ဆာရောဂါကုသရေးတွင် အဖုအကျိတ်ကြီးထွားမှုကို ထိန်းသိမ်းရန်အထောက်အကူဖြစ်ကြောင်းဆိုသည်။ အင်တာနက်သတင်းတစ်ပုဒ်တွင် ချင်း၊ ကြက်သွန်ဖြူ သံပယိုသီးသုံးမျိုးစပ်သဘာဝဆေးဖော်စပ်နည်းတွေ့ရသည်။ ဂျာမနီနိုင်ငံမှာ လက်ရှိသုံးစွဲနေသောဆေးနည်းဟုလည်း သိရသည်။ ဆေးဖော်စပ်ရန် ရေသန့် နှစ်လီတာ၊ သံပယိုသီးသုံးလုံး၊ ကြက်သွန်ဖြူဥ ၃-၄ ဥ၊ ချင်းတက် လေးစင်တီမီတာတို့ဖြင့် စပ်ယူသည်။

**သံပရာသီးအစွမ်း**

ဆေးသိပ္ပံပညာရှင်များက သံပရာသီးကို အခွံမပါ၊ အသီးသက်သက်အလေးချိန် ၁၀၀ ဂရမ်တွင် သကြား ၂ ဒသမ ၅ ဂရမ်၊ ဖိုင်ဘာ (အမျှင်ဓာတ်) ၂ ဒသမ ၈ ဂရမ်၊ အဆီ သုည ဒသမ ၃ ဂရမ် ပရိုတင်း ၁ ဒသမ ၁ ဂရမ် ပါဝင်သည်။

ဗီတာမင်များအနေဖြင့် သိုင်ယာမင်ဘီ ၁ (Thaiamine B 1) သုည ဒသမ ၀၄ မီလီဂရမ် ၃ ရာခိုင်နှုန်း၊ ရီဗိုဖလာမင်ဘီ ၂ (RiboflavinB 2) သုည ဒသမ ၀၂ မီလီဂရမ် ၂ ရာခိုင်နှုန်း၊ နိုင်ယာစင်ဘီ ၃ (Niacin B 3) သုည ဒသမ ၀၁ မီလီ ဂရမ် ၁ ရာခိုင်နှုန်း၊ ပင်တိုသဲနစ်အက်စစ်ဘီ ၅ (Pantothenic acid B5) သုည ဒသမ ၁၉ မီလီဂရမ် ၄ရာခိုင်နှုန်း၊ ဗီတာမင်ဘီ ၆ (Vitamin B6) သုည ဒသမ ၀၈ မီလီဂရမ် ၆ ရာခိုင်နှုန်း၊ ဖောလစ်ဘီ ၉ (Folate B9) ၁ ဒသမ ၁ မိုက်ကရိုဂရမ် ၃ ရာခိုင်နှုန်း၊ ချိုလင်း (Choline) ၅ ဒသမ ၁ မီလီဂရမ် ၁ ရာခိုင်နှုန်း ဗီတာမင်စီ ၅၃ မီလီဂရမ် ၆၄ ရာခိုင်နှုန်း ပါဝင်သည်။

သတ္တုဓာတ်များကား ကယ်လ်စီယမ် ၂၆ မီလီဂရမ် ၃ ရာခိုင်နှုန်း၊ Iron သုည ဒသမ ၆ မီလီဂရမ် ၅ ရာခိုင်နှုန်း၊ မဂ္ဂနီဆီယမ် ၈ မီလီဂရမ် ၂ ရာခိုင်နှုန်း၊ မဂ္ဂနီးစ်(စ်) သုည ဒသမ ၀၃ မီလီဂရမ် ၁ ရာခိုင်နှုန်း၊ ဖော့စဖောရပ် ၁၆ မီလီဂရမ် ၂ ရာခိုင်နှုန်း၊ ပိုတက်စီယမ် ၁၃၈ မီလီဂရမ် ၃ရာခိုင်နှုန်း၊ သွပ် (Zinc) သုည ဒသမ ၀၆ မီလီဂရမ် ၁ ရာခိုင်နှုန်းပါဝင်သည်။ ၎င်းတို့အပြင် ပိုလီဖီနော (Polyphenols)၊ တာပင်နီးစ် (Terpenes) နှင့်တင်နင် (Tannins) အပါအဝင် ဖိုင်တိုကယ်မီကယ် (Phytochemical) များလည်း ပါဝင်သည်။ ဤသို့ လူသားကျန်းမာရေးအကျိုးပြု ဓာတ်သတ္တုများ ပါဝင်ခြင်းကြောင့်လည်း သံပရာသည် စွယ်စုံရသောပစ္စည်းဖြစ်နေသည်။

ဆောင်းပါးပါဆေးတို့ကို ရှင်းလင်းချက်အမျိုးမျိုးဖြင့်ရေးသားထားသော စာပေဆု ၃၂ ဆုရရှိထားသူ မောင်ယဉ်လှိုင်း (ပျဉ်းမငြိုင်)၏ ဝတ္ထုဆန်ဆန်ရေးသားထားသည့် "နှလုံးသွေးကြောကျဉ်းဝေဒနာခံစားနေရသူများအတွက် ဆေးစွမ်းကောင်းတစ်လက်"စာအုပ်မှ ထုတ်နုတ်ဖော်ပြလိုက်ခြင်းဖြစ်သည်။ ထိုစာအုပ်မှ ဆေးဖြင့် နှလုံးသွေးကြောရောဂါအတွက် လွယ်ကူစွာဖော်စပ်ရသော အစွမ်းထက်သည့် ဆရာကြီး Saheb ၏ ဆေးဖြင့်လျှော့ချပါ။

နှလုံးသွေးကြောကျဉ်းရောဂါသည်များအတွက် ပညာပေးထားသော ပါမောက္ခ နွယ်နွယ်(နှလုံးရောဂါထိန်းသိမ်းရေးစီမံချက်) ဆောင်းပါးကို စက်တင်ဘာ ၂၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖတ်ရသည်။ ထိုဆောင်းပါးအရ နှလုံးနှင့် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် နှစ်စဉ်လူဦးရေ ၁၇ ဒသမ ၃ သန်းသည် အချိန်မတိုင်မီအသက်ဆုံးရှုံးကြရပြီး ၂၀၃၀ ပြည့်နှစ်တွင်မူ သေဆုံးသူဦးရေတစ်နှစ်လျှင် ၂၃ သန်းအထိမြင့်တက်သွားနိုင်ကြောင်း ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားကြသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၂၅ တွင် နှလုံးသွေးကြောရောဂါကြောင့်အရွယ်မတိုင်မီ အသက်ဆုံးရှုံးရခြင်းကို ၂၅ ရာခိုင်နှုန်းထိလျှော့ချရန် လေ့ကျင့်ခန်းအမျိုးမျိုးနှင့် ရှောင်ရန်၊ ဆောင်ရန်တို့ကို ဖော်ပြထားသည်။

လူမျိုးမရွေး၊ ဒေသမရွေး၊ နှလုံးကျန်းမာရေးရှိစေရန် မိမိနှင့်မိမိ မိသားစု၏ နေထိုင်စားသောက်မှုပုံစံများကို အနည်းငယ်ရွေးချယ်ပြောင်းလဲခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှုအန္တရာယ်ကို လျှော့ချနိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့် Health Care ဆောင်းပါးကို မိတ္တူကူးပေးသော ကိုဋ္ဌေးလွင်သည် ယခုဘိုးသက်ရှည်ဖြစ်နေပြီ။ တိုင်းရင်းဆေးဆရာကြီး Saheb ဆေးကိုဖော်စပ်ပြီး "ဘိုးသက်ရှည်"အမည်ဖြင့် လျှုဒါန်းနေသောကြောင့် မိတ်ဆွေများက "ဘိုးသက်ရှည်"ဟု ခေါ်ခြင်းဖြစ်လေသည်။ ။

**လူ့ခန္ဓာကိုယ်သွေးအတွင်း၌ ကိုလက်စထရောခေါ်အဆီဓာတ်တစ်မျိုးသည် ရှိစမြဲဖြစ်သည်။ ကိုလက်စထရောသည် သွေးအတွင်း ပုံမှန်ရှိနေလျှင် ပြဿနာမဟုတ်။ ကိုလက်စထရောလွန်ကဲနေလျှင် ပြဿနာဖြစ်သည်။**

ပြည်တွင်းရေးရာ

# ရန်ကုန်မြို့ရှိ တန်ခိုးကြီးစေတီတော်များမှ ဂေါပကအဖွဲ့ဝင်များအား တွေ့ဆုံမှာကြား

**ရန်ကုန် စက်တင်ဘာ ၂၇**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ဆူးလေစေတီတော်နှင့် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်တို့သို့ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကျိုက္ကဆံစေတီတော်သို့ လည်းကောင်း သွားရောက်ဖူးမြော်ကြည်ညို၍ စေတီတော်ဂေါပက အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အလှူငွေပေးအပ်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက စေတီတော်များသည် သမိုင်းအစဉ်အလာကြီးမားသော စေတီတော်များဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲရေး၊ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုကြောင်း၊ စေတီတော်များ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်ရေး ဆောင်ရွက်ရာ၌ သာသနာတော် ထုံးတမ်းစဉ်လာများနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ ရွှေသက်န်းများ ကပ်လှူရာ၌ စေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူပြီး ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ စနစ်တကျစီမံချက်ရေးဆွဲ ဆောင်ရွက်ရန် လိုကြောင်း၊ ဘုရားဖူးလာရောက်သည့် ပြည်တွင်းပြည်ပမှ ဘုရားဖူးများ အေးချမ်းလုံခြုံစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် စေတီတော်လုံခြုံရေးအဖွဲ့ဝင်များဖြင့် လုံခြုံရေး အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ပြင် မီးဘေးလုံခြုံရေးအတွက် လျှပ်စစ်မီးကြိုးများနှင့် လျှပ်စစ်ပစ္စည်းများအား နှစ်စဉ်ပညာရှင်များဖြင့် စနစ်တကျစစ်ဆေးကြည့်ရှု၍ လိုအပ်ပါက အသစ်လဲလှယ်တပ်ဆင်အသုံးပြုသွားကြရန် ဂေါပကအဖွဲ့ဝင်များအား မှာကြားခဲ့သည်။**(ယာပုံ)**

ထို့အပြင် စေတီတော်များတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ ဘာသာသာသနာစိတ် ပြည့်ဝစွာဖြင့် တာဝန်ထမ်းဆောင်စေရေးနှင့် သက်သာချောင်ချိရေးကို စနစ်တကျ ဂရုပြုဆောင်ရွက်ပေးရန် မှာကြားခဲ့ပြီး စေတီတော် ဂေါပကအဖွဲ့ဝင်များ တင်ပြချက်များကိုလည်း ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**(သတင်းစဉ်)**



# တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်းထုတ်ပြန်မှု သတ်မှတ်ကာလ နောက်ဆုံးနေ့တွင် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်၌ လာရောက်ကြည့်ရှုသူပိုမိုများပြား

**ရန်ကုန် စက်တင်ဘာ ၂၇**

တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းများကို ထုတ်ပြန်ထားရာ သတ်မှတ်ကာလ နောက်ဆုံးနေ့တွင် လာရောက်ကြည့်ရှု ပြင်ဆင်၊ လျှောက်ထားသူ ပိုမိုများပြားခဲ့ကြောင်း မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်ရှိ ရပ်/ကျေး ကော်မရှင် အဖွဲ့ခွဲထံမှ သိရသည်။

"မဲစာရင်း ကြည့်ရှု၊ ပြင်ဆင်၊ လျှောက်ထားခွင့်ကာလနောက်ဆုံးနေ့ဆိုတော့ အရင်နေ့တွေထက် လာရောက်ကြည့်ရှုတဲ့သူတွေ ပိုများတယ်။ အရင်နေ့တွေကလည်း လာကြည့်ကြတယ်ဆိုပေမယ့် ဒီနေ့က ရုံးပိတ်ရက်လည်းဖြစ်တော့ ပိုပြီးများတယ်။ လာရောက်ကြည့်ရှုသူအားလုံးကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ချမှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေအတိုင်း အဆင်ပြေအောင်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု အဆိုပါ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တစ်နိုင်ငံလုံး မဲစာရင်းများကို စက်တင်ဘာ ၁၄ ရက်မှ ၂၇ ရက်အထိ ကြေညာခဲ့ပြီး မဲဆန္ဒရှင်များအနေဖြင့် ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်များက ဆောင်ရွက်ပေးခဲ့ရာ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်ရှိ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲတွင် ပုံစံ(၃)ဖြင့်လျှောက်ထားသူ ၁၀၃၅ ဦး၊ ပုံစံ (၃-က)ဖြင့် လျှောက်ထားသူ ၃၀၁ ဦး၊ ပုံစံ (၄) ဖြင့် ကန့်ကွက်သူ ၅၇ ဦး၊ ပုံစံ (၄-ဂ) ဖြင့် လျှောက်ထားသူ ၃၂၀ ဦး ရှိကြောင်း သိရသည်။

ထိုသို့ လာရောက်လျှောက်ထားသူများအနက်မှ စက်တင်ဘာ ၂၇ ရက် တစ်ရက်တည်းတွင် ပုံစံ (၃) ဖြင့် လျှောက်ထားသူ ၂၂၅ ဦး၊ ပုံစံ (၃-က) ဖြင့် လျှောက်ထားသူ ၆၀ ၊ ပုံစံ (၄) ဖြင့် ကန့်ကွက်သူ ကိုးဦး၊ ပုံစံ (၄-ဂ) ဖြင့် လျှောက်ထားသူ ၇၀ အထိရှိခဲ့သည်။

ယင်း ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲတွင် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၁၈၄၅၃ ဦး၏ အမည်စာရင်းများကို ထုတ်ပြန်ထားကြောင်း သိရသည်။

"အရင်ရက်တွေက အလုပ်မအားလို့ လာမကြည့်ခဲ့ဘူး။ ဒီနေ့က နောက်ဆုံးရက်ဆိုတော့ အလုပ်နားပြီး လာကြည့်တာပါ။ မဲစာရင်းမှာ မပါသေးလို့လျှောက်ခဲ့တယ်။ မဲပေးခွင့် မဆုံးရှုံးခဲ့တဲ့အတွက် ကျေနပ်ပါတယ်"ဟု မဲစာရင်းလာရောက်ကြည့်ရှုသူ နေ့စားအလုပ်သမား ကိုထွန်းက ပြောသည်။



သတင်း - ဇော်ကြီး(ပဏ္ဍိတ)
ဓာတ်ပုံ - မြင့်ဝေ

# ❖ မြန်မာ့သွေးမှ

သုံးချီ စိန်ခေါ် ပွဲ တစ်ပွဲ၊ လေးချီစိန်ခေါ်ပွဲ သုံးပွဲ၊ ငါးချီစိန်ခေါ်ပွဲ ငါးပွဲ စုစုပေါင်း ပွဲစဉ် ၁၁ ပွဲကို ယှဉ်ပြိုင်ထိုးသတ်ကြသည်။

ပွဲစဉ် ၁၁ ပွဲ ကျင်းပခဲ့ရာ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပရိသတ်အထူးမျှော်လင့်စောင့်စားနေသော ၂၀၁၃ အာဆီယံရွှေတံဆိပ်ဆုရှင် တူးတူး (နဂါးမာန်)နှင့် စောဂေါ်မူဒို(သတ္တိ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီတွင် တူးတူးက အကဲစမ်းသည့် ကန်လုံး၊ ထိုးလုံးတို့ဖြင့် ထိုးသတ်သလို စောဂေါ်မူဒိုကလည်း အောက်ခြေဖြတ်ကန်ချက်၊ ညာထောက်လက်သီး၊ ခြေထောက်ကန်ချက်တို့ဖြင့် ထိုးသတ်ကြသည်။ ဒုတိယအချီတွင် တူးတူး၏ ပြင်းထန်အားပါသော ညာခြေကန်ဖြင့် စောဂေါ်မူဒို၏ နားအုံကို ထိထိမိမိကန်ခဲ့ပြီး ဆင့်ကန်လုံးများကို တရစပ်ဖြင့် တူးတူးယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။

စောဂေါ်မူဒိုကလည်း အားပါသော ညာဝိုက်လက်သီးများ၊ ကန်လုံးများ ပြန်လည်ခုခံထိုးသတ်ခဲ့သည်။ တတိယအချီ အရောက်တွင် တူးတူးက ပတ်ကန်လုံးချုပ်ဒူး၊ နောက်ပြန်ကန်လုံးများ အသုံးပြုသလို စောဂေါ်မူဒိုကလည်း လက်သီးတွဲဆိုင်းများ ခေါင်းတိုက်ချက်များ အသုံးပြုယှဉ်ပြိုင် ထိုးသတ်နေစဉ် မီးပြတ်တောက်သွားသဖြင့် သုံးမိနစ်ခန့် ပွဲချိန်နားခဲ့သည်။

ထို့နောက် ပွဲကို ဆက်လက်ယှဉ်ပြိုင်ရာ စတုတ္ထအချီတွင် တူးတူးနှင့် စောဂေါ်မူဒို သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ထိုးသတ်စဉ် စောဂေါ်မူဒို၏ ညာဝိုက်လက်သီးများ တူးတူးထိမှန်ခဲ့သလို တူးတူးကန်လုံးများကလည်း စောဂေါ်မူဒိုကို ထိမှန်ခဲ့သည်။

ပဉ္စမအချီအရောက်တွင် တူးတူးက စောဂေါ်မူဒိုကို ထိချက်မှန်သော ကန်လုံးထိုးလုံးများဖြင့် ယှဉ်ပြိုင်ထိုးသတ်သဖြင့် စောဂေါ်မူဒို လဲကြပြီး အမှတ်စဉ်ရေတွက်ခဲ့ရပြီးနောက် ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ကြရာ ဘယ်သူဘယ်သူမှ အလဲမထိုးနိုင်ဘဲ သရေပွဲဖြင့်သာ ပြီးဆုံးခဲ့သည်။

အခြားပွဲစဉ်ဖြစ်သည့် သုံးချီအမျိုးသမီးစိန်ခေါ်ပွဲများဖြစ်သည့် မူမူထွေး (မြွေဟောက်မင်း)နှင့် နော်ချဲဖော၊ ချယ်ရီ(မြွေဟောက်မင်း)နှင့် နော်စုစုမြတ် (အားကာ သိပ္ပံ-ရန်ကုန်)တို့က သရေသုံးချီ၊ အမျိုးသားစိန်ခေါ်ပွဲ၌ သားချောလှ (ရက္ခမဏ္ဍိုင်)နှင့် ထွန်းမင်းအောင်(ထွန်းထွန်းမင်းကလပ်)တို့က သရေ၊ လေးချီစိန်ခေါ်ပွဲများဖြစ်သည့် ထွန်းလွင်မိုး(နဂါးမာန်)နှင့် စောသူရိန်(သတ္တိ)၊ ကျားဗဟိန်း(အလင်းရောင်)နှင့် မျိုးမာန်သစ်(STL)၊ သိန်းစိုး(T&T)နှင့် မိုက်မိုက်(STL)တို့ ပွဲစဉ်များ၌လည်း သရေအသီးသီးကျခဲ့သည်။

ငါးချီစိန်ခေါ်ပွဲများ၌ ရဲသွေးနီ (တောင်ကလေး)က ကျော်ဝင်းအောင် (T&T) ကို အနိုင်၊ စောမိုက်ရိုင်း (ရွှေဖူး)က စောလှကြည်ထူး(တောင်ကလေး) ကိုနိုင်၊ ဖျံသွေး(အောင်မြန်မာ)က ရှမ်းကို(T&T)ကို နိုင်ခဲ့ပြီး သွေးသစ်အောင် (နဂါးနီ)နှင့် စိုးလင်းဦးတို့က သရေကျခဲ့သည်။

# မြန်မာ့အသံချစ်သူများအဖွဲ့ ဒုတိယအကြိမ် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၇**

သောတရှင်များ အချင်းချင်းကြားတွင် လည်းကောင်း၊ သောတရှင်များနှင့် မြန်မာ့အသံဝန်ထမ်းများ အကြားတွင်လည်းကောင်း ရင်းနှီးခင်မင်စွာ အဆက်အသွယ်များရရှိနိုင်စေရန်၊ အင်တာနက်နှင့် အခြားအရင်းအမြစ်များမှ ရရှိလာသည့် သတင်းအချက်အလက်များ မှန်၊ မမှန် အတည်ပြုပေးနိုင်မည့် အမာခံဒေသခံများရရှိစေရန်၊ မြန်မာ့အသံအတွက် ဒေသဆိုင်ရာ သတင်းထောက်များအဖြစ် အထောက်အကူဖြစ်စေရန်၊ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ပြည်သူ့ဝန်ဆောင်မှု အသံလွှင့်အစီအစဉ်များ ပိုမိုထုတ်လွှင့်နိုင်ပြီး ပြည်သူကိုဗဟိုပြုသည့် အနှစ်သာရပီပြင်ကာ မြန်မာ့အသံနှင့် ပြည်သူများအကြား ယုံကြည်မှုပိုမိုခိုင်မာလာစေရန် ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများအဖွဲ့၊ အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူး(အသံလွှင့်) ဦးဇေယျာက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။ ယင်းနောက် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် ဝိုင်းလေး၊ ဆူဇီ၊ နန်းမြတ်ဖြိုးသင်း၊ စောမင်းနောင်၊ မျိုးဆွေသန့်၊ မီမီခိုင်၊ နန်းစန္ဒီတင်ကြွယ်၊ အိမွန်မွန်စိုးနဲ့ ဒေသခံတိုင်းရင်းသားတေးသံရှင်များ၊ မြန်မာ့အသံဝန်ထမ်းများက တေးသီချင်းများနှင့် ဖျော်ဖြေတင်ဆက်သည်။

အခမ်းအနားကို PSI Myanmar အဖွဲ့က ပံ့ပိုးကူညီကျင်းပခြင်းဖြစ်ပြီး PSI မှ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတစ်ခုဖြစ်သည့် သားဆက်ခြားခြင်းဆိုင်ရာ ကျန်းမာရေးသိကောင်းစရာများကို ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ ဒေါ်မိုးသူဇာဆွေက ဟောပြောသည်။

ယခုအကြိမ်တွေ့ဆုံပွဲသည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ပထမအကြိမ်ကို မတ် ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကျင်းပခဲ့သည်။ အလားတူ တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ ရက်တွင် မြစ်ကြီးနားမြို့တွင် လည်းကောင်း၊ အောက်တိုဘာ ၂၅ ရက်တွင် မကွေးမြို့တွင်လည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**




# ရတနာပုံကို အနိုင်ယူပြီး ဧရာဝတီအသင်း ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ချန်ပီယံဆု ဆွတ်ခူး

**ရန်ကုန် စက်တင်ဘာ ၂၇**

၂၀၁၅ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရတနာပုံအသင်းနှင့် ဧရာဝတီအသင်းတို့ ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ ဧရာဝတီအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ ဧရာဝတီအသင်းအား ဗိုလ်ချုပ်အောင်ဆန်းဒိုင်းဆုကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက ချီးမြှင့်ပြီး ဆုကြေးငွေကျပ် သိန်း ၃၀၀ ကို ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်းက ချီးမြှင့်သည်။

ပထမဆုရ ဧရာဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဒုတိယဆုရ ရတနာပုံအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ကျပ်သိန်း ၃၀၀ တို့ကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ချီးမြှင့်သည်။

**(ရှိုင်းထက်ဇော်)**


ပြန်လည်ထူထောင်ရေး

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ၂၀၁၅ ခုနှစ် ဇွန်လမှ စက်တင်ဘာ ၂၇ ရက်အထိ ထောက်ပံ့မှုအခြေအနေ ဇယားချုပ်(၂၇-၉-၂၀၁၅)

**နေပြည်တော် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ စက်တင်ဘာ ၂၇ ရက်အထိ တိုင်းဒေသကြီး ခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၆၂၈၇၃ စုမှ လူဦးရေ ၁၆၉၅၀၂၉ ဦး ရေဘေးသင့်ခဲ့ပြီး ၁၃၂ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၉၈၀၃၁၃၀၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၆၇၂၉၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၃၉၉၄၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၃၅၆၉၉၃၀၉၀ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၁၆၀၀၀၀၀ နှင့် ပြန်လည်ထူထောင်ရေးအတွက် တန်ဖိုးငွေကျပ် ၂၉၃၃၁၅၂၇၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၁၆၆၀၈၈၉၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | မျောပါ/ပျက်စီး အိမ်ခြေ | ဘေးသင့် အိမ်ထောင်စု | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | ပြန်လည်ထူထောင် ရေးအတွက် | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ | | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၀၄ | ၆၀၀၀၀၀ | - | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | - | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | - | ၂၈၁၀၅၂ | |
| | ပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | - | ၆၄၀၄၅၇၁၀ | |
| ဇူလိုင်လ (၁၆) ရက်နေ့မှ စက်တင်ဘာလ (၂၇)ရက်နေ့အထိ | | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၆၃ | ၉၆၄၀၁ | ၄၇၃၃၂၉ | ၂၇ | ၄၂၀၀၃၄၀၀ | ၁၄၈၅၀၀၀ | ၁၉၈၅၀၀၀၀ | ၇၇၁၆၆၀၁၃၆ | ၂၆၀၀၀၀၀ | - | ၁၄၃၁၀၄၅၁၃၆ | |
| ၂။ | ကချင်ပြည်နယ် | ၆၉ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၄၀၃၅၉၀၆ | ၁၀၀၀၀၀ | ၄၂၈၃၄၇၅၀ | ၆၂၄၂၀၉၅၆ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၈ | ၁၀၃၂ | ၅၃၂၉ | ၉ | ၁၆၉၉၂၀၀ | - | ၄၈၅၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | - | ၁၂၅၄၈၉၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၂၅၆ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၅၀၁၇၅၀ | - | ၁၁၅၅၀၀၀၀ | ၃၃၃၅၀၃၆၈ | ၁၂၀၀၀၀၀ | - | ၅၅၆၀၃၁၁၈ | |
| ၅။ | ချင်းပြည်နယ် | ၂၉၅၁ | ၄၂၈၃ | ၂၁၉၅၆ | ၁၂ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | - | ၅၇၀၀၉၉၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၃၇၄၁ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၆၀၀၀၀၀ | ၁၅၀၄၈၀၅၂၀ | ၂၂၈၃၀၈၀၉၀ | |
| ၇။ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | ၄၅ | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၆၉ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | - | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၁၄ | ၆၁၆၉၃ | ၃၀၁၆၉၄ | ၂ | ၅၇၆၀၀၀၀ | - | - | ၅၇၃၅၂၆၅၀ | - | ၁၀၀၀၀၀၀၀၀ | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၁၉၁၁၄ | ၁၂၆၈၁၂ | ၄၉၈၀၄၃ | - | ၁၆၀၀၉၆၅၀ | - | ၈၅၅၀၀၀၀ | ၄၄၄၈၅၇၆၀ | - | - | ၆၉၀၄၅၄၁၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၆၇၄ | ၆၁၅၇၆ | ၁ | ၃၅၂၅၀ | - | - | ၁၀၅၅၂၇၄၀ | - | - | ၁၀၅၈၇၉၉၀ | |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | ၃ | ၈၁ | ၃၂၃ | - | - | - | - | - | - | - | - | |
| | စုစုပေါင်း | ၃၈၉၅၄ | ၄၂၁၃၆၈ | ၁၆၈၀၁၁၀ | ၁၂၅ | ၉၄၄၈၃၉၅၀ | ၁၂၉၃၆၄၅၀ | ၉၉၆၄၀၀၀၀ | ၃၄၁၂၈၇၅၁၀ | ၁၀၉၀၀၀၀၀ | ၂၉၃၃၁၅၂၇၀ | ၈၅၂၅၆၃၁၈၀ | |
| | ဇွန်လမှ စက်တင်ဘာလအထိ စုစုပေါင်း | ၃၉၃၅၉ | ၄၂၃၅၁၄ | ၁၆၉၅၀၂၉ | ၁၃၂ | ၉၈၀၃၁၃၀၀ | ၁၆၇၂၉၂၃၀ | ၁၃၉၉၄၀၀၀၀ | ၃၅၆၉၉၃၀၉၀ | ၁၁၆၀၀၀၀၀ | ၂၉၃၃၁၅၂၇၀ | ၉၁၆၆၀၈၈၉၀ | |



ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၌ ပျက်စီးခဲ့သော မိုင် (၁၈/၀)-(၁၈/၁)ကြား တံတားအမှတ် (၁/၁၉) နန်းတီဆင်းတံတား ပေ ၁၆၀ ယာယီရေနိမ့်ဘေလီတံတား ဆောင်ရွက်ပြီးစီးစဉ်။

(ဆောက်လုပ်ရေး)



ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၌ ပျက်စီးခဲ့သော မိုင် (၂၀/၀)-(၂၀/၁) ကြား နန်းသလက်တံတား (၁/၂၁) ဆောင်ရွက်ပြီးစီး၍ ယာဉ်များဖြတ်သန်းနေစဉ်။ (ဆောက်လုပ်ရေး)




ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၌ ပျက်စီးခဲ့သော ဂန့်ဂေါ-ကလေးလမ်း မိုင် (၇၈/၃)-(၇၈/၄) ဇင်ကလင်းတံတား မူလပေ ၁၁၀ မှ ချဉ်းကပ်လမ်း ရေတိုက်စားသွားသည့် အပိုင်းအား ပေ ၁၀၀ ဘေလီတံတား ထပ်တိုးတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး၍ ဖြတ်သန်းသွားလာနေကြစဉ်။

(ဆောက်လုပ်ရေး)

## ဧဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့တွင် စိုးရိမ်ရေမှတ်အောက်ကျဆင်း

**နေပြည်တော် စက်တင်ဘာ ၂၇**

ဧဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် စိုးရိမ်ရေမှတ်အထက် ရှိခဲ့ရာမှ ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းကို ဂရပ်ဖြင့်ဖော်ပြထားသည်။ **(သတင်းစဉ်)**



## ပြန်လည်ထူထောင်ရေး

### အနောက်တောင်မုတ်သုံလေ မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာသွားနိုင်

**နေပြည်တော် စက်တင်ဘာ ၂၇**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မတ္တရာမြို့တွင် ၂ ဒသမ ၈၃ လက်မ၊ မိတ္ထီလာမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ မြောင်းမြမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၁၇ လက်မနှင့် ရန်ကုန် (ဒဂုံမြို့သစ်မြောက်ပိုင်း)တွင် ၁ ဒသမ ၇၇ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

အနောက်တောင် မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာသွားနိုင်သည်။

### ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနလက်အောက်ရှိ ရေဘေးသင့်၍ပျက်စီးသွားသော အခြေခံပညာကျောင်းများအား ပြန်လည်ထူထောင်ရေးအတွက် ဖော်ပြပါအတိုင်း လှူဒါန်းလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**မူလတန်းကျောင်း(၁)ကျောင်းအတွက် လိုအပ်ချက်**


| စဉ် | အကြောင်းအရာ | လိုအပ်ချက် | နှုန်း (ကျပ်သိန်း) | တန်ဖိုး (ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | စာသင်ဆောင် | ၆၀'× ၃၀' မြေတံရှည် ၈' ၁ ဆောင် | ၄၀၀ | ၄၀၀. ၀၀၀ |
| ၂ | ရေသန့်စနစ် | ၁ ယူနစ် | ၃၅ | ၃၅. ၀၀၀ |
| ၃ | စာသင်ခုံ ၄ ယောက်တွဲ(နိမ့်) | အစုံ ၃၀ | ၀. ၃၈၇ | ၁၁. ၆၁၀ |
| ၄ | ဆရာစားပွဲနှင့်ထိုင်ခုံ | ၆ စုံ | ၀. ၆၅ | ၃. ၉၀၀ |
| ၅ | ကျောက်သင်ပုန်း | ၅ ချပ် | ၀. ၃၅ | ၁. ၇၅၀ |
| ၆ | သန့်စင်ခန်း | ၂ ခန်းတွဲ ၁ လုံး | ၁၀ | ၁၀. ၀၀၀ |
| မူလတန်းကျောင်း(၁)ကျောင်းအတွက် ကုန်ကျငွေ | | | | ၄၆၂. ၂၆၀ |


**မူလတန်း(လွန်)ကျောင်း (၁)ကျောင်းအတွက် လိုအပ်ချက်**


| စဉ် | အကြောင်းအရာ | လိုအပ်ချက် | နှုန်း (ကျပ်သိန်း) | တန်ဖိုး (ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | စာသင်ဆောင် | ၉၀'× ၃၀' မြေတံရှည် ၈' ၁ ဆောင် | ၆၀၀ | ၆၀၀. ၀၀၀ |
| ၂ | ရေသန့်စနစ် | ၁ ယူနစ် | ၃၅ | ၃၅. ၀၀၀ |
| ၃ | စာသင်ခုံ ၄ ယောက်တွဲ(မြင့်) | အစုံ ၃၀ | ၀. ၄၃ | ၁၂. ၉၀၀ |
| ၄ | ဆရာစားပွဲနှင့်ထိုင်ခုံ | ၁၀ စုံ | ၀. ၆၅ | ၆. ၅၀၀ |
| ၅ | ကျောက်သင်ပုန်း | ၉ ချပ် | ၀. ၃၅ | ၃. ၁၅၀ |
| ၆ | သန့်စင်ခန်း | ၂ ခန်းတွဲ ၂ လုံး | ၁၀ | ၂၀. ၀၀၀ |
| မူလတန်း(လွန်)ကျောင်း(၁)ကျောင်းအတွက် ကုန်ကျငွေ | | | | ၆၇၇. ၅၅၀ |

**အလယ်တန်းကျောင်း(၁)ကျောင်းအတွက် လိုအပ်ချက်**

| စဉ် | အကြောင်းအရာ | လိုအပ်ချက် | နှုန်း (ကျပ်သိန်း) | တန်ဖိုး (ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | စာသင်ဆောင် | ၁၂၀'× ၃၀' မြေတံရှည် ၈' ၁ ဆောင် | ၈၀၀ | ၈၀၀. ၀၀၀ |
| ၂ | ရေသန့်စနစ် | ၁ ယူနစ် | ၃၅ | ၃၅. ၀၀၀ |
| ၃ | စာသင်ခုံ ၄ ယောက်တွဲ(မြင့်) | အစုံ ၄၀ | ၀. ၄၃ | ၁၇. ၂၀၀ |
| ၄ | ဆရာစားပွဲနှင့်ထိုင်ခုံ | ၁၀ စုံ | ၀. ၆၅ | ၆. ၅၀၀ |
| ၅ | ကျောက်သင်ပုန်း | ၉ ချပ် | ၀. ၃၅ | ၃. ၁၅၀ |
| ၆ | သန့်စင်ခန်း | ၂ ခန်းတွဲ ၃ လုံး | ၁၀ | ၃၀. ၀၀၀ |
| အလယ်တန်းကျောင်း(၁)ကျောင်းအတွက် ကုန်ကျငွေ | | | | ၈၉၁. ၈၅၀ |




### ကျောက္ကာကျေးရွာရှိ ရေဘေးသင့်ပြည်သူများအတွက် နေအိမ်များစတင်ဆောက်လုပ်

**ကလေး စက်တင်ဘာ ၂၇**

ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ကလေးဒေသအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းရေ၊ မြောင်းရေများလျှံတက်ကာ ကလေးမြို့နယ်အတွင်း၌ လယ်ယာမြေ၊ အိုးအိမ်နှင့် အခြားကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး နိုင်ငံတော်၏စေတနာ၊ ပြည်သူများထံမှ စေတနာရှင်၊ အလှူရှင်များနှင့် လူမှုကူညီရေး အသင်းအဖွဲ့အစည်းများ၏ ထောက်ပံ့မှုများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာ ယခုအခါ ကျောက္ကာကျေးရွာ ရေဘေးသင့်ပြည်သူများအတွက် နေအိမ်များ စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီသုံးခု၏ တာဝန်ခံ ဦးရဲအောင်က “အိမ်ဆောက်မယ့် သစ်တွေအချိန်မီမရောက်တဲ့ အခက်အခဲတွေဖြစ်နေတော့ သတ်မှတ်ကာလအတွင်းမှာ ပြီးစီးအောင်ဆောက်လုပ်နိုင်ဖို့ အခက်အခဲတွေရှိပါတယ်”ဟု ပြောသည်။

ကလေးမြို့နယ် ကျောက္ကာကျေးရွာတွင် ပျက်စီးသွားသည့် အိမ်များအစား နေအိမ် ၁၀၁ လုံး ဆောက်လုပ်ရန် လျာထားရာမှ ယခုအခါ ဆန်းသစ်စဦး၊ အောင်မိုး မြေ၊ ဘုန်းမြတ်ဖြိုး၊ ပန်းမွန်၊ Holy Land နှင့် Myanmar Land ကုမ္ပဏီတို့က တာဝန်ယူပြီး အိမ်အလုံး ၃၀ အား စက်တင်ဘာ ပထမပတ်မှစ၍ စတင်ဆောက်လုပ်ပေးနေကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



# စာရေးဆရာကောင်းဖြစ်ရန် ကျင့်ဝတ်သိက္ခာ၊ စာပေဝမ်းစာပြည့်ဝမှုရှိရန်လိုအပ်

**ရန်ကုန် စက်တင်ဘာ ၂၇**

တာဝန်ကျေသော စာရေးဆရာကောင်းတစ်ဦးဖြစ်ရန် စာဖတ်များမှု၊ တု၊ စု၊ ပြု တို့အပြင် ကျင့်ဝတ်သိက္ခာ စာပေဝမ်းစာပြည့်ဝမှုတို့ရှိရန် လိုအပ်သည်။ ယနေ့ခေတ် အွန်လိုင်းစာပေ ဝတ္ထုအရေးအသားများတွင် စကားပြေအပြောကို အားပြုလာပြီး အဖွဲ့၊အနွဲ့ အားထုတ်ရေးသားမှု လျော့နည်းလာသည်ကို တွေ့မြင်ရသည်ဟု ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ စာပေဗိမာန်ခန်းမ၌ ကျင်းပသည့် "ဝတ္ထုတို အနှစ်သာရများ"ခေါင်းစဉ်ဖြင့် စာပေစကားဝိုင်းဆွေးနွေးပွဲမှ သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဆရာကြည်မင်း၊ ဆရာကိုရိုးကွန့်၊ ဆရာမ ကြူကြူသင်း၊ ဆရာမနှင်းဝေငြိမ်း၊ ဆရာမ ဝါဝါ(အင်းစိန်)တို့က ဝတ္ထုတိုများဖြင့် ရသပေးစွမ်းပြီး ပြည်သူကို အကျိုးပြုပုံ၊ အယ်ဒီတာနှင့် မှတ်ကျောက်တင်ခံနိုင်မှ ဝတ္ထုကောင်းများဖြစ်ပေါ်လာနိုင်ပုံ၊ အွန်လိုင်းတွင် ရေးသားနေကြသော ဝတ္ထုတိုများ၌ အားနည်းချက်၊ အားသာချက်များ ရှိကြပုံတို့ကို သိုက်သိုက်ဝန်းဝန်းဖြင့် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ညှိနှိုင်းဆွေးနွေးသူအဖြစ် ပါဝင်သူ စာရေးဆရာကြည်မင်းက ဝတ္ထုတိုအခန်းကဏ္ဍဖြင့် စပ်လျဉ်း၍ "ဝတ္ထုတိုအခန်းကဏ္ဍအနေနဲ့ပြောရရင် တချို့က ယနေ့ပျောက်ကွယ်သွားပြီလို့ ပြောနေကြတယ်။ တချို့ကလည်း နည်းသွားတယ်၊ လျော့သွားတယ်လို့ ပြောကြပေမယ့် သူ့ကဏ္ဍမှေးမှိန်သွားပြီလို့ ဆရာမထင်ဘူး။ သူ့ပရိသတ်နဲ့သူရှိနေပါတယ်။ စာအုပ်ရောင်းအားကောင်းမှုနဲ့ တိုင်းပြီးပြောနေကြတာဖြစ်လိမ့်မယ်။ မြန်မာဝတ္ထုတိုလောကမှာ ကမ္ဘာကနေ အလေးထားလောက်တဲ့ ဝတ္ထုတိုတွေလည်း ရှိနေတာပဲဆိုတာကို ပြသဖို့ ဒီပွဲကို ကျင်းပတာပါ။ အခုခေတ်မှာ အင်တာနက်၊ တီဗွီဖျော်ဖြေရေးတွေနဲ့ စိတ်ဝင်စားစရာတွေ ပေါများတယ်။ ရုန်းကန်နေကြရတဲ့ခေတ်လည်းဖြစ်တယ်။ ဒါပေမယ့် စာဖတ်တဲ့အခါမှာတော့ ရသစာပေကို ဖတ်ရှုဖို့တိုက်တွန်းချင်ပါတယ်"ဟု သုံးသပ်သည်။

ဆရာမ ကြူကြူသင်းကလည်း "တာဝန်ကျေတဲ့ စာရေးဆရာကောင်းတစ်ယောက် ဖြစ်ဖို့ဆိုရင်တော့ စာရေးဆရာကောင်းတစ်ယောက်ရဲ့ ကျင့်ဝတ်သိက္ခာနဲ့သက်လုံကောင်းမှု ဝမ်းစာကတော့ ရှိရပါမယ်။ စာလည်းဖတ်ရမယ်။ ဒါမှ တု၊ စု၊ ပြု လုပ်နိုင်မယ်။ လူငယ်တွေကို စာများများဖတ်ဖို့ နှိုးဆော်ဖို့လိုတယ်။ အခုခေတ် အွန်လိုင်းစာမျက်နှာပေါ်က ဝတ္ထုတိုတွေက အပြောစကားပြေကို အားပြုလာပြီး အဖွဲ့၊ အနွဲ့ အားထုတ်မှု လျော့လာတယ်။ စာလုံးပေါင်းသတ်ပုံမှားယွင်းမှုတွေလည်း တွေ့လာရတယ်"ဟု ဆိုသည်။

ဆရာမနှင်းဝေငြိမ်းက "အခုခေတ် လူငယ်တွေမှာ ဉာဏ်ပညာရင့်ကျက်မှုနဲ့ တော်တာတွေ အများကြီးရှိတယ်။ ဒါကိုတော့ အသိအမှတ်ပြုရပါမယ်။ ဒါပေမယ့် ဖေ့စ်ဘွတ်မှာ မြန်မာစာလုံးတွေကိုဖျက်ပြီး ပြောနေ၊ ရေးနေကြတာတွေကို တွေ့ရတယ်။ မြန်မာစကားနဲ့စာပေမှာ အသုံးအနှုန်း ဝေါဟာရက အလွန်ကျယ်ပြန့်နက်နဲတယ်။ ဒီလိုအရေးမျိုးတွေ အွန်လိုင်းစာပေတွေမှာ မတွေ့ရဘူး။ သူတို့ရေးသားဟန်တွေက တိုက်ရိုက်စနစ်တွေများပြီး ဖြစ်စဉ်ပြအကျိုးအကြောင်းပြတွေ နည်းနေတယ်။ အွန်လိုင်းစာရေးဆရာလို့ ခံယူသူတွေက ပုံနှိပ်ကို ပြောင်းရေးမယ်ဆိုတဲ့အသိရှိကြတယ်။ အွန်လိုင်းက လက်ရည်သွေးတာလို့ မြင်ပါတယ်"ဟု ဆိုသည်။

ဆရာကိုရိုးကွန့်ကလည်း "ကောင်းတာတွေရှိပေမယ့် သတ်ပုံသတ်ညွှန်းတွေကို ဂရုမစိုက်တော့ဘူး။ သတ်ပုံမှားတော့ ဖတ်ရတာအရသာပျက်တယ်။ ရည်ရွယ်ချက်ပျောက်တယ်။ ဝတ္ထုတိုတစ်ပုဒ်ကို ရေးသားရတာ လွယ်ကူတယ်လို့ယူဆကြတယ်။ တကယ်တမ်းအသေအချာဖန်တီးပြီး စိတ်လှုပ်ရှားမှုအလွမ်းတွေ၊ အမုအရာတွေ သက်ဝင်လှုပ်ရှားအောင် ရေးသားဖန်တီးဖို့က စာဖတ်သူစိတ်ထဲမှာ စွဲထင်ကျန်ရစ်အောင်ရှိအောင်ရေးဖို့ ဆိုတာကတော့ ခက်ခဲပါတယ်"ဟု ပြောသည်။

ဆွေးနွေးပွဲတွင် စာရေး ဆရာ၊ ဆရာမများက ၎င်းတို့၏ ငယ်စဉ်က ဖတ်ရှုခဲ့သည့် စာပေများအကြောင်း၊ စွဲထင်ကျန်ခဲ့သည့် ဝတ္ထုတိုများအကြောင်း၊ ဆောင်းပါးများနှင့် ၎င်းတို့ကိုယ်တိုင် ဖန်တီးရေးသားခဲ့သည့် စာပေများအကြောင်းနှင့် ကြိုးပမ်းအားထုတ်မှုများကို ဆွေးနွေးမျှဝေခဲ့သည်။

အဆိုပါ စာပေဗိမာန် စကားဝိုင်းဆွေးနွေးပွဲကို ယခုနှစ်တွင် ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ဇူလိုင် ၂၆ ရက်က "ဝတ္ထုရှည် အနှစ်သာရများ" ခေါင်းစဉ်ဖြင့် ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိခဲ့သော ဝတ္ထုရှည်များကို ဆရာဦးအေးချို (မဟာဝိဇ္ဇာ)၊ ဆရာနွေသင်နိုင်၊ ဆရာ လက်ာရည်ကျော်၊ ဆရာမ မစန္ဒာ၊ ဆရာမ ရွှေသဥ္ဇာတို့က အပြုသဘောခြုံငုံသုံးသပ်ခဲ့ကြကြောင်း သိရသည်။

စာပေဗိမာန်အနေဖြင့် မြန်မာစာပေဖွံ့ဖြိုးရေး၊ တိုးတက်ရေး ဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများကို စောင့်ထိန်းကာ ဆက်လက်တိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေနိုင်ရန် ဆောင်ရွက်ခြင်း၊ စာတမ်းများနှင့် သက်ဆိုင်သော အနှစ်သာရများကို ဖော်ထုတ်ဆွေးနွေးသည့် စာပေဗိမာန် စာပေစကားဝိုင်းများ ကျင်းပခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါဆွေးနွေးပွဲသို့ စာပေချစ်မြတ်နိုးသူများ၊ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

**သတင်း- မြတ်စန္ဒီသင်းဇော်**
**ဓာတ်ပုံ -ရဲထွန်း**



# ကုန်သွယ်မှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ဝက်ဘ်ဆိုက်ပေါ်တွင် ကြည့်ရှုနိုင်တော့မည်

**ရန်ကုန် စက်တင်ဘာ ၂၇**

အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ဦးစားပေးကဏ္ဍများနှင့် အခြားပို့ကုန်လုပ်ငန်းများမှ လိုအပ်သော ကုန်သွယ်မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဝက်ဘ်ဆိုက်ပေါ်တွင် ကြည့်ရှုနိုင်တော့မည်ဖြစ်ကြောင်း ကုန်သွယ်မှုသတင်းအချက်အလက်နှင့် ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းအဖွဲ့ထံမှ သိရသည်။

"ကုန်သွယ်မှုနဲ့ပတ်သက်တဲ့သတင်းအချက်အလက်တွေ ဒီဝက်ဘ်ဆိုက်ကို ဝင်ကြည့်လိုက်တာနဲ့တစ်ပြိုင်တည်း သိနိုင်ဖို့အတွက်ဆိုပြီး ဒါကြိုတင်ပြင်ဆင်တဲ့အပိုင်းပါ။ အခုလို လူချင်းတွေ့ပြီး ဌာနဆိုင်ရာမှာ ဝင်ရောက်ပြီးတော့ မေးမြန်းစရာမလိုဘဲ သတင်းတွေသိနိုင်မှာပါ။ အခုဆို ဒီဝက်ဘ်ဆိုက်မှာ ဈေးနှုန်းတွေ စတင်နေပါပြီ။ ဥပမာ ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းပေါက်ဈေးပါ။ တစ်တင်းဈေးလား၊ တစ်ပိဿာဈေးလား၊ တစ်တန်ဈေးလား အကုန်လုံးကြည့်လို့ရအောင် ဘယ်မြို့က ကုန်စည်ဒိုင်ဈေးနှုန်းကို သိချင်တာလဲ။ အကုန်လုံးကြည့်လို့ရအောင် ဆရာတို့က စီစဉ်ထားတာဖြစ်ပါတယ်" ဟု ကုန်သွယ်မှုသတင်းအချက်အလက်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူ ဦးဝင်းမြင့်က ပြောသည်။

အဆိုပါအဖွဲ့အနေဖြင့် ကုန်သွယ်မှုနှင့်ပတ်သက်သည့် လိုအပ်သော သတင်းအချက်အလက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် လိုအပ်သော သတင်းအချက်အလက် အကဲဖြတ်မှုစစ်တမ်းတစ်ခုကို လူထုထံမှ စစ်တမ်းပြန်လည်ကောက်ယူနေကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့အနေနဲ့က သတင်းတွေတော့ ထုတ်ပေးပါရဲ့ သတင်းကို အသုံးပြုမယ့်သူတွေအတွက် အသုံးတည့်တဲ့ဟာ မဖြစ်မှာစိုးတဲ့အတွက်ကြောင့် မေးခွန်းတွေထုတ်ပြီး လိုအပ်တဲ့ သတင်းအချက်အလက် အကဲဖြတ်မှု စစ်တမ်းတစ်ခု လူထုဆီကနေ စစ်တမ်းပြန်ကောက်နေပါတယ်။ တစ်ချိန်မှာ ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ အချက်အလက်အားလုံး ဒီဝက်ဘ်ဆိုက်ပေါ်မှာ ကြည့်လိုက်မယ်ဆိုရင် အလွယ်တကူ အချိန်မရွေး ၂၄ နာရီ ကြည့်လို့ရအောင် စီစဉ်ထားတာပါ။ ပြည်ပအတွက်ကိုလည်း ပြည်ပနဲ့သက်ဆိုင်တဲ့ သတင်းတွေပေးပါမယ်။ ပြည်တွင်းအတွက်ကိုကျတော့ ပြည်ပကနေဝယ်ချင်တဲ့ သူတွေရှိရင်လည်း ဒီပေါ်မှာ ချိတ်ဆက်နိုင်အောင် လုပ်ပေးမှာပါ"ဟု ၎င်းက ထပ်မံပြောသည်။

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းအဖွဲ့သည် အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy) အောက်ရှိ အထောက်အကူပြုအဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ကုန်သွယ်မှုနှင့်ပတ်သက်သည့် အချက်အလက်များကို တစ်နေရာတည်းတွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် www. Trade. gov.mm ဝက်ဘ်ဆိုက်ကို ဖွင့်လှစ်ထားကြောင်း၊ အဆိုပါဝက်ဘ်ဆိုက်အား ပြည်တွင်းသာမက ပြည်ပမှလည်း ဝင်ရောက်ကြည့်ရှုနိုင်ရန် မြန်မာ၊ အင်္ဂလိပ် ဘာသာနှစ်မျိုးဖြင့် ဖွင့်လှစ်ထားကြောင်းသိရသည်။ **(၀၀၄)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ညောင်တုန်း စက်တင်ဘာ ၂၇**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့်(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်တုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးမောင်မောင်တင် ဦးဆောင်သော မြို့နယ်ရဲတပ်ဝင်ဖွဲ့များသည် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက အမှတ်(၂)အထက ကျောင်းဝင်းအတွင်း၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ညောင်တုန်းမြို့မ၊ ချောင်းကြီးတိုက်နယ်+မဲဇလီ၊ ဆားမလောက်၊ ကြိမ်ပင်ဆယ်ရဲစခန်းများမှ အရာရှိ အရာခံရဲတပ်ဖွဲ့ဝင် ၈၅ ဦးနှင့် တပ်ဖွဲ့ဝင်မိသားစုအင်အား ၄၅ဦး စုစုပေါင်း ၁၃၀ တို့က ကျောင်းဝင်းအတွင်း/အပြင်ရှိ အမှိုက်များ၊ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ခြင်များခိုအောင်းနိုင်သည့် ချိုင့်ခွက်များအား မြေဖို့ခြင်း၊ ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေမြောင်းများအတွင်းမှ အမှိုက်များ ဆယ်ယူခြင်း၊ ကျောင်းဝင်းအတွင်း ပေါင်းမြက်ရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(၀၇၆)**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်ပြုပြင်မှု နိုဝင်ဘာလအပြီးဆောင်ရွက်မည်

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးပင်မဆောင် ပြုပြင်မှုကို နိုဝင်ဘာလအပြီး ဆောင်ရွက်ရန် လျာထားကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုက ပြောသည်။

"ပင်မဆောင်ကြီးဆိုရင် ကိုလိုနီခေတ်က အဆောက်အအုံကြီးပါ။ အဲဒီဟာက ၇၀ရာခိုင်နှုန်းပြီးသွားပြီ။ ကျန်တဲ့ ၃၀ ရာခိုင်နှုန်းကို ဆက်ပြီးပြင်နေတယ်။ နိုဝင်ဘာလမှာ ပြီးဖို့လျာထားပါတယ်"ဟု ၎င်းကပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို တိုးချဲ့ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများလုပ်ဆောင်နေကာ နှစ်စဉ် ဘတ်ဂျက်တိုးမြှင့်ချထားပေးသော်လည်း ဘဏ္ဍာငွေ လိုအပ်ချက်များရှိကြောင်း သိရသည်။

"ဘတ်ဂျက်ကတော့ နှစ်စဉ်နှစ်စဉ် တိုးပြီးတော့ ချထားပေးပါတယ်။ ကျွန်တော်တို့ဆေးရုံကြီးအနေနဲ့ ဥပမိရုပ်အပိုင်းမှာ ပင်မဆောင်ကြီးဆိုရင်လည်း နှစ်ပေါင်းတစ်ရာကျော် ဖြစ်နေပြီဆိုတော့ ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းတွေ ပြန်လုပ်နေတယ်။ လူနာတွေကလည်း နှစ်စဉ်တိုးတက်များပြားလာတဲ့အတွက်ကြောင့် ဒီဘဏ္ဍာငွေအနေနဲ့ကလည်း နှစ်စဉ်လိုအပ်ချက်တွေ ဆက်ပြီးရှိနေပါသေးတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါရန်ကုန်ပြည်သူ့ဆေးရုံကြီးတိုးချဲ့ ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများဖြစ်သည့် ပင်မဆောင် ပြုပြင်မွမ်းမံခြင်း၊ တိုးချဲ့ငါးထပ်ဆောင်ဆောက်လုပ်ခြင်း၊ Cyclotron Pet CT တည်ဆောက်ခြင်း၊ ဆေးသိုလှောင်ရုံတည်ဆောက်ခြင်း၊ Transformers သုံးလုံး ဖြည့်စွက်တပ်ဆင်ခြင်း စသည်တို့ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ လုပ်ဆောင်ခဲ့ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆေးရုံအုပ် ဒေါက်တာ သူရက ပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွက် ကျန်းမာရေးအသုံးစရိတ်အဖြစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်သိန်းပေါင်း ၉၇၀၀၀နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျပ်သိန်းပေါင်း ၁၆၀၀၀၀ တိုးမြှင့်ချထားပေးခဲ့ကြောင်းသိရသည်။

**(သီရိ)**

■



# သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာကမ္မဋ္ဌာန်းဌာနတည်ဆောက်



နိုင်ငံတကာမှ ဗုဒ္ဓဘာသာကို စိတ်ဝင်တစားလာရောက်လေ့လာလိုသူများနှင့် ဝိပဿနာတရားအားထုတ်လိုသူများ အေးချမ်းသာယာစွာ လေ့လာဆောင်ရွက်နိုင်စေရေး၊ ဓမ္မာစရိယ တန်းပေါက်မြောက်ပြီး လမ်းပျောက်နေသော ရဟန်းပညာရှိ လူပညာရှိများအတွက် စိတ်ဓာတ်နှင့် အသိပညာတိုးမြှင့်ပေးနိုင်ရေး၊ ပျောက်ကွယ်ပျက်စီးသွားသည့် ဓမ္မတက္ကသိုလ်များနေရာတွင် အစားထိုးနိုင်ရေးနှင့် အဓိကအချက်ဖြစ်သောနိုင်ငံရပ်ခြားမှ ဘာသာရေးကောလိပ်များ၊ တက္ကသိုလ်များနှင့် ရင်ပေါင်တန်းပခုံးချင်းယှဉ်နိုင်ပြီး ကမ္ဘာသူ/ကမ္ဘာသားများ၏ ဘာသာရေးအသိပညာဆိုင်ရာ နှလုံးသားလိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုရေးတည်းဟူသော ရည်ရွယ်ချက်များဖြင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဦးစီးနာယကပြု၍သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာကမ္မဋ္ဌာန်းဌာနကို စစ်ကိုင်းတောင်ရိုး သော်တာပန်ကျေးရွာအုပ်စု ဥမင်သုံးဆယ်စေတီနှင့် တောင်ဖီလာစေတီအကြား ပတ္တမြားစေတီတောင်ခြေတွင် တည်ဆောက်လျက်ရှိကြောင်းသိရသည်။

"နိုင်ငံပေါင်းစုံက ရှေးဟောင်းဘုရားတွေကို ပုံစံတူထုဆစ်ထားပြီးတော့ တရားအားထုတ်ချိန်မှာ ကြည်ညိုနိုင်အောင်လို့ ဘုရားအဆူအားလုံးကို မုဒြာပုံစံပြောင်းလဲထားပြီး ဓမ္မဗိမာန်ကြီးထဲမှာ ထားရှိပေးထားမှာပါ။ဒါကြောင့် ဖူးမြော်လိုသူတွေနဲ့ သုတေသနပြုလေ့လာသူတွေ လာရောက်ကြည့်ရှုလေ့လာနိုင်ပါတယ်"ဟု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက မိန့်ကြားသည်။

ယင်းကမ္မဋ္ဌာန်းဌာနကို ၂၀၁၀ ပြည့်နှစ်က စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး မြေဧက ၇၀ ဒသမ ၂၆ ဧကပေါ်တွင် တည်ဆောက်နေခြင်းဖြစ်ကာ ၎င်းနေရာတွင် သီတဂူဒီပင်္ကရစေတီတော်၊ ရွှေစည်းခုံစေတီတော်၊ ကမ္မဋ္ဌာန်းဆရာတော်ကျောင်းဆောင်၊ လက်ထောက်ဆရာတော်ကျောင်းဆောင်၊ ယောဂီ ၃၀၀ တရားအားထုတ်နိုင်သောဝိပဿနာဓမ္မဗိမာန်တော်၊ နိုင်ငံတကာမှစေတီပုံစံတူ ၂၂ ဆူ၊ အမျိုးသားယောဂီများအတွက် အဆောင်ငယ်ပေါင်း ၁၀၀၊ အမျိုးသမီးယောဂီများအတွက် အဆောင်ငယ်ပေါင်း ၁၀၀၊ ရုံးဧည့်ခန်းမဆောင်၊ ဂါလန် ၅၀၀၀ ဆံ့ ရေကန်နှစ်လုံး၊ ထမင်းစားဆောင်များနှင့် စားဖိုဆောင်များ စသည်တို့ပါဝင်ကြောင်း ယင်းဌာနကြီးအားတာဝန်ယူတည်ဆောက်နေသော ဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်က ပြောသည်။

"စေတီ ၂၂ ဆူမှာ နိုင်ငံပေါင်းစုံရဲ့ ခေတ်အဆက်ဆက်လက်ရာတွေပါဝင်ပါတယ်။ ပျူခေတ်၊ ပုဂံခေတ်လက်ရာတွေနဲ့အတူ ရွှေတိဂုံ၊ ရွှေစည်းခုံ၊ အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းမှာရှိတဲ့ ဘောရောဗုဒ္ဓေါစေတီ၊ ဗုဒ္ဓဂါယာစေတီအစရှိတဲ့ စေတီပုံစံတူတွေကို တည်ထားပါတယ်။

တရားပြဓမ္မာရုံကြီးခန်းမဆောင် ဘုရားခန်းမှာ သံဝေဇနိယလေးဌာနကိုလည်း တည်ထားသွားမှာပါ။ ဌာနကြီးပတ်ပတ်လည်ဝန်းကျင်တစ်ခုလုံးမှာ အဆင်းအနံ့နဲ့ပြည့်စုံတဲ့ စကားဖြူပင်တွေစိုက်ပျိုးထားပါတယ်။ ဒီကျောင်းတော်ကြီးကို ဆရာတော်ကြီးရဲ့ သက်တော်(၈၀)ပြည့်မွေးနေ့မှာ ဖွင့်လှစ်သွားနိုင်ဖို့ စီစဉ်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုအချိန်တွင် စေတီတော်များ၊ ဆရာတော်ကျောင်းဆောင်များ၊ ဂါလန် ၅၀၀၀ ဆံ့ ရေကန်နှစ်လုံးနှင့် ရုံးဧည့်ခန်းမဆောင်များအပါအဝင် လုပ်ငန်းအားလုံး တည်ဆောက်မှု ရာခိုင်နှုန်း ၈၀ ကျော်ပြီးစီးနေပြီဖြစ်ပြီး ကျန်ရှိနေသေးသော အဆောက်အအုံများကိုလည်း ၂၀၁၆ ခုနှစ်တွင် ဖွင့်လှစ်နိုင်ရန် အမြန်ပြီးစီးရေး ဆောင်ရွက်လျက်ရှိကာ အဆိုပါ ကမ္မဋ္ဌာန်းဌာနကြီးပြီးစီးသွားပါက သီတဂူဆရာတော်ကြီးကိုယ်တိုင်ဦးဆောင်၍ ဝိပဿနာတရားများဟောကြား ပြသပေးသွားမည်ဖြစ်သည်။ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရသည် စစ်ကိုင်းတောင်ရိုးအပြည်ပြည်ဆိုင်ရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးကို ၁၉၉၆ ခုနှစ်တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး သီတဂူဗုဒ္ဓတက္ကသိုလ်(မန္တလေး)ကိုလည်း ၂၀၀၉ ခုနှစ်တွင် တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မြောက်ဦးခရိုင်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**မြောက်ဦး စက်တင်ဘာ ၂၇**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြောက်ဦးခရိုင်ရဲတပ်ဖွဲ့က ကြီးမှူး၍ ကျင်းပသော စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် မြောက်ဦးမြို့ ပြည်သူ့ဆေးရုံကြီးအတွင်းရှိ သံဃာဆေးကုသဆောင်၌ ကျင်းပခဲ့သည်။

အဆိုပါစုပေါင်းသွေးလှူဒါန်းပွဲသို့ မြောက်ဦးခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးကျော်သူ၊ မြောက်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်သောင်းနှင့် အရာရှိ၊ အခြားအဆင့်တပ်ဖွဲ့ဝင်များ တက်ရောက်၍ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ ထို့နောက် ကရုဏာလှိုင် သွေးလှူရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးသောင်းရွှေက ဒုရဲမှူးကြီးကျော်သူအား ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် ကရုဏာလှိုင်သွေးလှူရှင်များအသင်းမှ သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား ဖြည့်စွက်အာဟာရများနှင့် ဆေးဝါးများအား ပေးအပ်လှူဒါန်းခဲ့သည်။ စုပေါင်းသွေးလှူဒါန်းပွဲသို့ ရဲတပ်ဖွဲ့ဝင် ၅၀ သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**မြောက်ဦး(ပြန်/ဆက်)**

# ညောင်ဦးတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အဖြစ် ပလတ်စတစ်ကင်းစင်ရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ညောင်ဦး စက်တင်ဘာ ၂၇**

ပုဂံ-ညောင်ဦးမြို့နယ် အတွင်း သန့်ရှင်းသာယာလှပစေရန်၊ ပလတ်စတစ်အမှိုက်များကြောင့် ဖြစ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များ မကျရောက်စေရန်နှင့် ပလတ်စတစ်ကင်းမဲ့ဇုန်ဒေသဖြစ်လာနိုင်စေရန် ရည်ရွယ်၍ အပတ်စဉ်ရုံးပိတ်ရက်စနေနေ့တိုင်း ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်များအသင်းနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များအသင်းတို့ ပူးပေါင်း၍ ပလတ်စတစ်ကင်းစင်နိုင်ရေးအတွက် စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အဖြစ် ၎င်းအသင်းအဖွဲ့များက ညောင်ဦးမြို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ ပုဂံမြို့ဟောင်းသွားလမ်းတစ်လျှောက်နှင့် ထီးလိုမင်းလိုဘုရား၊ စူဠာမဏိဘုရား၊ ဓမ္မရံကြီးဘုရားနှင့် အာနန္ဒာဘုရားသို့ သွားရာလမ်းဘေး ဝဲ၊ ယာများနှင့် ဘုရားအနီးဝန်းကျင်များရှိ ပလတ်စတစ်အမှိုက်များကို စုပေါင်းသန့်ရှင်းရေးကွင်းဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ရာ(အာနန္ဒာဘုရား)အနီး ကွင်းပြင်သို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် လာရောက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ထမ်းများနှင့် ပုဂံ-ညောင်ဦးမြို့ပေါ်ရှိ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းမှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပုဂံ-ညောင်ဦးဒေသအား ပလတ်စတစ်ကင်းမဲ့ဇုန်အဖြစ် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို နံနက် ၇ နာရီ မှ ၈ နာရီအထိ ဆောင်ရွက်ခဲ့ကြကြောင်း သိရပြီး ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၂ နာရီအချိန်တွင် ပုဂံ-ညောင်ဦးမြို့၊ မြင်းကပါကျေးရွာ မနူဟာဘုရား ဗုဒ္ဓပူဇနိယပွဲတော်၌ ထည့်သွင်းကျင်းပမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အရုပ်သွန်းပြိုင်ပွဲသို့ တက်ရောက်ပြီး ဆုရရှိသည့်အသင်းအဖွဲ့များကို ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(IPRD)**

# ဟားခါးမြို့ရေပေးဝေရေးလုပ်ငန်း အချိန်မီပြီးစီးရေး ဆောင်ရွက်

**ဟားခါး စက်တင်ဘာ ၂၇**

ဟားခါးမြို့ပေါ်တွင် တစ်နေ့တခြား လူဦးရေထူထပ်များပြားလာလျက်ရှိပြီး ပြည်သူ့ဝန်ထမ်းများနှင့် မြို့ပေါ်ရပ်ကွက်များရှိ တိုင်းရင်းသားပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဟားခါးမြို့ ရေပေးဝေရေးလုပ်ငန်း ရေအရင်းအမြစ်တည်ရှိသည့် သီးမစ်ချောင်းရေကာတာမှစ၍ ရေသံပိုက်လုံးများ သွယ်တန်းတပ်ဆင်မြှုပ်နှံလျက်ရှိရာ ယခုအခါ ဟားခါးမြို့ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

အဆိုပါ ဟားခါးမြို့ ရေပေးဝေရေးလုပ်ငန်းကို မြန်မာ့အလှကုမ္ပဏီက တာဝန်ယူဆောင်ရွက်ထားခြင်းဖြစ်ပြီး သတ်မှတ်ကာလအချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဟားခါးခရိုင်(ပြန်/ဆက်)**



# ရှမ်းရွာသစ်မြို့ဒေသခံပြည်သူများအတွက် ပျိုးပင်များအခမဲ့ဖြန့်ဝေ

**ရှမ်းရွာသစ် စက်တင်ဘာ ၂၇**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့စိုက်ပျိုးရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းကာဒေသခံပြည်သူများစားသောက်နိုင်ရန်၊ ခြံထွက်သီးနှံများဖြင့် ဝင်ငွေရရှိစေရန်အတွက်ရည်ရွယ်ကာ ရာသီပေါ်သီးနှံများနှင့် ဥယျာဉ်ခြံစိုက်နှစ်ရှည်ခံပျိုးပင်များကို စက်တင်ဘာ ၂၆ ရက်က အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ထိုသို့ ဖြန့်ဝေရာတွင် ရာသီပေါ်သီးနှံများနှင့် ဥယျာဉ်ခြံစိုက်နှစ်ရှည်ခံပျိုးပင်များဖြစ်ကြသော ဒန့်သလွန်ပင်၊ ကင်ပွန်းချဉ်ပင်၊ သရက်ပင်၊ ပိန္နဲပင်၊ ကွမ်းပင်၊ အုန်းပင်၊ ဒူးရင်းပင်နှင့်ငရုတ်ကောင်းပျိုးပင် ၉၅၀၀ အား ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ကိုးအုပ်စုမှ ဒေသခံပြည်သူများအား အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရှမ်းရွာသစ်(ပြန်/ဆက်)**

# နယ်လှည့်ဖျော်ဖြေပွဲမှာ စတီဗင်တိုင်လာနဲ့အတူ တွဲဖက်ဖျော်ဖြေခဲ့တဲ့ တေလာဆွစ်



အမေရိကန် ပေါ့ပ်အဆိုတော် တေလာဆွစ်သည် သူ၏တေးအယ်လ်ဘမ် "1989"၏ နယ်လှည့်ဖျော်ဖြေရေးပွဲများအနက် သောကြာနေ့ညပိုင်းက နက်ရှ်ဗေးလ်မြို့ ဂေးလော့ဒ်ဖျော်ဖြေရေးစင်တာတွင် ပြုလုပ်ခဲ့သောပွဲ၌ အသက်(၆၇)နှစ်အရွယ် ရော့ခ်ကန်ရိုး အဆိုတော်ကြီး စတီဗင်တိုင်လာနှင့်အတူ တွဲဖက်ဖျော်ဖြေခဲ့သည်။

သောကြာနေ့က ပြုလုပ်ခဲ့သော အဆိုပါ ဖျော်ဖြေရေးပွဲစဉ်သည် တေလာ၏ နယ်လှည့်ဖျော်ဖြေရေးပွဲစဉ်များအနက် ရော့ခ်ကန်ရိုး တေးဂီတများ လွှမ်းမိုးခဲ့သည့် ထူးခြားသော ညတစ်ည ဖြစ်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုတစ်ဝန်းရှိ ရော့ခ်ကန်ရိုး ပရိသတ်များ လာရောက်အားပေးခဲ့ကြသည်။

ယင်းဖျော်ဖြေပွဲတွင် တေလာဆွစ်သည် စတီဗင်တိုင်လာ၏တေးဂီတအဖွဲ့ "Aerosmith"၏ ၁၉၉၈ခုနှစ်ခန့်က ရေပန်းစားခဲ့သောသီချင်း "I Don't Want to Miss a Thing" ကို တိုင်လာနှင့်အတူ တွဲဖက်ဖျော်ဖြေခဲ့သည်။ ယင်းသီချင်းသည် "Armageddon" ရုပ်ရှင်၏ ဇာတ်ဝင်တေးလည်း ဖြစ်သည်။

တေလာဆွစ်က သူဖျော်ဖြေခဲ့သော သီချင်း" I Don't Want to Miss a Thing"သည် သူနှစ်သက်သော သီချင်းတစ်ပုဒ်ဖြစ်ကြောင်း ဖွင့်ဟခဲ့ပြီး တေလာသည် ၂၀၁၂ ခုနှစ်က သူ၏ တွစ်တာစာမျက်နှာပေါ်တွင် "Aerosmith ရဲ့ သီချင်းကောင်းတစ်ပုဒ်ဖြစ်တဲ့ I Don't Want to Miss a Thing ဟာ ကျွန်မရဲ့ ဦးနှောက်ထဲမှာ စွဲနေခဲ့တဲ့သီချင်းတစ်ပုဒ်ဖြစ်ပြီး ကျွန်မအတွက် စိတ်ကူးယဉ်စရာ အကောင်းဆုံးသီချင်းတစ်ပုဒ်ဖြစ်တယ်ဆိုတာ လူတွေသိကြရင် ကျွန်မကို သူတို့ အခုထက်ပိုပြီး နားလည်လာနိုင်မှာပါ" ဟုလည်း ရေးသားဖော်ပြခဲ့သည်။

အဆိုပါညတွင် တေလာဆွစ်သည် ကန်းထရီးအဆိုတော် အယ်လစ်စန်ကရာ အက်စ်နှင့်တွဲဖက်၍ " When You Say Nothing At All "တေးသီချင်း ကိုလည်းကောင်း၊ ကယ်လ်စီးဘော်လာရီနီနှင့် အတူတွဲကာ " Love Me Like You Mean It "ကိုလည်းကောင်း သီဆိုဖျော်ဖြေခဲ့သည်။

# ရပ်ဘီကမ္ဘာ့ဖလားကို အားပေးခဲ့ကြတဲ့ မင်းသားဟယ်ရီနှင့် ကိတ်မစ်ဒယ်လ်တန်



ဝေလပြည်နယ်၏ မင်းသားဟယ်ရီနှင့် ဇနီးဖြစ်သူကိတ်မစ်ဒယ်လ်တန်တို့ နှစ်ဦးသည် ပြီးခဲ့သည့်စနေနေ့က လန်ဒန်မြို့တွင် ကျင်းပခဲ့သော ရပ်ဘီကမ္ဘာ့ဖလားပွဲစဉ်များအနက်တစ်ခုဖြစ်သည့် အင်္ဂလန်အသင်းနှင့် ဝေလအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သောပွဲစဉ်ကို သွားရောက်အားပေးခဲ့ကြသည်။

အဆိုပါပွဲစဉ်သို့ မင်းသားဟယ်ရီတို့ ဇနီးမောင်နှံနှင့်အတူ မင်းသားဟယ်ရီ၏ညီဖြစ်သူ မင်းသား ဝီလီယမ်လည်း လိုက်ပါကြည့်ရှုအားပေးခဲ့သည်။

ယင်းသို့ အင်္ဂလန်အသင်းနှင့် ဝေလအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာတွင် ကိတ်မစ်ဒယ်လ်တန်နှင့် မင်းသားဝီလီယမ်တို့နှစ်ဦးက မျိုးချစ်စိတ်ကိုပြသသည့်အနေဖြင့် မိမိတို့ပြည်နယ်ကိုယ်စားပြုအသင်းဖြစ်သည့် ဝေးလ်စ်အသင်းဘက်မှ အားပေးခဲ့ကြပြီး မင်းသားဟယ်ရီကမူ အင်္ဂလန်အသင်းကိုသာ အားပေးခဲ့သည်။

သို့သော် ပွဲစဉ်နှောင်းပိုင်းတွင်မူ မင်းသားနှစ်ပါးမှာ မိမိတို့အားပေးသည့်အသင်းဘက်မှ အကြိတ်အနယ် ဆက်လက်အားပေးခဲ့သော်လည်း ကိတ်မစ်ဒယ်လ်တန်ကမူ မည်သည့်အသင်းကိုမျှစိတ်ဝင်စားခြင်းမရှိတော့ဘဲ ရင်သွေးလေးများဖြစ်ကြသည့် မင်းသားငယ်လေးဂျော့ဂျ်နှင့် မင်းသမီးလေး ကာလိုတီတို့၏ ဝေယျာဝစ္စများနှင့် ခေတ္တကင်းလွတ်ခွင့်ရသည့်အချိန်တွင် အေးအေးဆေးဆေးသာ အနားယူနေခဲ့သည်။

**အေးပြည့် – စုစည်းသည်။**

# ရက်ပ်အဆိုတော် ဖက်တီဝက်ပ် ဆိုင်ကယ်တိုက်မှုကြောင့် ဒဏ်ရာရ



ရက်ပ်တေးသီချင်းများဖြင့် ကမ္ဘာကျော်ခဲ့သော အဆိုတော်ဖက်တီဝက်ပ်သည် နယူးဂျာစီပြည်နယ်ရှိ သူ၏ဇာတိမြို့ဖြစ်သည့် ပက်တာဆန်မြို့အနီးတွင် ပြီးခဲ့သည့်စနေနေ့နံနက်ပိုင်းက ဖြစ်ပွားခဲ့သော မော်တော်ဆိုင်ကယ်တိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော်လည်း ဒဏ်ရာမှာမူ စိုးရိမ်စရာအခြေအနေမရှိပေ။

ဒေသခံရဲအရာရှိများ၏ ပြောကြားချက်အရ အသက်(၂၅)နှစ်အရွယ် အဆိုတော် ဖက်တီဝက်ပ်ကို စိန့်ဂျိုးဇက်ဆေးခန်းသို့ပို့ဆောင်ကာ ဆေးကုသမှုခံယူစေခဲ့ပြီး သူ၏ဘယ်ဘက်လက်မောင်းနှင့်ခြေထောက်တို့တွင် ကွဲရှဒဏ်ရာများသာရရှိခဲ့ပြီး လတ်တလောတွင် စိုးရိမ်စရာအခြေအနေမရှိကြောင်း အမ်ဘီစီနယူးယော့ခ် သတင်းစာသို့ ပြောကြားခဲ့သည်။

ဒဏ်ရာမှာမူ စိုးရိမ်ဖွယ်မရှိသော်လည်း အဆိုတော်သည် လိုင်စင်မရှိဘဲ မော်တော်ယာဉ်မောင်းနှင်မှု၊ ယာဉ်ကို သေချာစစ်ဆေးခြင်းမရှိဘဲ မောင်းနှင်မှုနှင့် လိုင်စင်မဲ့ယာဉ်မောင်းနှင်မှုတို့ဖြင့် တရားစွဲဆိုခံရနိုင်ဖွယ်ရှိကြောင်း အဆိုပါ ရဲအရာရှိများက ဆက်လက်ပြောကြားခဲ့သည်။

ထိုသို့ယာဉ်တိုက်မှုသတင်းပျံ့နှံ့သွားခဲ့သည်နှင့်တစ်ပြိုင်နက် အွန်လိုင်းမီဒီယာပေါ်တွင် ဖက်တီဝက်ပ်အတွက် ဆုတောင်းပေးကြသူများအသင်းကို တည်ထောင်ကာ သူတို့ချစ်သောအနုပညာရှင်အတွက် ကမ္ဘာတစ်ဝန်းရှိ ပရိသတ်များက ဝိုင်းဝန်းဆုတောင်းပေးခဲ့ကြသည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

၂၈ - ၉ -၂၀၁၅ (တနင်္လာနေ့)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-ခြေခြေမြစ်မြစ်
နှစ်နှစ်ကာကာ ချစ်တဲ့
ကာလပေါ်တေးအရသာ
ဂီတရိပ်သာ
(မာမာအေး) (အပိုင်း-၁)
၆း၁၅ "မပော်သဓာ" (အပိုင်း-၁၁)
၆း၅၅ "ထောင်မင်းသားနှင့်
တွေ့ဆုံခြင်း"
၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မြင့်မိုရ်မေမေ"
(အပိုင်း-၂၃)
၇း၅၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ"
(အပိုင်း-၁)
၈း၄၀ တေးဂီတအစီအစဉ်
၈း၅၅ "အချိန်တိုင်း နေရာတိုင်း"
(အပိုင်း-၁၀၊ ၁၁)
၁၀း၀၅ ASEAN Cultural
Fair (1010)
၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း
"ဒေဝင်၏ဥယျာဉ်တော်ဘွဲ့"
(မင်းရာဇာ၊ သဇင်)
(ဒါရိုက်တာ-အာယု)

**တစ်နေ့ (၆)နာရီစာ (၄) ကြိမ်ပြသပါမည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏
ပရိတ်တရားတော်
၆း၂၀ ဆန္ဒတော်ပြည့်စေတီတော်
၆း၄၀ မင်းကွန်းဆရာတော်ကြီး၏
အရပ်ဆယ်မျက်နှာ
မေတ္တာဘာဝနာပွားများခြင်း
တရားတော်
၁၀း၃၅ ပြည်သူတို့ရဲ့ စကားသံများ
၁း၀၅ ဂီတတံခါးလေးဖွင့်ပါဦး
၁း၄၅ "မနိုင်သောအရှုံး"
၂း၀၅ ဂန္တဝင်မြောက်လက်ရာများရဲ့
ဖန်တီးရှင်(အကယ်ဒမီ-
ဒါရိုက်တာ-မောင်မောင်ဦး)
၂း၃၅ နှစ်ရှည်ခံကမ္ဘာ့ဈေးကွက်ဝင်
ကြယ်ပဲပင်
၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး
ရုပ်မြင်သံကြားသင်ခန်းစာ
-တတိယနှစ်(ဒဿနိကဗေဒ
အထူးပြု)(ဒဿနိကဗေဒ)
၄း၅၀ အသက်လည်းအို၊ နေလည်းညို
၅း၁၅ "အမေတူအဖေကွဲ"
(ဒါရိုက်တာ- ဖုန်းမြင့်အောင်)
၅း၃၅ လူမှုစီးပွားမြင်ကွင်းများ
၆း၃၅ အတိတ်ပစ္စုပ္ပန်မှသည်
အနာဂတ်နေ့ရက်များဆီသို့
၆း၅၀ ပြဒါးလင်းဂူကျောက်ခေတ်နံရံ
ပန်းချီများ
၇း၀၀ ထားဝယ်တိုင်းရင်းသားများပါတီ
- ဖက်ဒရယ်ပြည်ထောင်စုပါတီ
၈း၃၅ ဆန္ဒတူညီမဲပေးကြမည်
-ပြည်သူ့နီတိ "တစ်ကောင်ကြွက်"
-နိုင်ငံခြားဇာတ်လမ်းတွဲ
"ညသူရဲကောင်း" (အပိုင်း-၂၉)

## MRTV - 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ရတနသုတ်
၅း၄၀ "သူတော်ကောင်းသည် အားလုံး
အတွက်ဖြစ်သည့်" တရားတော်
(ပါမောက္ခချုပ်ဆရာတော်
ဒေါက်တာဘဒ္ဒန္တနန္ဒမလာ
ဘိဝံသ)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
၈း၀၀ Cartoon Series
(Welcome To Sky Ville)
၉း၄၀ အနုပညာမိုးကောင်းကင်
၁၁း၀၀ သွားမယ်စားမယ်
ခနုဖြူဒေါ်စောရီ(တာမွေ)
၁၁း၂၅ Forever Music Tribute Hip
Hop Show (အပိုင်း-၁)
(ပထမပိုင်း)
၁၁း၄၅ ထောင်မင်းသားနှင့်
တွေ့ဆုံခြင်း
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း"
(အပိုင်း-၅၉)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"အိမ်နီးချင်း" (အပိုင်း-၄၇)
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"လျှို့ဝှက်ဒဏ္ဍာရီ"
(အပိုင်း-၆၆)
၅း၁၀ ခေတ်သစ်ပျိုမေ
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"လျှို့ဝှက်ဒဏ္ဍာရီ"
(အပိုင်း-၆၇)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"အိမ်နီးချင်း"
(အပိုင်း-၄၈)
၈း၁၅ Drive It
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"နေရောင်အောက်မှာ
ပွင့်သောပန်း"
(အပိုင်း-၉၉)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"သွေးနဲ့ရေးတဲ့
သမိုင်းမှတ်တမ်း"
(အပိုင်း-၆၀)
၁၀း၀၀ Global Panorama
(ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၅၀ MRTV-4 Stage
၃း၄၅ အံ့ဖွယ်ထူးခြား
မြေလတ်ဒေသဆီမှ
ဘုရားများ
၄း၁၀ World Of Knowledge
(Seconds From Disaster:
Norway Massacre)

## မြဝတီ

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ ရှေးဟောင်းသုတ
၈း၂၀ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉း၁၀ သူနှင့်သူ၏သီချင်းများ
၄း၂၀ စိုက်ပျိုးသုတ
၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ဇာတ်လမ်းတို
၅း၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂန္တဝင်မြောက်အမုန်း
(အပိုင်း-၅၈)
၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ကြယ်ကလေးတို့ရဲ့
ဂီတမိုးကောင်းကင်
- မေးမြန်းစူးစမ်း
- ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်

# ဘာစီလိုနာအသင်းက လီဗာပူးတိုက်စစ်မှူး ကော်တင်ဟိုအား စိတ်ဝင်စားနေပြီး ရီးယဲလ်မက်ဒရစ်အသင်းက ချယ်လ်ဆီးတိုက်စစ်မှူး အေဒင်ဟာဇက်ကို ခေါ်ယူလို



စပိန်လာလီဂါရဲ့ အင်အားကြီးအသင်းနှစ်သင်းဖြစ်တဲ့ ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ကတော့ ပရီမီယာလိဂ်ရဲ့ စွမ်း ဆောင်ရည်မြင့်မားတဲ့တိုက်စစ်မှူးနှစ်ဦးကို စပိန်မြေအရောက်ခေါ်ယူဖို့ စီစဉ်နေကြပါတယ်။

ဘာစီလိုနာအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ လီဗာပူးအသင်းအတွက် တစ်ဦးချင်းစွမ်းဆောင်ရည်ကောင်းတွေ ပြသထားနိုင်ခဲ့တဲ့ ဘရာဇီးတိုက်စစ်မှူးကော်တင်ဟိုကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်သလို ရီးယဲလ်မက်ဒရစ်အသင်းကလည်း ပြီးခဲ့တဲ့ဘောလုံးရာသီက ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ရဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရယူဆွတ်ခူးထားနိုင်ခဲ့တဲ့ ဘယ်လ်ဂျီယံ တိုက်စစ်မှူး အေဒင်ဟာဇက်ကို ခေါ်ယူဖို့ အလိုရှိနေခဲ့တာပဲ ဖြစ်ပါတယ်။

တိုက်စစ်မှူး အေဒင်ဟာဇက်ဟာ ချယ်လ်ဆီးအသင်းကို မော်ရင်ဟိုဒုတိယအကြိမ်ပြန်လည်ရောက်လာခဲ့တဲ့ နောက်ပိုင်း ပရော်ဖက်ရှင်နယ်ဘောလုံးသမားအဖွဲ့(ပီအက်ဖ်အေ)ရဲ့ တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုနဲ့ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုတို့ကို ဆက်တိုက်ရယူဆွတ်ခူးထားခဲ့တာဖြစ်ပြီး အဲဒီကစားသမားကိုပဲ ရီးယဲလ် မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်က ခေါ်ယူဖို့ ပစ်မှတ်ထားလာခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်ဟာ ပရီမီယာလိဂ်မှာ စွမ်းဆောင်ရည်ကောင်းတွေရှိခဲ့ တဲ့ ကစားသမားနှစ်ဦးဖြစ်တဲ့ မန်ယူတိုက်စစ်မှူး စီရိုနယ်လ်ဒိုနဲ့ စပါးတိုက်စစ်မှူး ဂါရတ်ဘေးလ်တို့ကို ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးတွေပေးကာ ခေါ်ယူခဲ့ဖူးတဲ့ အစဉ်အလာရှိခဲ့သူလည်းဖြစ်တယ်။ ဒါကြောင့် ယခုတစ်ကြိမ် ချယ်လ်ဆီး တိုက်စစ်မှူး ဟာဇက်ကိုပါ ခေါ်ယူဖို့ မျက်စိကနေခဲ့ရာ ပြောင်းရွှေ့ကြေးဈေးကြီးနေပါစေ လက်တွန့်နေမယ့်သူတစ်ဦး မဟုတ်ဘူးဆိုတာလည်း ဟာဇက်ကိုယ်တိုင်သိရှိထားပြီးဖြစ်ပါတယ်။

လက်ရှိမှာ ရီးယဲလ်မက်ဒရစ်အသင်းဟာ အခွင့်အလမ်းနှစ်ရပ်ကို ဆုပ်ကိုင်ထားနိုင်ခဲ့တဲ့အသင်းလို့ဆိုရ မလား။ အဲဒီအခွင့်အရေးတွေဟာ ဘာတွေလဲဆိုရင် တိုက်စစ်မှူး စီရိုနယ်လ်ဒိုကို ပြင်သစ်ပထမတန်းမှာ အချမ်း သာဆုံးအသင်းတစ်သင်းဖြစ်တဲ့ ပီအက်စ်ဂျီအသင်းက ပြောင်းရွှေ့ကြေးပေါင် သန်း ၁၁၀ အထိ ပေးပြီးခေါ်ယူဖို့ ရှိနေခဲ့ သလို တိုက်စစ်မှူးဂါရတ်ဘေးလ်ကိုလည်း မန်ယူအသင်းက အလားတူပြောင်းရွှေ့ကြေးနဲ့ခေါ်ယူဖို့ စီစဉ်နေခဲ့တာပဲဖြစ်ပါတယ်။

ဒါကြောင့် ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ပီရက်ဇ်အနေနဲ့ အဆိုပါကစားသမားနှစ်ဦးကို ရောင်းသည်ဖြစ်စေ၊ မရောင်းဘဲ ဆက်ကစားခွင့်ပြုသည်ဖြစ်စေ သူလိုချင်နေတဲ့ ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇက်ကို ဘာနေဗျူးအရောက် ခေါ်ယူမည့်အကြောင်းလည်း ထုတ်ဖော်ပြောကြားထားပြီးဖြစ်ပါတယ်။

ထို့အတူ လာလီဂါမှာ ထိပ်တန်းအဆင့်ရှိအသင်းတစ်သင်းဖြစ်တဲ့ ဘာစီလိုနာအသင်းကလည်း ရီးယဲလ်မက်ဒရစ် အသင်းနဲ့အပြိုင်ဆိုသလို လီဗာပူးအသင်းမှာ တစ်ဦးချင်းစွမ်းဆောင်ရည်ကောင်းတွေပြသထားနိုင်ခဲ့တဲ့ ကော်တင်ဟိုကို ခေါ်ယူဖို့ လက်မနှေးတဲ့အကြောင်းဖွင့်ဟလာခဲ့တာဖြစ်ပါတယ်။

ဒါ့ကြောင့် လာလီဂါရဲ့ပြိုင်ဘက်အသင်းကြီးနှစ်သင်းအနေနဲ့ လာမယ့်အပြောင်းအရွှေ့ဈေးကွက်အတွင်းမှာ သူတို့အလိုရှိနေတဲ့ ကစားသမားနှစ်ဦးကို အမှန်တကယ်အသင်းအရောက်ခေါ်ယူသွားနိုင်မလားဆိုတာကလည်း စိတ်ဝင်စားစရာဇာတ်လမ်းတစ်ပုဒ်အဖြစ်နဲ့ စောင့်ကြည့်သွားရမှာပဲဖြစ်ပါတယ်။

## ခရစ္စတယ်ပဲလေ့တောင်ပံကစားသမား ဘိုလာစီ စာချုပ်သစ်ချုပ်ဆို



ခရစ္စတယ်ပဲလေ့ တောင်ပံ ကစားသမား ဘိုလာစီသည် အသင်းနှင့် သုံးနှစ်ခွဲသက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ပြီ ဖြစ်သည်။ တောင်ပံ ကစားသမား ဘိုလာစီသည် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် နည်းပြ အလန်ပါဂျူး၏ ခရစ္စတယ်ပဲလေ့ အသင်းအတွက် သွင်းဂိုး လေးဂိုးသွင်းယူပေးနိုင်ခဲ့သည့်အပြင် ဖန်တီးပေးနိုင်မှု ၁၁ ကြိမ်လည်း ပြုလုပ်ပေးနိုင်ခဲ့သူဖြစ်သည်။

ခရစ္စတယ်ပဲလေ့အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်(၁၀)တွင် ရပ်တည်နိုင်ခဲ့ခြင်းကြောင့် ခရစ္စတယ်ပဲလေ့အသင်းအတွက် ရလဒ်ကောင်းများဖန်တီးပေးနိုင်သူအဖြစ် နည်းပြ အလန်ပါဂျူးက မှတ်ချက်ပြုခဲ့သူဖြစ်သည်။ လက်ရှိတွင် စာချုပ်သစ်ချုပ်ဆိုလိုက်ခြင်းကြောင့် တောင်ပံကစားသမား ဘိုလာစီသည် ခရစ္စတယ်ပဲလေ့အသင်း၌ ၂၀၁၉ ခုနှစ်တိုင်အောင် ဆက်ရှိနေမည်ဖြစ်သည်။

## တိုက်စစ်မှူးမက်ဆီ ဒဏ်ရာပြဿနာကြောင့် နှစ်လကြာအနားယူရမည်

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည် စက်တင်ဘာ ၂၆ ရက်ညပိုင်းက လက်စ်ပဲလ်မက်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါပွဲစဉ်တွင် ဘယ်ဒူးဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် နှစ်လကြာအနားယူရမည်ဖြစ်ကြောင်းသိရသည်။ တိုက်စစ်မှူး မက်ဆီသည် ပွဲကစားချိန် ၃ မိနစ်တွင် လက်စ်ပဲလ်မက်နောက်တန်းကစားသမား ပက်ဒရိုဘီဂတ်စ်နှင့် ဘောလုံးယှဉ်လုရာမှ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ပွဲကစားချိန် ၈ မိနစ်တွင် လူစားလဲပေးရန်ပင် တောင်းဆိုခဲ့သည်။

ထို့ကြောင့် တိုက်စစ်မှူး မက်ဆီအား အနီးဆုံးဆေးရုံဖြစ်သည့် Cruz Blanca ဆေးရုံသို့ ပို့ဆောင်ခဲ့ရပြီး ဆေးစစ်ချက်များအရ တိုက်စစ်မှူး မက်ဆီမှာ နှစ်လကြာအနားယူရမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းနည်းပြ ဟင်နရီကေးက ပြောကြားခဲ့သည်။ မက်ဆီသည် ၂၀၁၃ ခုနှစ်ကလည်း တံကောက်ကြောဒဏ်ရာရရှိခဲ့ပြီး ယင်းဒဏ်ရာပြန်လည် ကောင်းမွန်လာခဲ့ခြင်းကြောင့် ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်းအတွက် သွင်းဂိုး ၅၈ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သည်။

## တိုက်စစ်မှူး လီဝန်ဒိုစကီး ဘွန်ဒက်လီဂါသွင်းဂိုး ၁၀၀ မြောက်သွင်းယူ



ဘိုင်ယန်မြူးနစ် တိုက်စစ်မှူး လီဝန်ဒိုစကီးသည် ဘိုင်ယန်မြူးနစ် အသင်းက မိန့်ဇ်အသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင် ရရှိခဲ့သည့် ဘွန်ဒက်လီဂါ ပွဲစဉ်တွင် ဘွန်ဒက်လီဂါ သွင်းဂိုး ၁၀၀ မြောက်သွင်းယူနိုင်ခဲ့သည်။ မိန့်ဇ်အသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့်လည်း ဘိုင်ယန်မြူးနစ်အသင်းမှာ အမှတ်ပေးဇယားထိပ်တွင် ရပ်တည်နိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် တိုက်စစ်မှူး သောမက်မူလာသည် ပထမပိုင်းတွင် ရရှိလာခဲ့သည့် ပင်နယ်တီသွင်းဂိုးကို ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ခြင်းမရှိခဲ့ခြင်းကြောင့် တိုက်စစ်မှူး လီဝန်ဒိုစကီးက ပွဲကစားချိန် ၅၁ မိနစ်တွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် လီဝန်ဒိုစကီးသည် ဘွန်ဒက်လီဂါသွင်းဂိုး ၁၀၀ မြောက်အဖြစ် သွင်းယူအောင်ပွဲခံနိုင်ခဲ့ပြီး ပွဲစဉ်(၇)ပွဲတွင် ၁၀ ဂိုးသွင်းယူနိုင်ခဲ့သည့်စံချိန်လည်း တင်နိုင်ခဲ့သည်။

ငွေကြယ်
စုစည်းသည်

## စက်တင်ဘာ ၂၈ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

| | | |
|---|---|---|
| **ပရီမီယာလိဂ်** | | |
| ဝက်စ်ဘရွန်း - အဲဗာတန် | | နံနက်-၁း၃၀ |
| **စီးရီးအေ** | | |
| ဖရိုစီနိုနီ - အမ်ပိုလီ | | ည-၁၁း၃၀ |
| အတ္တလန္တာ - ဆမ်ဒိုးရီးယား | | နံနက်-၁း၃၀ |

## စက်တင်ဘာ ၂၇ ရက်မှ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များမှ အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ်** | | | | |
| နယူးကာဆယ် | ၂ | - | ၂ | ချယ်လ်ဆီး |
| **စပိန်လာလီဂါ** | | | | |
| ရီးယဲလ်မက်ဒရစ် | ၀ | - | ၀ | မာလာဂါ |
| ဆီဗီလာ | ၃ | - | ၂ | ဗယ်လီကာနို |
| ဗီလာရီးယဲလ် | ၁ | - | ၀ | အက်သလက် |
| အီဘား | ၁ | - | ၁ | ဆဲလ်တာဗီဂို |
| ဂီဂျွန် | ၁ | - | ၂ | ဘက်တစ် |
| ဒီပို့တီဗို | ၃ | - | ၀ | အက်စ်ပန်ညို |
| **ဘွန်ဒက်စ်လီဂါ** | | | | |
| ဟမ်းဘတ် | ၀ | - | ၁ | ရှော်ကေး |
| ဖရန့်ဖတ် | ၁ | - | ၁ | ဟာသာဘာလင် |
| **စီးရီးအေ** | | | | |
| နာပိုလီ | ၂ | - | ၁ | ဂျူဗင်တပ် |
| ဂျီနိုအာ | ၁ | - | ၀ | အေစီမီလန် |
| ဘိုလော့နာ | ၁ | - | ၂ | အူဒီးနီးစ် |
| ဗီရိုနာ | ၁ | - | ၂ | လာဇီယို |
| ဆာစူအိုလို | ၁ | - | ၁ | ချီယေဗို |
| တိုရီနို | ၂ | - | ၁ | ပါလာမို |

မောင်မောင်ဇော်

# ဗန်ဟားလ်နေရာတွင် အစားထိုးရန် ရိုင်ယန်ဂစ်အား ဖာဂူဆန်ထောက်ခံ



မန်ယူအသင်း၏ လက်ရှိနည်းပြ ဗန်ဟားလ်နေရာတွင် အစားထိုးနည်းပြအဖြစ် ခေါ်ယူခန့်အပ်ရန် လက်ရှိ ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာအား နေရာပေးသွားရန် စီစဉ်နေကြောင်း သတင်းများထွက်ပေါ်နေစဉ်တွင် မန်ယူအသင်း၏ ဂန္ထဝင်နည်းပြ ဖာဂူဆန်ကတော့ ဗန်ဟားလ်၏ ရာထူးနေရာတွင်ဆက်ခံရန်မှာ လက်ထောက်နည်းပြ ရိုင်ယန်ဂစ်မှာ အသင့်တော်ဆုံးဖြစ်ကြောင်း ထောက်ခံပြောကြားလိုက်သည်။

အသက်(၄၁)နှစ်အရွယ်ရှိ ရိုင်ယန်ဂစ်သည် လက်ရှိတွင် နည်းပြဗန်ဟားလ်၏ လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် နည်းပြဗန်ဟားလ် မန်ယူအသင်းနှင့် လမ်းခွဲသွားခဲ့ပါက မန်ယူ နည်းပြအဖြစ် တာဝန်လွှဲပြောင်းရယူစေလိုကြောင်းနှင့် သင့်တော်သည့်အနေအထားတွင်ရှိကြောင်း ဖာဂူဆန်က ဆိုခဲ့ခြင်းဖြစ်သည်။

မကြာသေးမီက ထွက်ပေါ်လာခဲ့သည့်သတင်းများအရ ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာမှာ နည်းပြ ဗန်ဟားလ်နေရာတွင် အစားထိုးနည်းပြအဖြစ်ခန့်အပ်ရန် ပထမဦးစားပေးနည်းပြဖြစ်ကြောင်း ဆိုထားသည်။ သို့ရာတွင် လက်ရှိလက်ထောက်နည်းပြ ရိုင်ယန်ဂစ်သည်လည်း နည်းပြတာဝန်များကို ကျွမ်းကျင်စွာလုပ်ကိုင်နိုင်စွမ်းရှိသည်ဟု ယုံကြည်ထားကြောင်း ဖာဂူဆန်က ထုတ်ဖော်ပြောကြားခဲ့သည်။

မန်ယူအသင်းအနေဖြင့် လက်ရှိနည်းပြဗန်ဟားလ် ၂၀၁၇ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်၍ နည်းပြသစ်အတွက် ကြိုတင်စီစဉ်ထားခြင်းဖြစ်သော်လည်း နည်းပြဗန်ဟားလ်ကမူ ယခုစာချုပ်သက်တမ်းကုန်ဆုံးပါက အနားယူမည်ဟုဆိုထားသော်ငြား နောက်ထပ်စာချုပ်သစ်ချုပ်ဆိုမည်၊ မချုပ်ဆိုမည်နှင့် စပ်လျဉ်း၍ တိကျသေချာသောအဖြေတစ်ခုကို ပေးထားခြင်းမရှိကြောင်း သိရသည်။

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

## ပခုက္ကူခရိုင်ကော်မရှင်အဖွဲ့ခွဲ မြိုင်သို့ကွင်းဆင်းဆောင်ရွက်

**မြိုင် စက်တင်ဘာ ၂၇**

ပခုက္ကူခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရွှေကျော့နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှသန်း၊ ဦးဗိုလ်၊ ဦးဇော်ဌေးအောင်၊ ဦးဇော်သူတို့သည် စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက မြိုင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ ရောက်ရှိ၍ မြို့နယ်ကော်မရှင်အဖွဲ့များနှင့်တွေ့ဆုံကာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ မဲဆန္ဒရှင်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးမျိုးမင်းသိန်း၊ အဖွဲ့ဝင် ဦးခင်ဦးတို့သည် မြို့ပေါ်ရှိ အမှတ်(၃)ရပ်ကွက်နှင့် သက္ကယ်ကန်၊ ဘောင့်ဘင်၊ ဂျုတ်ကုန်း၊ ဆိတ်ချေး၊ ဗဟင်းအုပ်စုများရှိ ကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်ကြပြီး ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံကာ မဲဆန္ဒရှင်မဲစာရင်းများ ကြေညာထားရှိမှုရှိ-မရှိ၊ မဲစာရင်း အတိုးအလျှော့ ရှိ-မရှိ၊ ပြည်သူများလာရောက်ကြည့်ရှုမှုအခြေအနေများကို မေးမြန်း၍ မဲစာရင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**အောင်ကျော်မြင့်**

## မိုးရွာသွန်းမှုနည်းပါးသော်လည်း လျာထားဧက ကျော်လွန်စိုက်ပျိုးနိုင်

**မလှိုင် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် မိုးရွာသွန်းမှုနည်းပါးခဲ့သော်လည်း ဒေသခံတောင်သူများက အဝီစိတွင်းများမှရေကိုအသုံးပြု၍ မိုးစပါးစိုက်ပျိုးခဲ့ကြရာ လျာထားဧကကျော်လွန်၍ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်မှာ ဒီနှစ်ရာသီဥတုက မမှန်ဘူး။ ခါတိုင်းမိုးခေါင်တဲ့ ဇူလိုင်လမှာ ဒီနှစ်မိုးပိုခဲ့ပြီး နှစ်စဉ်ရွာသွန်းလေ့ရှိတဲ့ ဩဂုတ်လနဲ့ စက်တင်ဘာလမှာ မိုးမရွာခဲ့ပါဘူး။ စိုက်ချိန် နောက်မကျအောင်လို့ စက်ရေတွင်းသုံးပြီး အားကြိုးမာန်တက် တောင်သူတွေစိုက်ခဲ့ကြတာ လျာထားချက်ကျော်လွန်ခဲ့ပါတယ်။ နေရာအနှံ့ ရေကြီးရေလျှံတာကြောင့် စပါးဈေးတက်မှာစိုးရိမ်ပြီး အထွက်နှုန်းကောင်းတဲ့ ပုလဲသွယ်စပါးမျိုးကို ရွေးချယ်စိုက်ပျိုးကြတာကိုလည်း တွေ့ရပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မလှိုင်မြို့နယ်တွင် ယခင်နှစ်များက ဇူလိုင်လ၌ မိုးရွာသွန်းမှုနည်းပါးလေ့ရှိပြီး ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင်သာ မိုးရွာသွန်းလေ့ရှိခဲ့သည်။ ယခုနှစ်တွင် ဇူလိုင်လ၌ ရွာသွန်းမြဲထက် မိုးပိုခဲ့ပြီး ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ရွာသွန်းမြဲအောက် လျော့နည်းခဲ့သဖြင့် မြို့နယ်တွင်းရှိ တစ်ပိုင်တစ်နိုင် ဆည်ငယ်၊ ကန်ငယ်များနှင့် ရေလှောင်တမံများတွင် ရေဝင်ရောက်မှုနည်းပါးခဲ့သည်။

ယင်းသို့ရေဝင်ရောက်မှုနည်းပါးခဲ့သော်လည်း မိုးစပါးကို အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် စက်ရေတွင်းများမှ မြေအောက်ရေကိုအသုံးပြု၍ နှောကန်၊ ပျော်ဘွယ်၊ သုံးတောင်၊ ညောင်အုပ်၊ ဘောက်ခွေးတောကျေးရွာများမှ ဒေသခံတောင်သူအများစုမှာ ပုလဲသွယ်စပါးမျိုးကို စိုက်ပျိုးခဲ့ကြသည်။ မလှိုင်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးရန် လျာထားစိုက်ဧက ၂၀၀ ဖြစ်သော်လည်း လျာထားချက်ကျော်လွန်၍ ၃၁၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

## ချင်းတွင်းမြစ်မြောက်ဘက်ခြမ်းရှိ ကျေးရွာများသို့ ၁၁ ကေဗွီ ဓာတ်အားလိုင်း များ တည်ဆောက်ပေး

**ကနီ စက်တင်ဘာ ၂၇**

နိုင်ငံတော်မှ ကျေးရွာများအထိ လျှပ်စစ်မီးများရရှိနိုင်ရေး ဓာတ်အားလိုင်းများကို ကွန်ရက်သဖွယ် ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ချင်းတွင်းမြစ်မြောက်ဘက်ခြမ်းရှိ ကျေးရွာများကို ဘုတလင်မြို့နယ် သခွတ္တနယ်ကျေးရွာ 33KV 5MVA ဓာတ်အားခွဲရုံမှတစ်ဆင့် ကနီမြို့နယ် ဝင်မနားကျေးရွာအထိ ၁၁ ကေဗွီ ဓာတ်အားလိုင်းများ သွယ်တန်းတည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ၁၁ ကေဗွီဓာတ်အားလိုင်းများကို လင်းဝလာနှင့် ကြယ်စင်ဟိန်းကုမ္ပဏီများမှ ဓါတ်အား လိုင်းဆွဲခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

သခွတ္တနယ်-ပျဉ်တော-မိုးကောင်းအပိုင်းတွင် လိုင်းသွယ်တန်းခြင်းလုပ်ငန်း ၆၃ ရာခိုင်နှုန်း၊ မိုးကောင်း-တပေါင်း၊ကျွန်းပင်အိုင်-ဝင်မနားအပိုင်းတွင် ၄၆ရာခိုင်နှုန်းနှင့် မိုးကောင်း-ကနဲအပိုင်းတွင် ၄၄ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ဒီမြစ်မြောက်ဘက်ခြမ်းမှာရှိတဲ့ ကျေးရွာတွေက အရင်ကဆို မြို့ကိုသွားရတာ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပါတယ်။

"ဝင်မနား-တပုန်း-ပျဉ်တော - ဘုရာကြီးလမ်းနှင့် မိုးကောင်း-ဆူလေကုန်းမှ တစ်ဆင့် မန်ကျည်းကြက်ခြေကနေ မုံရွာသွားလမ်းတွေလည်း နိုင်ငံတော်ကဖောက်လုပ်ပေးတော့ လမ်းပန်းဆက်သွယ်ရေးလည်း အဆင်ပြေလာတာနဲ့ ကျွန်တော်တို့ ဘယ်တုန်းကမှ မျှော်လင့်မထားတဲ့ လျှပ်စစ်ဓာတ်အားလိုင်းများလည်း အခုဆက်လက်ဆောင်ရွက်ပေးနေပြီး မကြာမီ ကျေးရွာများလျှပ်စစ်မီးများ ထိန်ထိန်လင်းတော့မှာပါ" ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**သန်းဌေးအောင်(ကနီ)**



## ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ တွေ့ဆုံ

**ချောင်းဆုံ စက်တင်ဘာ ၂၇**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ တွေ့ဆုံပွဲကို စက်တင်ဘာ ၂၅ ရက်က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ကျင်းပရာနိုင်ငံရေးပါတီ ၁၅ ပါတီမှ ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီကော်မတီဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးက ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်ချက်၊ ပါတီကိုယ်စားလှယ်လောင်းများ လိုက်နာရမည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ မဲဆွယ်စည်းရုံးရေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပြီး ကိုယ်စားလှယ်လောင်းများမှ သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## မှတ်ပုံတင်အမှန်

မခိုင်မီမီကျော် [၁၂/အစန(နိုင်)၂၃၁၁၉၄]၏ဖခင် ဦးကျော်ဝင်း [၁၂/အစန(နိုင်)၀၉၁၆၇၀]၏ မှတ်ပုံတင်အမှန်မှာ [၁၂/အစန(နိုင်)၀၉၁၇၀၀] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ မြေကွက်အမှတ်(၁၂၉၇)၊ ရွှေစင်လမ်းပေါ်ရှိ အကျယ်အဝန်း ပေ(၂၀×၆၀) မြေကွက်ကို ပိုင်ရှင် ဦးကြည်လှိုင် [၁၂/ သဃက(နိုင်)၀၃၇၄၉၇]ထံမှ ကျွန်ုပ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ရန် ရှိသူများသည် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်တွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်လှဲ့ရည်ဝင်း**
**(General Manager)**
**Multipack Engineering Co.,Ltd**
**[၁၂/အလန(နိုင်)၀၃၈၀၆၅]**

## သွေးသည်အသက်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတား အထူးအဖွဲ့(၂)မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောက်ရွက်မည့် ဂန့်ဂေါ-ကလေး လမ်းပေါ်ရှိ ဇင်းကလင်းတံတား၊ ချင်းဆိုင်တံတားများ တည်ဆောက်ရန်အတွက် လိုအပ်လျက် ရှိသော အောက်ဖော်ပြပါပစ္စည်းများအား လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူ လိုပါသည်။

| စဉ် | အမျိုးအစား |
|---|---|
| ၁။ | ကျောက်စရစ် |
| ၂။ | မြစ်သဲ |
| ၃။ | သစ်ခွဲသား |
| ၄။ | ဘန်နီတိုက် |

24 Oct - 7 Nov ... 24 Oct - 1 Nov ... 25 Oct - 31 Oct ... 27 Oct - 31 Oct ... 27 Oct - 31 Oct ... 27 Oct - 31 Oct ... 24 Oct - 30 Oct ... 23 Oct - 30 Oct ... 24 Oct - 30 Oct ... 25 Oct - 31 Oct ... 28 Oct - 1 Nov ... 26 Oct - 28 Oct ... 27 Oct - 1 Nov ... 28 Oct - 31 Oct ... 28 Oct - 31 Oct ... 27 Oct - 1 Nov ... 27 Oct - 1 Nov ... 24 Oct - 27 Oct

ရန်ကုန် Tel : 241262, 252007~8, 250909

မန္တလေး Tel : 0940269 4848 , 098600 218

## စိန်မန်းမြေ အိမ်၊ ခြံ မြေအကျိုးဆောင်နှင့် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

ပ-၄(၂၃)၊ ၆၂လမ်း၊ ၄၁-၄၂ လမ်းကြား၊ မဟာအောင်မြေမြို့နယ်။

ဖုန်း-၀၂-၆၂၆၈၇၊ ၀၉-၇၈၈၈၂၂၂၅၇၊ ၀၉-၉၇၈၈၈၂၂၂၅

| ပြင်ဦးလွင်မြို့နယ် | မှတ်ချက် ၁ဧကချင်းမရောင်းပါ။ | | |
|---|---|---|---|
| ၁။ သံတောင်ရွာအနီး | ၆၃ဧက | ယာမြေ၊ မြေကောင်း | ၁ဧက သိန်း၄၀ |
| ၂။ သံတောင်ရွာ | ဧက ၁၀၀ | ယာမြေ၊ သဘာဝ ရေတံခွန်ပါ | ၁ဧက သိန်း၃၀ |
| ၃။ အာဆီယံလမ်းမပေါ် သံတောင် လိပ်ကျ | ၁၃. ၇ဧက | ယာမြေ | ၁ဧက သိန်း၃၀၀ |
| ၄။ ဒီးဒုတ်ရေပြာစမ်း မျက်နှာချင်းဆိုင် | ၅. ၈၇ဧက | ယာမြေ | ညှိနှိုင်း |
| ၅။ ရဲရွာ၊ မန်ကျည်းအင်း | ၂၇ဧက | ရွာမြေ | ၁ဧက သိန်း၃၀၀ |
| ၆။ ရွှေချောင်းရွာ၊ ပြင်ဦးလွင်မြို့နယ် | ၄၀×၆၀ | ရွာမြေ၊ အကွက်ကောင်း | သိန်း ၆၀ |
| ၇။ ရဲရွာ၊ ကွန်ကရစ် လမ်းမပေါ်တင် | ၄၀×၆၀ | ရွာမြေ | သိန်း ၂၃၀ |
| ၈။ ၃၄ လမ်း၊ ၈၄ လမ်းအနီး | ၅၆×၁၁၆ | RC ၂ထပ်ခွဲ၊ ဘိုးဘွားပိုင် | သိန်း ၂၆၀၀၀ |

ကုမ္ပဏီတွင် မြို့နယ်စုံမှ ရောင်းရန်အကွက်များ ၂၅၀ကျော်နှင့် ငှားရန်အကွက်များ ၅၀ကျော်ရှိပါသေးသည်။

စိတ်ဝင်စားသူများ ကုမ္ပဏီသို့ လာရောက်(သို့)ဖုန်းဖြင့် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**Facebook Page:Sein Man Myay Realty & Construction Pte Ltd.**

## T.club



It's cool!

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလထုတ် ထွက်ပြီ

www.facebook.com/TClubMyanmar

၁,၀၀၀ ကျပ်

## မြေကွက်များဝယ်လိုသည်

ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များဝယ်လိုပါသည်။

ပိုင်ရှင် ကိုယ်တိုင်ဆက်သွယ်ပါ။

ဖုန်း-၀၉-၂၆၀၆၆၆၄၈၀၊ ၀၉-၂၆၀၆၆၄၄၉၀

## SMILE ABC Dry Chemical Powder Type



Fire Extinguisher မီးသတ်ဆေးဗူး

ဆက်သွယ်ရန် ဖုန်း - ၀၁-၅၅၆၅၇၇

၀၉-၅၀၂၈၀၀၀

၀၉-၇၃၃၂၁၉၂၃

၃နှစ် အာမခံ

အရောက်ပို့ | တပ်ဆင် | ရှင်းပြ

1kg - 10000ks | 2kg - 13000ks | 3kg - 16000ks | 25kg - 180000ks

အရောင်းပြခန်း အမှတ်(၄၁)၊ ဦးချစ်မောင်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်။

## ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြင့်မြင့်ကြည်(ခ)မမြင့် အသက်(၆၃)နှစ် (ပိန်းဇလုပ်)၊ ရွှေတိဂုံ သုကကာရီ (တံမြက်လှည်းအသင်း) ဦးမြင့်စိုး၏ဇနီးသည် ၂၃-၉-၂၀၁၅ ရက်တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သုကကာရီအသင်းသူများ**
**ဒေါ်အေးအေး၊ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ခင်မာမြင့်၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ကြည်ကြည်စိန်၊ ဒေါ်ခမ်းစိန်(မန္တလေး)**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်ဝင်း(ခ)Sonny Ko Ko
### အသက်(၇၃)နှစ်
### ဒုတိယဝန်ကြီး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန

Bonnie, Winnie, Angela, Ruby နှင့် Marie တို့၏အစ်ကိုကြီး ဦးခင်မောင်ဝင်း (ခ)Sonny Ko Ko သည် ၁၇-၉-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Caryl, Lydia**
**Violette Tin Hla Yi**
**65(c)ကမ္ဘာအေးဘုရားလမ်း၊**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်နုနုခင်(မကွေး) (၇၇)နှစ်
### (ဒုဥက္ကဋ္ဌ-Myanmar Kaido Co.,Ltd)

ဦးအေးကို(ဥက္ကဋ္ဌ-Myanmar Kaido Co.,Ltd)၏ဇနီး၊ ဦးဇော်ညွန့်ဦး (မန်နေဂျင်းဒါရိုက်တာ-Myanmar Kaido Co.,Ltd)-ဒေါ်မေမြတ်ကြူ၊ ဦးအောင်ကျော်ဦး(President & CEO, Myanmar Kaido Co.,Ltd)၊ ဦးအောင်ထွန်းဦး(Director, Myanmar Kaido Co.,Ltd.)တို့၏မိခင် သည် ၂၁-၉-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် Mitsubishi Corporation မှ ကျန်ရစ်သော မိသားစုဝင်များနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**Mitsubishi Corporation**
**Mitsuo IDO**
**Chief Representative for Myanmar**

## ဝမ်းနည်းကြေကွဲခြင်း
### မမြတ်နိုးဝေ(ခ)ယွန်း(ခ)Monica(COUNTRY MANAGER) (ALLIANZ INSURANCE GROUP) CII (LONDON), BUSINESS ADMINISTRATION(UNIVERSITY OF LONG BEACH, CALIFORNIA)
### အသက်(၂၆)နှစ်

(ဒုတိယဗိုလ်မှူးကြီးဝေဖြိုးသိန်း)-ဒေါ်ခင်သူဇာဝင်းတို့၏သမီး မမြတ်နိုးဝေသည် ၂၂-၉-၂၀၁၅ရက်(အင်္ဂါနေ့) ည ၇း၃၈ နာရီ တွင် Bangkok Hospital ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ်(၆၄)သီဟတပ်ခွဲမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှ(ပြင်ဦးလွင်)
### အသက်(၈၉)နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်သူရဘိုနီ-ဒေါ်ခင်မလေး တို့၏မိခင်၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ၊ ဗိုလ်ကြီးလင်းဘိုနီ-မနိုနိုဇော်တို့၏အဘွား ဒေါ်လှသည် ၂၁-၉-၂၀၁၅ ရက် နံနက် ၄း၁၀နာရီတွင် နေပြည်တော် ဇမ္ဗူသီရိဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဒုရဲမှူးဝင်းထွန်းနှင့်ဇနီးဒေါ်ခင်ထွေး**
**ကြို့ပင်ကောက်မြို့မရဲစခန်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှ(ပြင်ဦးလွင်)
### အသက်(၈၉)နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်သူရဘိုနီ-ဒေါ်ခင်မလေး(Cynthia) တို့၏မိခင် ဒေါ်လှသည် ၂၁-၉-၂၀၁၅ ရက်၊ နံနက် ၄း၁၀ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိ အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**St.Philomena's Convent နှင့် အထက(၂)စမ်းချောင်း (၁၉၈၀ခုနှစ်)ထိ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဝင် ကျောင်းသူဟောင်းများ။**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်(တံတားဦး)
### အသက်(၈၉)နှစ်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးလှမြင့်အောင် (ညွှန်ကြားရေးမှူး၊ စိုက်ပျိုးပညာပေးရေးဌာနခွဲ) -ဒေါ်အေးအေးမွန်တို့၏ချစ်လှစွာသောဖခင် ဦးအောင်(တံတားဦး)သည် ၂၄-၉-၂၀၁၅ ရက် နံနက် ၄း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄ခုနှစ်၊ B.Ag ကျောင်းဆင်းသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကင်းစိန်(ကောလင်း) အသက်(၈၆)နှစ်

ဦးစိုးလွင်(ညွှန်ကြားရေးမှူး) ပြည်တောင်စုတရားလွှတ်တော်ချုပ်၏ မိခင်ဒေါ်ကင်းစိန်သည် ၂၂-၉-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဇေယျ-၇၄**
**တရားရေးအရာရှိသင်တန်းဆင်းများ**

## အထူးကျေးဇူးတင်ရှိခြင်း
## မမြတ်နိုးဝေ(ခ)ယွန်း(ခ)Monica (၂၆)နှစ်

**Country, Manager (Allianz Insurance Group)**
**CII(London) Business Administration**
**(University of Long Beach, California)**

ရန်ကုန်မြို့၊ အမှတ်(၁၃၁/F)၊ သံလွင်လမ်းနေ (ဒုတိယဗိုလ်မှူးကြီးဝေဖြိုးသိန်း)-ဒေါ်ခင်သူဇာဝင်းတို့၏သမီး၊ မောင်သက်ဇော်၏အစ်မ၊ (ဗိုလ်မှူးဖေသိန်း)-ဒေါ်ခင်ခင်အေး (မိတ္ထီလာ)၊ ဦးခင်မောင်ဝင်း-ဒေါ်မြတ်မြတ်လွင်၊ ဦးဆွေ-ဒေါ်ခင်သက်မော်တို့၏ မြေး၊ ဦးဇော်မင်းဇင် -ဒေါ်တင်သီတာတို့၏တူမ၊ ကိုသန့်ဇော်ဝင်း(Dexter)၏ညီမ၊ မခိုင်ဇင်ဝင်း(Stephanie)၊ မမေသဲဇင်(Crystal)တို့၏အစ်မသည် ၂၂-၉-၂၀၁၅ရက်(အင်္ဂါနေ့)၊ ည ၇း၃၈ နာရီတွင် Bangkok Hospital ၌ ကွယ်လွန်သွားပါ၍ ၂၄-၉-၂၀၁၅ ရက်(ကြာသပတေးနေ့)တွင် Bangkok ၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် ရပ်ဝေးရပ်နီးမှ ဖုန်းဖြင့်နှစ်သိမ့်ပေးကြသည့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ၂၈-၉-၂၀၁၅ ရက်(တနင်္လာနေ့)တွင် ရန်ကုန်မြို့နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## လွမ်းဆွတ်သတိရခြင်းနှင့် မေတ္တာပို့သခြင်း
### (၂၈-၉-၂၀၁၅)
### ဖခင်ကြီး-ဦးကျော်ဒင် အသက်(၉၈)နှစ် ၂၈-၉-၂၀၁၃ ရက် ကွယ်လွန် (၂ နှစ်ပြည့်)
### မိခင်ကြီး-ဒေါ်ခင်ထွေး အသက်(၆၈)နှစ် ၁၀-၄-၁၉၈၅ရက် ကွယ်လွန် (၂၉ နှစ် ၅ လ ၁၉ ရက်ပြည့်)

မိခင်နှင့် ဖခင်ကြီးတို့ ကွယ်လွန်ချိန်မှစ၍ ယနေ့တိုင် သမီးတို့မိသားစုမှ မိဘနှစ်ပါးကို လွမ်းဆွတ်သတိရပြီး ကျေးဇူးတရားများကို အောက်မေ့လျက်ရှိပါသည်။

မိခင်၊ ဖခင်တို့အသက်ရှိစဉ်က ဖခင်ကြီး၏မွေးနေ့ တော်သလင်းလဆန်း(၄)ရက်တွင် မြင်းခြံမြို့ ပုညသဟာရနေ့စဉ်အာရုံဆွမ်းလောင်းအသင်း၌ မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ကြွရောက်သော သံဃာတော်များအား အာရုံဆွမ်းလောင်းလှူခြင်း၊ မြင်းခြံမြို့ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား တစ်နေ့တာ ဆွမ်းကုသိုလ်ပြုလုပ်ခြင်းစသည့် ကုသိုလ်အမွေများကို ဆက်လက် ရယူနေပါသည်။

သမီးတို့ နေ့စဉ်ပြုလုပ်ခဲ့သော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်များ၊ သရက်တောကျောင်းတိုက်၊ မှန်ကျောင်းနှင့် သစ်တောကျောင်းတို့၌ လစဉ်၊ နှစ်စဉ်ဆွမ်းလှူဒါန်းခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူဒါန်းခြင်း၊ သာစည်မြို့ရေလည်ကျောင်းတိုက်၌ ရေစင်၊ ရေချိုးခန်း၊ အဆောက်အအုံဆောက်လုပ်လှူဒါန်းခြင်းစသည့်ကုသိုလ်များကို မိဘနှစ်ပါးအား အမျှပေးဝေပါ၏၊ အမျှရ၍ ကောင်းရာသုဂတိသို့လားကြပါစေဟု မေတ္တာပို့အပ်ပါသည်။

ဖခင်ကြီးနှင့် မိခင်ကြီးအပေါ် မေတ္တာစေတနာထားခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးလည်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေဟု ဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။

**ကျန်ရစ်သူ ဦးမောင်မောင်-ဒေါ်တင်နွဲ့မိသားစု(မြင်းခြံဆီဆိုင်)**

## ကျေးဇူးတင်ရှိခြင်း

၂၄-၉-၂၀၁၅(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားခဲ့သော (ဒေါ်မြင့်မြင့်စိုး) နာမကျန်းဖြစ်စဉ်က မေတ္တာဖြင့် ကူညီစောင့်ရှောက်ပေးခဲ့ကြသော ပါမောက္ခ ဒေါက်တာစိုးဦးမောင်၊ ရန်ကုန်အရိုးအထူးကုဆေးရုံကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ တာဝန်ကျ ဆရာ၊ ဆရာမများ အားလုံးနှင့် ဆေးရုံဝန်ထမ်းများအားလုံးအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများ အားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ပြည်တွင်းပြည်ပမှ ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်ဝင်း အသက်(၇၃)နှစ်
### ဒုတိယဝန်ကြီး(ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာန

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း) ဦးခင်မောင်ဝင်းသည် ၁၇-၉-၂၀၁၅(ကြာသပတေးနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ အငြိမ်းစားဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်မောင်(ခ)ဦးကျုံဒီး
### အသက်(၈၁)နှစ်

(ဒေါ်ကြင်)၏ခင်ပွန်း၊ ဒေါ်စန်းစန်းဝင်း(Unipex Co.,Ltd)-ဦးဝင်းအောင်၊ ဒေါ်အေးအေးသွယ်(TWJS Co.,Ltd.)-ဦးအောင်ရှိန်၊ ဦးအောင်ဝင်း(General Paints & Induries Co.,Ltd.)-ဒေါ်ဖြူဖြူခင်၊ ဦးမျိုးဝင်း(TWJS Co.,Ltd)-ဒေါ်သူဇာမင်းမင်းစိုးတို့၏ချစ်လှစွာသောဖခင် ဦးတင်မောင်သည် ၂၃-၉-၂၀၁၅ ရက်တွင် BKK မြို့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။


**ဦးဇော်မြင့်-ဒေါ်အေးရှင် မိသားစု**

# အထူးကျေးဇူးတင်ရှိခြင်း
# ဒေါ်နုနုခင်(မကွေး)

၂၁-၉-၂၀၁၅ ရက်တွင် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်နုနုခင်(မကွေး)(ဒု-ဥက္ကဋ္ဌ၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)၏ ကွယ်လွန်ချိန်မှ ရက်လည်ဆွမ်းကျွေးပြီးချိန်အထိ နာရေးကိစ္စအဝဝကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ တရားတော်များဟောကြားပေးကြပါသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်မှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ မိခင်ကြီးနာမကျန်းဖြစ်စဉ် နွေးထွေးစွာဖြင့် အထူးကြပ်မတ်ပြုစုကုသပေးကြပါသော အာရှတော်ဝင် အထူးကုဆေးရုံကြီးနှင့် Kembangan ဆေးရုံမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးကုသမားတော်ကြီးများ၊ ဆရာဝန်များ၊ ဆရာမများနှင့် ဆေးရုံဝန်ထမ်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့်လည်းကောင်း၊ E-mail ဖြင့်လည်းကောင်း၊ သတင်းစာများမှလည်းကောင်း၊ ဝမ်းနည်းကြောင်းနှစ်သိမ့်အားပေးကြသော လွမ်းသူ့ပန်းခြင်း၊ ပန်းခွေနှင့် ရက်လည်ဆွမ်းကျွေးတရားတော်နာအတွက် လှူဖွယ်ပစ္စည်းများ ပေးပို့လှူဒါန်းကြပါသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများနှင့် အခြားကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

Hot Line No-0930500100



# စူပါမွန်းဖြစ်စဉ် ယနေ့အတောက်ပဆုံးမြင်တွေ့ရ



သတင်းမှတ်စု- ALEZ

ယနေ့(စက်တင်ဘာ ၂၇ ရက်)ညတွင် မြန်မာနိုင်ငံရှိ ကောင်းကင်တစ်ခွင်တွင် ယခင်ညများနှင့်မတူ လင်းလက်တောက်ပနေသည်။ တော်သလင်းလပြည့်နေ့မတိုင်မီ အကြိုညဖြစ်သော်လည်း ယခင်လပြည့်ညများထက် ပိုမိုထွန်းလင်းသည်ဟု ဆိုရမည်။ ယင်းသို့ဖြစ်ရသည်မှာ လသည် ကမ္ဘာနှင့်အနီးဆုံးသို့ ရောက်ရှိလာပြီး ကမ္ဘာမြေမှပြည်သူများ လကို အနီးကပ်ဆုံးနှင့်အကြီးဆုံးမြင်ရခြင်းဖြစ်သည်။ တိမ်သလ္လာဖုံးသော်လည်း ထွန်းလင်းမှုအားကောင်းသည်။**(ယာပုံ)**

ယင်းအချိန်တွင် လ၏အချင်းသည် မူလအရွယ်အစားထက် ၁၄ ရာခိုင်နှုန်းပိုကြီးလာသည်။ ထို့ကြောင့် ကမ္ဘာနှင့်အနီးဆုံးနှင့် အတောက်ပဆုံးမြင်ရခြင်းဖြစ်သည်။ ယခုဖြစ်စဉ်တွင် မြန်မာနိုင်ငံအဖို့ အတောက်ပဆုံးမြင်တွေ့မှုသာရှိပြီး စူပါမွန်းနှင့် လကြတ်ခြင်းဖြစ်စဉ်ကို တစ်ပြိုင်တည်းမြင်တွေ့ရမည်မဟုတ်ချေ။ လကြတ်မှုဖြစ်စဉ်ကို အမေရိကတိုက်၊ ဥရောပတိုက်နှင့် အာဖရိကတိုက်တို့ကသာ မြင်တွေ့နိုင်သည်။ ယနေ့ညတွင် လသည် ကမ္ဘာနှင့်အနီးဆုံး ရောက်ရှိလာချိန်တွင် ကမ္ဘာသည် လနှင့်နေအကြားသို့ ရောက်သွားသည်။ ထိုအခါ လကြတ်ခြင်းဖြစ်ပေါ်လာသည်။ ယခုနှစ်တွင် စူပါမွန်းနှင့်လကြတ်ခြင်းဖြစ်စဉ် တစ်ပြိုင်တည်း ရှားရှားပါးပါး ဖြစ်ပေါ်ခြင်းဖြစ်သည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့○**

# ရုပ်သေးပညာရပ် တိမ်မြုပ်မသွားစေရေး ဆက်လက်ထိန်းသိမ်းထား

သတင်း - နိုင်လင်းကြည်၊ ဓာတ်ပုံ - အလင်းသစ်

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာရပ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရုပ်သေးပညာရပ်သည် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်လာသည့်အပြင် မြန်မာတစ်နိုင်ငံလုံးတွင် ရုပ်သေးပညာရှင်ဟုပင် များများစားစား မရှိတော့ပေ။ သို့ရာတွင် တိမ်မြုပ်ပျောက်ကွယ်သွားမည့် အရေးစိုးရိမ်ကာ ဝါသနာအရသော်လည်းကောင်း၊ မျိုးရိုးပညာရပ်အဖြစ်လည်းကောင်း ဆက်လက်ထိန်းသိမ်းထားမှုများသာရှိတော့ကြောင်း သိရသည်။ ထို့ကြောင့် သတင်းသမားခရီးသွားရင်း ပုဂံဒေသတွင် ရုပ်သေးပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် ရုပ်သေးပညာရှင် ဦးစိန်မြင့်အောင်နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

"ကျွန်တော့်ရဲ့အဘက ရုပ်သေးဆရာကြီး ဇော်ဂျီပုံ့ဆရာလုံရဲ့ မြေးပါ။ မျိုးရိုးပညာတိမ်ကောပပျောက်မသွားအောင်ဆိုပြီး ဆက်ထိန်းထားတဲ့သဘောနဲ့ ကတာပါ။ ရုပ်သေးကို ကိုယ်တိုင်လည်းကသလို ကိုယ်တိုင်လည်းလုပ်တယ်။ ရုပ်သေးအကကို အပြင်မှာသိပ်မရှိတော့ဘူးဆိုပေမယ့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့●**



တူးတူး(နဂါးမာန်)နှင့် စောဂေါ်မူဒို(သတ္တိ)တို့ ယှဉ်ပြိုင်စဉ်။

# မြန်မာ့သွေး၊ မြန်မာ့သတ္တိ၊ မြန်မာ့မာန် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပ

သတင်း-ကိုသက်၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ VICTORY Myanmar Group Co.,Ltd. T&T Group နှင့် Naing Moe Entertainment က စီစဉ်ကျင်းပသော MANDALAY RUMBLING MEGA FIGHTS "မြန်မာ့သွေး၊ မြန်မာ့သတ္တိ၊ မြန်မာ့မာန်" မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် လက်ဝှေ့အားကစားရုံ(သိမ်ဖြူ)၌ ကျင်းပသည်။

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို အမျိုးသမီး သုံးချီစိန်ခေါ်ပွဲနှစ်ပွဲ၊ အမျိုးသား

**စာမျက်နှာ ၇ ကော်လံ ၅ သို့❖**

## တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်း ထုတ်ပြန်မှုသတ်မှတ်ကာလ နောက်ဆုံးနေ့တွင် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်၌ လာရောက်ကြည့်ရှုသူပိုမိုများပြား

စာမျက်နှာ ➤ ၇

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်ပြုပြင်မှု နိုဝင်ဘာလအပြီး ဆောင်ရွက်မည်

စာမျက်နှာ ➤ ၁၀

## ဘာစီလိုနာအသင်းက လီဗာပူး တိုက်စစ်မှူး ကော်တင်ဟိုအား စိတ်ဝင်စားနေပြီး ရီးယဲလ်မက်ဒရစ်အသင်းက ချယ်လ်ဆီးတိုက်စစ်မှူး အေဒင်ဟာဇက်ကို ခေါ်ယူလို

စာမျက်နှာ ➤ ၁၃

themirror.npt@gmail.com
www.facebook.com/themirrordaily



ကြေးမုံ Mirror
၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို
စက်တင်ဘာ ၂၈၊ ၂၀၁၅
စာမျက်နှာ-၁

## မဲဆန္ဒရှင်တစ်ဦး သိမှတ်ဖွယ်

### မဲဆန္ဒရှင်တစ်ဦး၏ တာဝန်

(က) ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲက မဲစာရင်းများကိုကြေညာသည့်အခါ သက်ဆိုင်ရာမဲစာရင်းတွင် မိမိ၏အမည် ပါဝင်ခြင်း ရှိ၊ မရှိကို လာရောက်ကြည့်ရှုရန်၊

(ခ) မဲရုံတွင် မဲရုံမှူးက တာဝန်အရညွှန်ကြားခြင်းကို လိုက်နာရန်။

### မဲဆန္ဒရှင်တစ်ဦး ဆောင်ရန်အချက်များ

(က) ဆန္ဒမဲလက်မှတ်ကို ကိုယ်တိုင်လာရောက်ထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြု၍ မဲပုံးအတွင်းသို့ ကိုယ်တိုင်ထည့်ရမည်။

(ခ) ဆန္ဒမဲလက်မှတ်ထုတ်ယူခြင်းမပြုမီ မဲစာရင်း၌ တာဝန်ရှိသူက ပြသသောနေရာတွင် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မ လက်ဗွေနှိပ်ခြင်းပြုရမည်။

(ဂ) မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုသာ ဆန္ဒမဲပေးရမည်။

(ဃ) မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးရမည်။

(င) ဆန္ဒမဲလက်မှတ်ရရှိလျှင် လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိပေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်အကွက်အတွင်း၌ အမှန် (✔) အမှတ်အသားပါရှိသည့် တံဆိပ်တုံးကိုနှိပ်၍ ဆန္ဒပြုရမည်။

(စ) မိမိဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်ကိုခေါက်၍ သတ်မှတ်ထားသည့်မဲပုံးအတွင်းသို့ ထည့်ရမည်။

(ဆ) ဆန္ဒမဲပေးခြင်းအားလုံးပြီးဆုံးလျှင် နောက်တစ်ကြိမ် ဆန္ဒမဲပေးနိုင်ခြင်းမရှိစေရန် တာဝန်ရှိသူက ညွှန်ကြားသည့်အတိုင်း လက်ချောင်းတစ်ချောင်းတွင် မင်တို့ခြင်းပြုလုပ်ရမည်။

### မဲဆန္ဒရှင်တစ်ဦး ရှောင်ရန်အချက်များ

**မဲဆန္ဒရှင်တစ်ဦးသည် -**

(က) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူတစ်ဦးအား မပေးရ။

(ခ) ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ မထည့်သွင်းရ။

(ဂ) အသုံးပြုဆဲဖြစ်သောမဲပုံးကို အခွင့်အာဏာမရှိဘဲ ဖွင့်လှစ်ခြင်း၊ သို့မဟုတ် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်းမပြုရ။

(ဃ) ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲမပေးရ။

(င) ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲမပေးရ။

(စ) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။

(ဆ) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် ဆန္ဒမဲလက်မှတ်ပေါ်၌ အမှတ်အသားတစ်စုံတစ်ရာ မပြုလုပ်ရ။

(ဇ) ဆန္ဒမဲလက်မှတ်ကို မဆုတ်ဖြဲရ။

(ဈ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်တစ်ခုခုကို ဖြစ်စေ၊ အများကိုဖြစ်စေ၊ မဲပုံးအတွင်းသို့ မထည့်သွင်းရ။

(ည) ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ။

**မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်စာအုပ်မှ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။**




**ရွေးကောက်ပွဲကျင်းပရန် ၄၁ ရက်သာ လိုတော့သည်။**

# ကချင်ပြည်နယ် ဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

**ကချင်ပြည်နယ် ဒီမိုကရေစီပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်နှင့် ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာနန်ဇိန်းလုအောန်က ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**



**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများ၊ နိုင်ငံတော်အာဏာပိုင်ရှင်များဖြစ်ကြတဲ့ မဲဆန္ဒရှင်ပြည်သူများရှင့်-**

ကျွန်မကတော့ ကချင်ပြည်နယ် ဒီမိုကရေစီပါတီ (KSDP)က ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်နဲ့ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာနန်ဇိန်းလုအောန်ဖြစ်ပါတယ်။ အခုလို မိမိတို့ပါတီနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ပြည်သူတွေကိုတင်ပြခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

ပြည်သူဆိုရာမှာ အထူးသဖြင့် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ မိဘပြည်သူများကို ဆိုလိုချင်ပါတယ်။ မိမိတို့ပါတီဟာ ပြည်သူကိုလေးစားတန်ဖိုးထားတဲ့၊ ပြည်သူကိုမဏ္ဍိုင်ပြုတဲ့ပါတီဖြစ်ပါတယ်။ ပြည်သူလူထုအကျိုးမှန်သမျှကို သယ်ပိုးလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ကျွန်မတို့တိုင်းပြည်မှာ ခေတ်စနစ်တွေပြောင်းလဲလာတာကို ကျွန်မတို့အပြည့်အဝထောက်ခံပါတယ်။ နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲရေးလှိုင်းတံုးကြီးကို ကျွန်မတို့က နောက်မှတွန်းမှာပါ၊ ရှေ့ကမကာပါဘူး။ တိုင်းပြည်မှာ စစ်မှန်တဲ့ ငြိမ်းချမ်းရေး အမြန်ရရှိရန်နဲ့ ဒီမိုကရေစီ အပြည့်အဝ ထွန်းကားရန် ကျွန်မတို့ လိုလားပါတယ်။

ကျွန်မတို့ရဲ့ ခံယူချက်တစ်ခုကိုပြောရမယ်ဆိုရင် ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီထွန်းကားရေးဟာ ငွေဒင်္ဂါးတစ်ခုရဲ့ ခေါင်းနဲ့ပန်းလိုပါပဲ။ ခွဲခြားလို့ မရစကောင်းပါဘူး။ နှစ်မျိုးစလုံးကို တစ်ချိန်တည်းတစ်ပြိုင်နက် ဖော်ဆောင်သွားရပါမယ်။ ဘာကြောင့်လဲဆိုရင် ငြိမ်းချမ်းရေးရသော်ငြားလည်း ဒီမိုကရေစီမထွန်းကားလျှင် အနှစ်သာရမပြည့်စုံသလို ဒီမိုကရေစီထွန်းကားသော်လည်း တိုင်းပြည်မတည်ငြိမ် မအေးချမ်းဘူးဆိုရင် ဒီမိုကရေစီရဲ့ အရသာကို ပြည်သူတွေခံစားနိုင်မည်မဟုတ်ပါဘူး။

တစ်ချိန်တည်းမှာ မူးယစ်ဆေးဝါးနှိမ်နင်းရေးအလုပ်ကိုလည်း အားစိုက်ပြီးလုပ်ဆောင်ဖို့လိုအပ်ပါတယ်။ တိုင်းပြည်အေးချမ်းပြီး ဒီမိုကရေစီထွန်းကားသော်လည်း ပြည်သူတွေက ဘိန်းစားတွေဖြစ်ကုန်တယ်ဆိုလျှင် အဲဒီတိုင်းပြည်ဟာ ဘယ်လိုဖြစ်သွားမလဲ။ လူတွေပျော်ပျော်ရွှင်ရွှင်နေထိုင်နိုင်ပါ့မလား၊ ဖွံ့ဖြိုးတိုးတက်နိုင်ပါ့မလား၊ သိက္ခာရှိပါ့မလားဆိုတာကို မိဘပြည်သူများ စဉ်းစားကြည့်ရင် သိနိုင်မှာပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုဖွားတိုင်းရင်းသားရဟန်းရှင်လူ ပြည်သူလူထုတစ်ရပ်လုံးဟာ နိုင်ငံတော်တွင်း တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိပြီး ဒီမိုကရေစီစနစ် အပြည့်အဝပေါ်ထွန်းလာဖို့ လိုလားတောင့်တလျက်ရှိကြပါတယ်။ လှည်းနေလှေအောင်း၊ မြင်းဇောင်းမကျန် လူမျိုးဘာသာ၊ သာသနာမခွဲခြားဘဲ ပြည်သူလူထုတစ်ရပ်လုံး တစည်းတလုံးတည်းနဲ့ နည်းမှန်၊ လမ်းမှန် တက်တက်ကြွကြွ လက်တွဲဆောင်ရွက်နိုင်မှသာ တိုင်းပြည်မှာ ဒီမိုကရေစီ အမှန်တကယ်ထွန်းကားလာနိုင်မှာဖြစ်ပါတယ်။ အဲဒီလိုဖြစ်လာဖို့အတွက် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားများအားလုံးကလည်း လက်တွဲဝန်းရံပါဝင်လှုပ်ရှားကြရမှာ ဖြစ်ပါတယ်။

မျက်မှောက်ကာလမှာ နိုင်ငံတော်အတွင်း ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးနေပြီဖြစ်တယ်။ ဒါကြောင့် ကျွန်မတို့ပါတီဟာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှာ ကချင်ပြည်နယ်ဒီမိုကရေစီပါတီအဖြစ် တရားဝင်ဖွဲ့စည်းထူထောင်ခဲ့ပါတယ်။ ပါတီရဲ့ မှတ်ပုံတင်နံပါတ်ကတော့ (၆၇) ဖြစ်ပါတယ်။

ကချင်ပြည်နယ်ဒီမိုကရေစီပါတီမှာ ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကချင်ပြည်နယ် ဇာတိသားများဖြစ်ပြီး အခြားဒေသများသို့ ယာယီရောက်ရှိနေသူများ၊ လူမျိုး၊ ကိုးကွယ်သည့် ဘာသာ ကျား/မ မခွဲခြားဘဲ မည်သူမဆို ပါဝင်နိုင်ပါတယ်။ ကချင်ပြည်နယ်ဒီမိုကရေစီပါတီဟာ ကချင်ပြည်နယ်သူ ပြည်နယ်သားအားလုံးနဲ့ ပါတီဝင်ထုတစ်ရပ်လုံးကို ကိုယ်စားပြုတဲ့ပါတီဖြစ်ပါတယ်။ ကချင်ပြည်နယ်ဒီမိုကရေစီပါတီဟာ ကချင်ပြည်နယ်သူ ပြည်နယ်သားများအားလုံးနဲ့ ပါတီဝင်ထုတစ်ရပ်လုံးရဲ့ အကျိုးစီးပွားအတွက် မမိုတ်မသုန်ရှေးရှုဆောင်ရွက်သွားပါမယ်။

**မိမိတို့ပါတီထူထောင်ခြင်းရဲ့ ရည်ရွယ်ချက်ကိုလည်း တင်ပြလိုပါတယ်။**

တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြသော ကျွန်မတို့ရဲ့ နိုင်ငံတော်ကို ပင်လုံကတိကဝတ်နဲ့အညီ စစ်မှန်သော ပြည်ထောင်စု (Federal) စနစ်ဖြင့် တည်ဆောက်၍ တိုင်းရင်းသားများ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးနဲ့ တန်းတူအခွင့်အရေးများရရှိပြီး လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရား(၃)ပါး ထွန်းကားဖို့လိုပါတယ်။ သို့မှသာ ပြည်သူများအားလုံး အချင်းချင်းယုံကြည်မှုရှိခြင်း၊ တန်းတူအခွင့်အရေးရရှိခြင်း၊ လွတ်လပ်ခြင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးခြင်းနဲ့ မွေးရာပါလူ့အခွင့်အရေးအပြည့်အဝရရှိပြီး ထာဝရငြိမ်းချမ်းသာယာဝပြောဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတည်ဆောက်သွားနိုင်မှာ ဖြစ်ပါတယ်။ ပြည်ထောင်စုရဲ့အဖွဲ့ဝင်တစ်ခုဖြစ်သော ကချင်ပြည်နယ်သည်လည်း အထက်ပါအချက်အလက်များနှင့် ပြည့်စုံပြီး ပြည်နယ်သူပြည်နယ်သားများအားလုံး အချင်းချင်း လူမျိုးဘာသာမခွဲခြားဘဲ သွေးစည်းညီညွတ်ကြကာ ပြည်နယ်ရဲ့ တိုးတက်ရာ တိုးတက်ကြောင်း ကောင်းကျိုးအဖြာဖြာ ပေါ်ထွန်းလာရေးမှာ လက်တွဲဆောင်ရွက်ကြပြီး သာယာဝပြောတဲ့ ပြည်နယ်တစ်ခုအဖြစ် ရပ်တည်လာနိုင်မယ်လို့ ရည်ရွယ်ပြီး ကချင်ပြည်နယ်ဒီမိုကရေစီပါတီကို ဖွဲ့စည်းထူထောင်လိုက်တာဖြစ်ပါတယ်။

**မိမိတို့ပါတီရဲ့ အဓိက မူဝါဒကို ပြောရမယ်ဆိုရင်**

နိုင်ငံရေးပါတီတစ်ရပ်မှာ ပြည်သူလူထုရဲ့ လူမှုဘဝနဲ့ သက်ဆိုင်သောကိစ္စအဝဝတို့ကို တာဝန်ယူဆောင်ရွက်ပေးဖို့ တာဝန်အပြည့်အဝရှိတယ်လို့ ခံယူပါတယ်။ ပါတီရဲ့လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်ရာမှာလည်း အတိတ်ကာလမှာ ဖြစ်ပျက်ခဲ့သမျှကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်လက်ရှိအချိန်အခါအခြေအနေနဲ့ သဟဇာတဖြစ်အောင် ပြုမူဆောင်ရွက်ပြီး ကောင်းမွန်တိုးတက်အောင်မြင်တဲ့အနာဂတ်ကို ဖော်ဆောင်သွားကြရပါမယ်။

ကချင်ပြည်နယ်ဒီမိုကရေစီပါတီဟာ ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်းမှာပါတဲ့ လူ့အခွင့်အရေးဆိုင်ရာ စည်းမျဉ်းနဲ့ ဒီမိုကရေစီလုပ်ထုံးလုပ်နည်းတွေကို အစွမ်းကုန်လိုက်နာကျင့်သုံးရေးမူကို အကောင်အထည်ဖော် သွားမှာဖြစ်ပါတယ်။

**အဲဒီမူကို အခြေခံပြီး မိမိတို့ကချင်ပြည်နယ်ဒီမိုကရေစီပါတီဟာ နိုင်ငံရေးမူဝါဒကို အောက်ပါအတိုင်း ချမှတ်ထားပါတယ်။**

(၁) ကချင်ပြည်နယ်ဒီမိုကရေစီပါတီဟာ ပြည်သူလူထုကို ဗဟိုပြုပြီး ပြည်သူလူထုအကျိုးကို အမြဲရှေးရှုတဲ့ နိုင်ငံရေးပါတီတစ်ရပ်ဖြစ်ပါတယ်။

(၂) ကချင်ပြည်နယ်ဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ အမျိုးသားပြည်နယ်တစ်ပြည်နယ်ဖြစ်တဲ့အတွက်ကြောင့် ကချင်ပြည်နယ်ရဲ့အကျိုးစီးပွားကို ဖျက်ဆီးထိပါးစေတဲ့ လုပ်ရပ်မှန်သမျှကို ထိရောက်စွာ ဟန့်တားတိုက်ဖျက်သွားပါမယ်။

(၃) ပြည်ထောင်စုရဲ့ အဖွဲ့ဝင်တစ်ခုဖြစ်တဲ့ ကချင်ပြည်နယ် ထာဝစဉ်တည်တံ့ခိုင်မြဲရေးကို လိုလားပါတယ်။

(၄) ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောရန် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဟာ မရှိမဖြစ်လိုအပ်ပါတယ်။ ဒါကြောင့် ပြည်တွင်းငြိမ်းချမ်းရေးအပြည့်အဝရရှိဖို့ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်သွားပါမယ်။

(၅) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ တိုင်းရင်းသားပေါင်းစုံမှီတင်းနေထိုင်ကြတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် တိုင်းပြည်အေးချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်လာဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ မရှိမဖြစ်လိုအပ်ပါတယ်။ သို့ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အပြည့်အဝရရှိလာရေးမှာ စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်သွားပါမယ်။

(၆) မျှတတဲ့ဥပဒေနှင့် တရားစီရင်ရေး၊ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်သွားပါတယ်။

**တစ်ချိန်တည်းမှာ စီးပွားရေးမူဝါဒ (၈)ချက်ကိုလည်း အောက်ပါအတိုင်း ချမှတ်ထားပါတယ်။**

(၁) လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် (Free Marketing System) ကို ထောက်ခံအားပေးရေး၊

(၂) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှာ ခေတ်မီတဲ့သိပ္ပံနည်းစနစ်များကို အသုံးပြုနိုင်အောင် အားပေးမြှင့်တင်ရေး၊

(၃) ပုံမှန်ကူးသန်းရောင်းဝယ်ရေး (Normal Trade) ကို အားပေးမြှင့်တင်ရေး၊

(၄) ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ သယံဇာတများကို စနစ်တကျစီမံခွင့်ရရှိစေပြီး တူးဖော်သုံးစွဲနိုင်ရေး၊



(၅) သမဝါယမနဲ့ ပုဂ္ဂလိကလုပ်ငန်းများ ပိုမိုရှင်သန်တိုးတက်လာအောင် အားပေးမြှင့်တင်ရေး၊

(၆) ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်လုပ်ငန်းများကို အားပေးမြှင့်တင်ရေး၊

(၇) ပြည်နယ်တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင် အများအပြားပေါ်ထွန်းလာရေးကို အားပေးလုပ်ဆောင်ရေး၊

(၈) ခေတ်မီတဲ့ စီးပွားရေးလုပ်ငန်းအသစ်များကို ရှာဖွေဖော်ထုတ်ရာမှာ အားပေးကူညီဆောင်ရွက်ရေးတို့ ဖြစ်ပါတယ်။

**ပါတီ၏ရှေ့လုပ်ငန်းစဉ်များကို တင်ပြရမယ်ဆိုရင်**

(၁) ကချင်ပြည်နယ်အတွင်း တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိပြီး တစ်နေ့တခြား ပိုမိုသာယာဝပြော ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်ထောင်စုရဲ့ခိုင်ခံ့တဲ့ အထောက်အကူပြု ပြည်နယ်တစ်ခုဖြစ်လာအောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

(၂) ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်သွားနိုင်အောင် အမျိုးသားရင်ကြားစေ့ရေးကို မဖြစ်မနေ တည်ဆောက်သွားပါမယ်။

(၃) ကချင်ပြည်နယ်အတွင်း ဒီမိုကရေစီစနစ် ပိုမိုပီပြင်ရှင်သန်လာအောင် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

(၄) လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်သွားပါမယ်။

(၅) ပြည်သူလူထုရဲ့ အခြေခံလိုအပ်ချက်များဖြစ်တဲ့ စား၊ ဝတ်၊ နေ၊ ရေး ဖူလုံရေးနဲ့ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးကို အလေးပေးဆောင်ရွက်သွားပါမယ်။

(၆) ပြည်သူလူထုရဲ့ ကျန်းမာကြံ့ခိုင်ရေးနဲ့ စာရိတ္တကောင်းမွန်ရေးဆိုင်ရာလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားပါမယ်။

(၇) မသင်မနေရ အခမဲ့ပညာရေးစနစ်ကို အခြေခံပြီး ခေတ်မီတိုးတက်တဲ့ အသုံးချပညာရေးစနစ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားပါမယ်။

(၈) တရားမျှတတဲ့ ဥပဒေပေါ်ပေါက်လာပြီး ယင်းဥပဒေကို လူတိုင်းလေးစားလိုက်နာရေးနဲ့ လူသားတိုင်းကိုယ်ကျင့်တရား ကောင်းမွန်ရေးကို အထူးအလေးထားပြီး တရားဥပဒေစိုးမိုးရေးကို ကြပ်မတ်လုပ်ဆောင်သွားပါမယ်။

ကျွန်မဆက်လက်တင်ပြချင်တဲ့အချက်တစ်ခုကတော့ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့အချက်ဖြစ်ပါတယ်။ ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီစနစ်မှာ မရှိမဖြစ်လိုအပ်တဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ အာဏာပိုင်ရှင်တွေဖြစ်ကြတဲ့ ပြည်သူလူထုတွေကသာ ရွေးကောက်ပွဲမှာ မိမိတို့ကြိုက်နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းတွေကို မိမိအိတ်ကပ်ထဲက မဲတစ်ပြားထုတ် မဲထည့်ရွေးချယ်လိုက်ပြီး တိုင်းပြည်ကို အုပ်ချုပ်စေတဲ့အခင်းအကျင်းဟာ ရွေးကောက်ပွဲပဲဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်ရွေးကောက်ပွဲမှာ တိုင်းပြည်ကို မြန်မြန်ဆန်ဆန်ပြောင်းလဲစေချင်သူတိုင်း မှန်မှန်ကန်ကန်မဲပေးဖို့ အလွန်အရေးကြီးလှပါတယ်။ အစိုးရရဲ့ တာဝန်ဟာ လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပပေးရန်ဖြစ်ပြီး ပြည်သူတွေရဲ့တာဝန်မှာ မဲထည့်ပေးရန်ဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်ရွေးကောက်ပွဲဟာ တိုင်းပြည်အတွက် အကျိုးပြုတဲ့ ရွေးကောက်ပွဲတစ်ရပ်ဖြစ်ဖို့ဆိုရင်ဖြင့် အစိုးရရော ပြည်သူတွေပါ တာဝန်ကျေပွန်ကြရန် လိုအပ်ပါတယ်။

**နိဂုံးချုပ်ပြောကြားလိုတာကတော့ ကချင်ပြည်နယ်သူ ပြည်နယ်သားမိဘပြည်သူများရှင့်-**

ကချင်ပြည်နယ်ကို ချစ်တယ်၊ ကချင်ပြည်နယ်ကို တိုးတက်ဖွံ့ဖြိုးစေချင်တယ်ဆိုရင် လာမယ့်နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲမှာ ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (KSDP) ကို မဲထည့်ပေးကြပါ။ ထောက်ခံ အားပေးကြပါ။ လုပ်ပိုင်ခွင့်နဲ့ အာဏာအပ်နှင်းကြပါလို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်ရှင့်။

# ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်နှင့် ဗဟိုအမျိုးသမီးတာဝန်ခံ ဒေါ် MD ခေါ်ညွယ်က ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



**ချစ်ခင်လေးစားအပ်ပါသော ကချင်ပြည်နယ်သူ ပြည်နယ်သား အပေါင်းနှင့် မြန်မာနိုင်ငံသူ နိုင်ငံသား အပေါင်းတို့ရှင့်-**

မင်္ဂလာအပေါင်း ခညောင်းပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက် (KNCD) ပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်နှင့် ဗဟိုအမျိုးသမီးတာဝန်ခံ ဒေါ် MD ခေါ်ညွယ်ဖြစ်ပါတယ်။

ကျွန်မတို့ ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက် (KNCD) ပါတီ၏ အမှတ်တံဆိပ်၊ အလံ (Logo) ကို ရှေးဦးစွာ မိတ်ဆက်ပေးချင်ပါတယ်။ ကျွန်မတို့၏အလံမှာ ၁၉၄၉ ခုနှစ်မှ လက်ဆင့်ကမ်းအသုံးပြုလာသော ပါတီ၏ မူပိုင်အလံဖြစ်ပါသည်။ အောက်ခံအရောင် အစိမ်းရောင်သည် စိမ်းလန်းစိုပြည်ခြင်း၊ အေးမြခြင်း၊ သာယာဝပြောခြင်းနှင့် ယဉ်ကျေးသိမ်မွေ့ခြင်းကို ဖော်ဆောင်ပြီး အနီရောင်သည် ရဲရင့်ခြင်း၊ ပြတ်သားခြင်းကို ဖော်ဆောင်ပါသည်။ အဖြူရောင်သည် ဖြူစင်သန့်ရှင်းခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ပွင့်လင်းမှုရှိခြင်းကို ဖော်ဆောင်ပါသည်။ ဓားနှစ်လက်သည် ရှေးပဝေသဏီအချိန်မှစ၍ ဘိုးဘေးဘီဘင်များသည် မိမိတို့နယ်မြေအား ဓားလက်နက်ဖြင့် ကာကွယ်စောင့်ရှောက်ခြင်း၊ မိမိ၏ရန်သူအား ခုခံကာကွယ်တိုက်ခိုက်ခြင်းနှင့် တောတောင်ခုတ်ထွင်ရှင်းလင်း အသက်မွေးဝမ်းကျောင်းပြုလာခြင်းနှင့် ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာ၌ အသုံးပြုခြင်းကို ဖော်ဆောင်ထားပါသည်။

ဓားနှစ်လက်အမြောက်၏ လက္ခဏာမှာ စည်းလုံးညီညွတ်ခြင်း၊ ခိုင်မြဲစေခြင်း၊ ကျားကန်ဖေးမကူညီခြင်းနှင့် တိုးတက်ကြီးပွားခြင်း အဓိပ္ပာယ်ကို ဆောင်ပါသည်။ ကြယ်ဖြူတစ်လုံးမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်နှင့် ပြည်ထောင်စုကြီးပေါ်ပေါက်လာရန်အတွက် ပင်လုံ၌ ကချင်တိုင်းရင်းသားလူမျိုးတစ်မျိုးကိုယ်စားအဖြစ်ပါဝင်ပြီး လက်မှတ်ရေးထိုးထားပါကြောင်း ရည်ညွှန်းဖော်ပြထားတာဖြစ်ပါတယ်။

ကျွန်မတို့ ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက် (Kachin National Congress For Democracy -KNCD) ရဲ့ နောက်ခံသမိုင်းကြောင်း အနည်းငယ်ကိုတင်ပြသွားချင်ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးအကြိုခေတ် အမျိုးသားနိုင်ငံရေးအမြော်အမြင်ရှိကြသော လူငယ်ခေါင်းဆောင်များဖြစ်ကြသည့် ဒူဝါဇော်လွန်၊ ဒူဝါ၀ ဘော်ဇော်ရစ်၊ ဒူဝါဇန်ထဆင်၊ ဒူဝါကြီးထိန်နန်၊ ဒူဝါရှောင်ဂျုံး၊ ဒူဝါလဘန်ဂရောင်၊ ဆရာဂွန်ဂမ်၊ ဦးလှကြိုင်၊ ဦးထွန်းတင်နှင့် ဒူဝါဒိန်ရတန်တို့က ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် Kachin National Congress(KNC)ပါတီအဖြစ် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ KNC ပါတီသည် ပင်လုံကတိကဝတ်ကိုအခြေခံသော ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေး၊ အမျိုးသားတန်းတူရေး၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အတူတိုးတက်ရေးဆိုတဲ့မူကို လက်ကိုင်ထားသော ပါတီဖြစ်သည့်အတွက် မြန်မာ့ပါလီမန် ဒီမိုကရေစီခေတ်ရွေးကောက်ပွဲများဖြစ်သော ၁၉၅၂ ခုနှစ် ပါလီမန်ရွေးကောက်ပွဲတွင် ပထမအကြိမ်အနိုင်ရကာ ဒူဝါဇော်လွန် ဦးဆောင်သော ပထမဆုံး ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းအုပ်ချုပ်နိုင်ခဲ့ပြီး ၁၉၅၇ ခုနှစ် ပါလီမန်ရွေးကောက်ပွဲတွင်လည်း ထပ်မံအနိုင်ရကာ ဒူဝါဇန်ထဆင်ဦးဆောင်သော ကချင်ပြည်နယ်အစိုးရတို့က ဦးဆောင်အုပ်ချုပ်နိုင်ခဲ့သည်။ ထိုခေတ် မိမိတို့ပါတီမှ ဦးဆောင်အုပ်ချုပ်ခဲ့သော ပါလီမန်ဒီမိုကရေစီခေတ် အစိုးရလက်ထက်၌ ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် အဖွံ့ဖြိုးဆုံးနှင့် အတိုးတက်ဆုံးဖြစ်ခဲ့သည်မှာ သမိုင်းသက်သေပင်ဖြစ်သည်။

၁၉၉၀ ရွေးကောက်ပွဲတွင် ပြည်သူလူထုက ဒီမိုကရေစီတောင်းဆိုလာမှုကြောင့် လူထုအသံနှင့် ဆန္ဒအမှန်ကိုလိုက်၍ KNC နောက်တွင် Democracy ဟူသော စာလုံးကို ဖြည့်စွက်ပြီး Kachin National Congress For Democracy(KNCD) ပါတီအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကချင်ပြည်နယ်၌ ဒုတိယအများဆုံး အနိုင်ရပါတီလည်းဖြစ်ခဲ့ပါတယ်။

၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရတိုင်းရင်းသားပါတီများဖြင့် ဖွဲ့စည်းထားသော စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့(UNA) အဖွဲ့ဝင်ပါတီဖြစ်ပြီး လက်ရှိ (UNA) သဘာပတိအဖြစ် ရပ်တည်နေသော ပါတီလည်းဖြစ်ပါတယ်။ ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက်(KNCD) ပါတီသည် ကချင်ပြည်နယ်နှင့် ကချင်ပြည်နယ် လူထုကိုဗဟိုပြုပြီး လူထုကို မျက်နှာမူသော ပါတီဖြစ်သည့်အတွက် လူထု၏ဝန်းရံပံ့ပိုးမှုများကိုလည်း ရရှိနေသော ပါတီလည်းဖြစ်ပါတယ်။ ထို့အတွက် ကချင်အမျိုးသားများနှင့် ကချင်ပြည်နယ်သူ ပြည်နယ်သား ပြည်သူလူထုကိုလည်း မိမိတို့ KNCD ပါတီမှ အထူးပင် ကျေးဇူးတင်မိပါကြောင်း ပြောကြားလိုပါတယ်။ ပြည်တွင်း၊ ပြည်ပထောက်ခံမှု၊ NGO၊ INGO တို့နှင့် သံခင်းသံတမန်ခင်း နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ခံမှုရရှိနေသည့်အတွက် ကချင်ပြည်နယ်ကိုယ်စား(သို့)ပါတီကိုယ်စားအဖြစ် ရန်ကုန်နိုင်ငံရေးလောကတွင် ဌာနေကိုယ်စားလှယ်ထားရှိပြီး ပြည်တွင်း၊ ပြည်ပ ဆက်ဆံမှုပြုနေသောပါတီဖြစ်ပါသည်။ ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက် (KNCD)ပါတီသည် ဝါရင့်နိုင်ငံရေးသမားများကဦးဆောင်ပြီး ပြန်တမ်းဝင်အရာရှိများ၊ အငြိမ်းစားဝန်ထမ်းကောင်းများကပါဝင်စီမံခန့်ခွဲပြီး ပညာတတ်လူငယ်များအား ခြံရံကာ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမခွဲခြားဘဲ ပြည်သူတစ်ရပ်လုံးက အားပေးဝိုင်းရံထားသဖြင့် ပါတီဝင်များ အားလုံးအတွက်ပါ ပါတီအာမခံချက်ရှိပါတယ်။ ၂၀၁၃ ခုနှစ်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်အမှတ် (၆၈)ဖြင့် တရားဝင်ပြန်လည်မှတ်ပုံတင်ခဲ့ကာ လက်ရှိမြန်မာ့နိုင်ငံရေး အခင်းအကျင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ကချင်ပြည်နယ်ရှိ မြို့နယ် ၁၃ မြို့နယ်၌ ရွေးကောက်ခံယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းပေါင်း ၃၇ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၅ ရွေးကောက်ပွဲကြီးသည် လွတ်လပ်ပြီး စစ်မှန်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်လာစေရန် အထူးပဲမျှော်လင့်ပါတယ်။

**ပါတီ၏ ပန်းတိုင်မှာ-**

ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံဖြစ်ပေါ်လာရေးသည် ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။

**ရည်ရွယ်ချက်**

(၁) စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု စံစနစ်တစ်ရပ်တည်ထောင်နိုင်ရန်၊
(၂) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြုပြင်ပြောင်းလဲရန်၊
(၃) ခိုင်မာပြီး တရားမျှတသော ပြည်တွင်းငြိမ်းချမ်းရေး ရရှိလာစေရန်၊
(၄) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများအား ခိုင်မာအားကောင်းလာအောင် ဖော်ဆောင်သွားရန်၊
(၅) ပြည်နယ်သူ ပြည်နယ်သားအားလုံးသည် ခေတ်ကာလနှင့်လျော်ညီသော သာယာဝပြောသည့် လူနေမှုစနစ် ဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာစေရန်နှင့် ဆင်းရဲမွဲတေမှုအား လျှော့ချသွားနိုင်စေရန်၊
(၆) မိမိတို့၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုနှင့် စာပေ၊ ဓလေ့ထုံးတမ်းအစဉ်အလာနှင့် ဘာသာစကားအား အမျိုးဂုဏ်အမွေအနှစ်အဖြစ် လေးစားတန်ဖိုးထား ကာကွယ်စောင့်ရှောက်တတ်လာစေရန်၊
(၇) နိုင်ငံရေးလှုပ်ရှားမှု အခန်းကဏ္ဍတိုင်းတွင် အမျိုးသမီးအရင်းအမြစ်များစွာ ပါဝင်လာနိုင်သော လူ့ဘောင်သစ်ဝန်းကျင်တစ်ရပ်ပေါ်ပေါက်လာစေရန်၊
(၈) လူငယ်၊ လူရွယ်များ၏ စွမ်းရည်အရင်းအမြစ်များအား စနစ်တကျမြှင့်တင်ပေးနိုင်ရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အား အမျိုးသားတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်သွားရန်၊
(၉) တပ်မတော်ကာကွယ်ရေးနှင့် ဌာနဆိုင်ရာအသီးသီး၌ အဆင့်မြင့်အကြီးအကဲ ရာထူးများတွင် တိုင်းရင်းသားများအား တန်းတူအခွင့်အရေးတစ်ရပ်အဖြစ် မျှတစွာ တာဝန်ပေးခန့်အပ်သွားနိုင်ရန်၊
(၁၀) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်သူအားလုံးသည် မိမိလုပ်ကိုင်နေသော မြေပေါ်၌ လုံခြုံစိတ်ချစွာနှင့် လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်သွားနိုင်စေရန်။




**ပါတီ၏အခြေခံ မူဝါဒလမ်းစဉ်များမှာ-**

(၁) ပင်လုံ ကတိကဝတ်နှင့် ပင်လုံစာချုပ် အပေါ် အခြေခံသည်။
(၂) ကချင်တိုင်းရင်းသားနှင့် ကချင်ပြည်နယ်သူ ပြည်နယ်သား ပြည်သူလူထုအား အခြေခံသည်။
(၃) ကိုယ့်ကြမ္မာ ကိုယ်တိုင်ဖန်တီးပြီး ကိုယ်ပိုင်ပြဋ္ဌာန်း စီမံအုပ်ချုပ်ခွင့်ရှိသော ဖက်ဒရယ်စနစ်ကို အခြေခံသည်။
(၄) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို အခြေခံသည်။
(၅) လူမျိုးမရွေး၊ ဘာသာမရွေး ဆင်းရဲချမ်းသာမခွဲခြားဘဲ တန်းတူညီမျှမှုနှင့် အတူတကွ သာယာဝပြောစွာ နေထိုင်နိုင်ရေးကို အခြေခံသည်။
(၆) အနာဂတ်နိုင်ငံရေးနှင့် အုပ်ချုပ်မှုအခန်းကဏ္ဍတိုင်းတွင် တိုင်းရင်းသားအားလုံး တန်းတူပါဝင်နိုင်မှုအပေါ် အခြေခံသည်။

**ရှေ့လုပ်ငန်းစဉ်များ**

(၁) အခြေခံလူထု၏ လက်ရှိအဓိကလိုအပ်ချက်ဖြစ်သော စားဝတ်နေရေးကို လူမှုအဖွဲ့အစည်းများ၊ NGO, INGO များနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ အမြန်ဆုံးစနစ်တကျ ပြန်လည်ဖြေရှင်းသွားပါမည်။
(၂) မြို့ပြ/ကျေးလက်မကျန် လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေချောမွေ့စေရန် အစွမ်းကုန်ကြိုးစား လုပ်ဆောင်ပေးသွားပါမည်။
(၃) လူတန်းစားအားလုံး လူ့သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် ခေတ်မီစနစ်ကျသော ကျန်းမာရေးစောင့်ရှောက်မှုအား အထူးအရေးပေးလုပ်ဆောင်သွားပါမည်။
(၄) တိုင်းရင်းသားများသည် မိမိမိခင်ဘာသာစကားဖြင့် ပညာသင်ကြားနိုင်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ခေတ်မီပညာရေးစနစ်ဖော်ဆောင်နိုင်ရန် အစွမ်းကုန်ကြိုးစားသွားပါမည်။
(၅) ဒေသတွင်းထွက်ကုန်များကို စနစ်တကျလွတ်လပ်စွာရောင်းဝယ်ဖောက်ကားနိုင်သော ဒေသတွင်းစီးပွားရေးဈေးကွက်ကို အထူးအရေးပေးဖော်ဆောင်သွားပါမည်။
(၆) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ၏ဆန္ဒနှင့်အညီ ပြည်သူ့ကိုယ်စား အားတက်သရော ပါဝင်ဆောင်ရွက်သွားပါမည်။
(၇) စစ်ဘေးရှောင်ပြည်သူများသည် မိမိတို့နေရပ်များသို့ ပြန်လည်အခြေချနေထိုင်သည့်အခါ ဘဝလုံခြုံမှုရှိစေရန်၊ ထိုက်သင့်လျောက်ပတ်သော အကူအညီများကို အပြည့်အဝရရှိစေရန်နှင့် မိသားစုလူနေမှုဘဝများ ပြန်လည်မြင့်တက်လာအောင် အထူးအရေးပေးဆောင်ရွက်သွားပါမည်။
(၈) ဒေသတွင်းထွက်သယံဇာတများ တူးဖော်ထုတ်လုပ်မှုများကို စနစ်တကျစီမံကြီးကြပ်၍ ဒေသတွင်း ပြည်သူများ အကျိုးခံစားခွင့်များရှိလာအောင် ကြိုးစားဆောင်ရွက်သွားပါမည်။
(၉) အရွယ်မရောက်သေးသော ကလေးငယ်များအား ကလေးအခွင့်အရေး အပြည့်အဝရရှိစေရန် ကြီးကြပ်ဆောင်ရွက်သွားပါမည်။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်စေရန်အလို့ငှာ တိုင်းရင်းသားများအားလုံးသည် ပင်လုံကတိကဝတ်ကိုအခြေခံသည့် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးကို ဦးတည်ပြီး "ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်ကို ထူထောင်ဖို့ . . . KNCD ကို မဲပေးစို့" ဟူသော KNCD ၏ ရွေးကောက်ပွဲဆောင်ပုဒ်နှင့်အညီ ကချင်ပြည်နယ်သူ ပြည်နယ်သားအားလုံးက မဲထည့်ပါဝင်သွားကြပါစို့ဟု ဖိတ်ခေါ်နှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်။

မြန်မာနိုင်ငံသူ နိုင်ငံသား၊ ကချင်ပြည်နယ်သူ ပြည်နယ်သားအပေါင်း ဘေးဘယာဝေးကွာပြီး ကျန်းမာချမ်းသာကြပါစေ။

# လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) နာယက ဦးလီပေါ်ရဲ့က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



မဲဆန္ဒရှင်ပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ခြင်းနှင့် ပြည့်ဝကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျွန်တော်ကတော့ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ နာယက၊ ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးလီပေါ်ရဲ့ ဖြစ်ပါသည်။ ကျွန်တော်တို့ပါတီ၏ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုမတင်ပြမီ လီဆူအမျိုးသားတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ အလံနှင့် တံဆိပ်ကို အနည်းငယ်ရှင်းပြလိုပါသည်။ ကျွန်တော်တို့ပါတီ၏ အလံနှင့် တံဆိပ်(လိုဂို)တို့ကို တစ်မျိုးတည်းသာ သုံးစွဲထားပါသည်။ အလံ၏အောက်ခံ အနီရောင်ပေါ်မှာ ကြယ်ဖြူတစ်လုံးနှင့် ဒူးလေးပုံဖြစ်ပါသည်။ အောက်ခံ အနီရောင်၏ အဓိပ္ပာယ်သည် ရဲရင့်ခြင်း၊ ပြတ်သားခြင်း၊ သတ္တိရှိခြင်း၊ နိုးကြားခြင်းတို့ကို ပုံဆောင်ပါသည်။ အဖြူရောင်သည် ရိုးသားဖြူစင်ခြင်း၊ ငြိမ်းချမ်းခြင်းတို့ကို အဓိပ္ပာယ်ဖော်ဆောင်ထားပါသည်။ လက်ဝဲဘက်ထောင့်ရှိ ကြယ်ဖြူတစ်လုံး၏သဘောမှာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး တစည်းတလုံးတည်းရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်ခြင်း၊ ဂုဏ်ထူးဝိသေသဖြင့် ကိုယ်ပိုင်အလင်းရောင်ရှိသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ရည်ညွှန်းပါသည်။ ကြယ်ဖြူဘက်သို့ ဦးတည်နေသောအဖြူရောင်ဒူးလေးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးဆီသို့ လီဆူတစ်မျိုးသားလုံး ပါဝင်ချီတက်နေကြောင်းကို ပုံဆောင်ထားခြင်းဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် မိမိတို့ ဒူးလေးပါတီသည် ခေတ်မီ၍ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ရိုးသားဖြူစင်စွာဖြင့် အစဉ်အမြဲ အတူတကွပါဝင်ချီတက်မည့်ပါတီဖြစ်ပါသည်။

ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များမှာ နိုင်ငံတော်အတွင်း၌ သူတစ်ပါးအားထိခိုက်နစ်နာဆုံးရှုံးမှုမဖြစ်စေဘဲ လွတ်လပ်စွာပြုမူနေထိုင်ခြင်း၊ ဖွင့်ဟဖော်ထုတ်ပြောဆိုရေးသားခြင်း၊ ကြံစည်တွေးတောခြင်း၊ သက်ဝင်ယုံကြည်ခြင်း၊ လွတ်လပ်စွာတီထွင်ဖန်တီးခြင်းစသည်တို့ကို ကျင့်သုံးခြင်းအားဖြင့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးတည်ဆောက်သွားရန်ဖြစ်သည်။

နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ရာမှာ နိုင်ငံသား၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အကျိုးကိုမထိခိုက်စေဘဲ အခွင့်အရေးများအပြည့်အဝရရှိအောင် ဆောင်ရွက်သွားပါမည်။ ဒေသနှင့်ကိုက်ညီသော အသေးစားစက်မှုလုပ်ငန်း၊ အလတ်စားစက်မှုလုပ်ငန်းများကို အားပေးကူညီ၍ တိုးပွားတည်ထောင်လာအောင် တိုက်တွန်းဆောင်ရွက်သွားပါမည်။

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတကာပညာရေးအဆင့်မီ၍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးမြှင့်တင်သွားပါမည်။ မူလတန်း၊ အလယ်တန်းအဆင့် မသင်မနေရ အခမဲ့ပညာရေးစနစ်ဖြစ်ပေါ်လာအောင် တိုက်တွန်းသွားပါမည်။ အဆင့်မြင့်ပညာရေးကဏ္ဍမှာ အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ နည်းပညာရပ်များကို ပိုမိုသင်ကြားတတ်မြောက်မှ နိုင်ငံတော်ကြီး တိုးတက်မည်ဖြစ်၍ အားပေးတိုက်တွန်းသွားမည် ဖြစ်ပါသည်။

မြို့ပြနှင့်ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက်မရှိအောင် တိုက်တွန်းဆောင်ရွက်သွားပါမည်။ အခြားဘာသာ သာသနာကို ထိခိုက်နစ်နာမှုမရှိစေဘဲ အခြေခံနေဒေသနှင့်အညီ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိအောင် တိုက်တွန်းဖော်ဆောင်သွားပါမည်။ အခမဲ့ လုပ်အားပေးခိုင်းစေခြင်းသည် မိဘပြည်သူများဆင်းရဲခြင်း၊ လူ့အခွင့်အရေးဆုံးရှုံးရခြင်း၏ အကြောင်းအရင်းတစ်ရပ်ဖြစ်၍ ဆန့်ကျင်သွားပါမည်။

နိုင်ငံတစ်ခုလုံး၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်နိုင်ရန် အဓိကလိုအပ်သော လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်အောင် ဦးစားပေးဆောင်ရွက်သွားပါမည်။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် နိုင်ငံတကာသို့ လေ့လာသူစေလွှတ်၍ အရည်အသွေးမီ၊ စံချိန်စံညွှန်းမီ၊ လမ်းများ၊ တံတားများတည်ဆောက်နိုင်ရန် ဆောင်ရွက်သွားပါမည်။ ဆက်သွယ်ရေးကဏ္ဍတွင်လည်း အဆင့်မြင့်နည်းပညာဖြင့် ပညာရှင်များအသုံးပြုရန်၊ ပြည်သူလူထုကို ဝန်ဆောင်မှုကောင်းများပေးသွားရန် တိုက်တွန်းသွားပါမည်။

ကျေးရွာချင်းဆက်လမ်း၊ တံတားများ၊ ကျေးလက်နှင့်မြို့ပြ ဆက်သွယ်သောလမ်း၊ တံတားများကို အဓိကထားလုပ်ဆောင်နိုင်မှ ကျေးလက်နေပြည်သူ ၇၀ရာခိုင်နှုန်းသည် အလုပ်အကိုင်ရရှိမည်ဖြစ်ပြီး လူမှုဘဝနှင့် စီးပွားတိုးတက်နိုင်မည်ဖြစ်၍ ဆင်းရဲချမ်းသာကွာဟမှု ကျဉ်းမြောင်းသွားမည်ဖြစ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး ဓနအင်အား ကြွယ်ဝချမ်းသာနိုင်ရန် အဓိကအတားအဆီးဖြစ်သည့် အဂတိလိုက်စားမှုနှင့် အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်ရန်လိုကြောင်း ခံယူထားပါသည်။

နိုင်ငံသားများ၊ တိုင်းရင်းသားများအားလုံး အခြေခံရပိုင်ခွင့်နှင့် လူ့အခွင့်အရေးများကို ပြည့်ပြည့်ဝဝရရှိရေး၊ တောင်တန်းမြေပြန့်မခွဲခြားဘဲ နိုင်ငံသားများ၊ တိုင်းရင်းသားများအတွင်း တန်းတူညီမျှအခွင့်အရေး ရရှိမှသာလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

ကျွန်တော်တို့ပါတီအနေဖြင့် ပြည်သူများ၏လိုအင်ဆန္ဒ၊ မျှော်လင့်ချက်ကောင်းများကို ဆောင်ကြဉ်းမည့်ပါတီဖြစ်ပါသည်။ ကျွန်တော်တို့ပါတီသည် သက်တမ်းနုနယ်သေးပေမယ့် နိုင်ငံရေးအတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ပါတီဖြစ်သလို ပြည်သူ့အရေးကို အဓိကဦးထိပ်ထားဆောင်ရွက်မည်ဆိုသည့် ခံယူချက်တူညီသူများဖြင့် ဖွဲ့စည်းခဲ့သည့် အမျိုးသားနိုင်ငံရေးပါတီဖြစ်ပါသည်။



လာမည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ ပထမဦးဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သော်လည်း ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြည်သူချစ်သော ပြည်သူ့ပါတီဖြစ်လာမည်ဟု ယုံကြည်ရင်း ကြိုးပမ်းနေသော ပါတီဖြစ်ပါသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)သည် ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တွင် ကိုယ်စားလှယ်လောင်းပေါင်း ၂၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံလျက်ရှိပါကြောင်း မဲဆန္ဒရှင်ပြည်သူများအား သတင်းပါးလိုပါသည်။

ကျွန်တော်တို့ နိုင်ငံသည် တိုင်းရင်းသား ၁၃၅ မျိုးနှင့် ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်သလို တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ၊ ညီရင်းအစ်ကို စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အမြဲတစေရှိနေစေဖို့ တန်းတူညီမျှစိတ်ဓာတ်နှင့် အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ယုံကြည်ချက်ချထားသော ပါတီဖြစ်ပါသည်။

၂၀၁၅အထွေထွေရွေးကောက်ပွဲမှာ ကိုယ်စားလှယ်လောင်း ၂၇ နေရာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ ပြည်သူများ၏ ထောက်ခံမှုကြောင့် လွှတ်တော်အသီးသီးသို့ ရောက်ခဲ့လျှင် လွှတ်တော်ပြင်ပရော လွှတ်တော်အတွင်းကပါ ပြည်သူအကျိုးကို ဦးထိပ်ပန်ဆင်ကြိုးပမ်းသွားမည်ဟု ကတိပြုပါသည်။ မိမိတို့ ဒူးလေးပါတီသည် လီဆူလူမျိုးများကို အခြေခံပြီး မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုအားလုံး၏ အကျိုးကို ထာဝစဉ်ရှေးရှုကြိုးပမ်းသွားမည်ဖြစ်သလို မဲဆန္ဒရှင်ပြည်သူများ အနေဖြင့်လည်း ကျွန်တော်တို့ပါတီကို ထောက်ခံဆန္ဒမဲပေးကြမည်ဟု မျှော်လင့်ပါသည်။ ပြည်သူချစ်သည့်ပါတီ၊ ပြည်သူအကျိုးဆောင်ရွက်မည့် ပါတီအဖြစ်သို့ ရောက်ရှိအောင် ကြိုးပမ်းသည့်နေရာမှ အစဉ်အမြဲအားပေး ထောက်ခံပေးပါဟု မေတ္တာရပ်ခံလိုပါသည်။

ပြည်သူ့အကျိုးဆောင်ရွက်ဖို့ ဒူးလေးပါတီကို မဲပေးကြပါစို့. . .။

ဤဆောင်ပုဒ်ဖြင့် နိဂုံးချုပ်အပ်ပါသည်။

## လွှတ်တော်ကိုယ်စားလှယ်များ၊ CSO များ၊ မီဒီယာများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ တွေ့ဆုံဆွေးနွေး

**ရေး စက်တင်ဘာ ၂၇**

လာမည့် ရွေးကောက်ပွဲတွင် ကြိုတင်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ၊ မဲဆွယ်စည်းရုံးရေးကိစ္စရပ်များအတွက် ရေးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့်နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ CSOများ၊ မီဒီယာများ တွေ့ဆုံပွဲကို စက်တင်ဘာ ၂၆ ရက် မွန်းလွဲ၁နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

တွေ့ဆုံရာတွင် လွတ်လပ်ပြီး တရားမျှတသော၊ ပွင့်လင်းမြင်သာရှိသော၊ အောင်မြင်သော ရွေးကောက်ပွဲတစ်ခု ဖြစ်လာစေရန်နှင့် ဝင်ရောက်ယှဉ်ပြိုင် ရွေးချယ်ခံမည့် လွှတ်တော် ကိုယ်စားလှယ်လောင်းအနေဖြင့်လည်း လိုက်နာရမည့်ကျင့်ဝတ်ပိုင်း နည်းဥပဒေများနှင့်အညီ မဲဆွယ်စည်းရုံးဟောပြောသည့် ကာလအတွင်း ဆောင်ရွက်သွားကြရန် နှင့် ရွေးကောက်ပွဲကာလတွင်လည်း နိုင်ငံတကာနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက စောင့်ကြည့်လေ့လာသွားကြမည်ဖြစ်ပြီး မဲဆန္ဒရှင်စာရင်းများနှင့်လည်း သိသင့်သိထိုက်သည့် နည်းဥပဒေအကြောင်းအရာများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညွန့်အောင်က ပြောကြားခဲ့သည်။

ဆက်လက်ပြီး နိုင်ငံရေးပါတီဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ လိုက်နာရမည့်ကျင့်ဝတ်ပိုင်းနှင့် ပတ်သက်ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ အဖွဲ့ဝင် ဦးခင်စိုးဦးက ရှင်းလင်းပြောကြားသည်။

တက်ရောက်လာကြသည့်နိုင်ငံရေးပါတီဝင်ကိုယ်စားလှယ်လောင်းများနှင့် တာဝန်ရှိသူများက သိလိုသည်များကိုမေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ ဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးစီမံခန့်ခွဲမှုညှိနှိုင်းရှင်းလင်းခြင်းနှင့် ဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်က စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးကိုယ်စား ဒုဦးစီးမှူး ဦးညီညီထွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင်က ရပ်ကွက် ၁၄ ခု၊ ကျေးရွာလေးရွာရှိ မဲပေးခွင့်ရှိသူဦးရေ တစ်သိန်းတစ်သောင်းကျော်ရှိပြီး မဲရုံပေါင်း ၉၈ ရုံ ထားရှိမည်ဖြစ်ကြောင်းနှင့် မဲစာရင်းပါအချက်များ မှန်ကန်မှုရှိအောင် ကြိုးစားထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးနိုင်က ရွေးကောက်ပွဲလုံခြုံရေးဆောင်ရွက်ထားရှိမှုနှင့် မြို့နယ်အတွင်း ရဲတပ်ဖွဲ့စခန်းနှစ်ခုရှိပြီး ရဲတပ်ဖွဲ့အင်အား ၉၇ ဦး ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ရပ်ကွက်နှင့်ကျေးရွာကော်မရှင်အဖွဲ့ခွဲများက တင်ပြဆွေးနွေးကြသည်။ **ကိုကြီးစိုး(ဆိပ်ကမ်း)**

## ရွေးကောက်ပွဲတွင်ပါဝင်ဖို့ မဲစာရင်းကြည့်ကြစို့



ထိုင်းနိုင်ငံသို့ ခရီးစဉ်များ
ဗီယက်နမ် ခရီးစဉ်
ဗန်ကောက် – ပတ္တရား (၃ ညအိပ် ၄ ရက်) ခရီးစဉ် ( 3 Star )
၅၅၀,၀၀၀ ကျပ်
ထွက်ခွာမည့်ရက် အောက်တိုဘာ (၁၀) ရက်နေ့
ဗန်ကောက် – ပတ္တရား (၄ ညအိပ် ၅ ရက်) ခရီးစဉ် ( 4 Star )
၇၉၀,၀၀၀ ကျပ်
ထွက်ခွာမည့်ရက် အောက်တိုဘာ (၁၀) ရက်နေ့
ဟနွိုင်း – ဟလောင်း (၃ ညအိပ် ၄ ရက်) ခရီးစဉ် ( 3 Star )
၈၈၀,၀၀၀ ကျပ်
ထွက်ခွာမည့်ရက် အောက်တိုဘာ (၉) ရက်နေ့
Cherry Chapter Travel & Tours
Tel: 09 788 800 800, 09 32 322 322
GO GO UP Travels & Tours Company Limited
Tel: 01 523 602, 09 795 289 800
Mai Hsoong Travel Limited
Tel: 01 373 776, 09 421 068 173
Nature Link Travels
Tel: 01 376 977, 09 421 131 979
Ngwe Hnin Phyu San Eain Travels & Tours
Tel: 01 254738, 395177
Orchestra
Tel: 01 200 883, 01 294 612
PSMW Travel & Tours Co.Ltd.
Tel: 09 259 269 501, 09 259 269 503
TRIANGLE 9 Travel & Tours
Tel: 01 860 4081, 09 250 003 282
The world is a book, and those who do not travel read only one page.
- Saint Augustine




THE UNIVERSITY OF NORTHAMPTON
Doctor of Business Administration
DBA
Are You Ready for the Challenges?
Proudly Brought to you by
MIC
Myanmar Imperial College
စီးပွားရေးပညာရပ်၏ အနက်ရှိုင်းအမြင့်မားဆုံး အဆင့်ဖြစ်တဲ့ Doctor of Business Administration Programme ကို မြန်မာနိုင်ငံ အနာဂတ်ခေါင်းဆောင်များအတွက် Myanmar Imperial College မှ ယူဆောင်လာခဲ့ပါပြီ။
DBA Programme ကို အချိန် နှင့် အမျှ အနာဂတ် အတွက် စိစဉ် ပုံဖော် နေသော ခေါင်းဆောင်များအတွက် အထူးရည်ရွယ်၍ အချိန်ပိုင်းစနစ်ဖြင့် Workshop Session များကို University of Northampton မှ PhD.ဘွဲ့ရ Professor များမှ ဦးစီး၍ လမ်းညွှန်ပို့ချသွားမည် ဖြစ်ပါသည်
Top 50 UK Business school
92% overall students satisfaction
Top 10 in UK for Business
The University of Northampton (UK)
MIC U-Wisara Campus 2015
MIC U-Wisara Campus
No.(1), Zay Myauk Street, Phayar kyi Ward, Dagon Township, Yangon
09 73210001
09 421100222

